
www.burmeseclassic.com



# နှစ်ကိုယ်ကြား ဟာသများ — (ဒုတိယတွဲ)

## မောင်ဝေဖြိုး

www.burmeseclassic.com

www.burmeseclassic.com


ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

၂၀၀၀ပြည့်နှစ်

တန်ဖိုး - ၅၀၀ ကျပ်

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၄၀၁/၂၀၀၀(၆) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၃၅၁/၂၀၀၀(၆) |
| စာမူ ပုံနှိပ် | ဦးကျော်စိန် (၀၂၉၀၉) (ကျောက်စိမ်းအော့ဖ်ဆက်) အမှတ် ၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အဖုံး ပုံနှိပ် | ဦးကြည်ထွေး (၀၆၃၆၆) ဝေရက်ရောင်စုံပုံနှိပ်တိုက် အမှတ် ၁၃/ဘီ၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်ရွှေအိမ်(၀၁၂၉၉) တိုင်းလင်းစာပေ အမှတ် - ၃၊ အောင်သိဒ္ဓိလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးဒီဇိုင်း | အော်ပီကျယ် |
| ကွန်ပျူတာစာစီ | သန်းသန်းရီ |

ပြည်လုံးကျွတ်ဖြန့်ချိရေး

ပတ္တမြားငမောက်စာပေ

အမှတ်-၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ဖုန်း Tel: 386483


www.burmeseclassic.com

www.burmeseclassic.com


—။ တစ်ကိုယ်ကြားအမှာ ၇
—။ စာရေးသူ၏အမှာ ၈
၁။ အရက်မူးနေလို့ ၉
၂။ သူမှန်ပုံက ၁၀
၃။ အမိန့်ပေးမှာကို နာခံနေတာ ၁၁
၄။ ဆေးရုံပေါ်မှာ ၁၁
၅။ ဈေးဖိုးတောင်းနည်း ၁၂
၆။ တစ်ယောက်တည်းသာ ၁၃
၇။ ပူပူလေး ၁၅
၈။ ကြေးစည်ရိုက်ပုံ ၁၆
၉။ ခရေမှုတ် ၁၇
၁၀။ သူပြောတာမှန်တယ် ၁၉
၁၁။ ကိုဉာဏ်ကျယ် ၂၀
၁၂။ ကိုချက်ကြီး သရုပ်ဆောင်တာက ၂၁
၁၃။ ဆော်ကာလီဆော်ကာလန် ၂၂
၁၄။ ကျုပ်ရှိတယ် ၂၄
၁၅။ သတင်းပို့ပါ ၂၅
၁၆။ ဟုတ်လိုက်လေကွယ် ၂၆
၁၇။ ရွှေးကြစို့ ၂၇
၁၈။ ပင်စင်ယူသင့်ပြီ ၂၈
၁၉။ မှားတဲ့အခါလဲ မှားပေမပေါ့ ၂၈
၂၀။ ဩော်ယောက်ျား ၂၉
၂၁။ တစ်ဒေါ်လာ ၃၀
၂၂။ ဆုံးမချင်လို့ ၃၁
၂၃။ ဖိုးလိမ်နဲ့ မညာ ၃၂
၂၄။ ငွေ ၃၃
၂၅။ ညုံကြေး ၃၃
၂၆။ လုပ်အားခ ၃၄
၂၇။ ဟုတ်မလိုလို ၃၅
၂၈။ ဥပဒေ ၃၆
၂၉။ မိန်းမပရိယာယ် ၃၇
၃၀။ အပြည့်ဝဆုံးလူဆိုတာ ၃၈
၃၁။ ဖလှယ်လိုက်ပုံက ၃၉
၃၂။ မှားများနေသလား ၃၉
၃၃။ အကျင့်သစ် ၄၁
၃၄။ မယားအဆစ်ထည့်ပေးလိုက်တယ် ၄၁
၃၅။ ကံအဆိုးဆုံးလူ ၄၁
၃၆။ မေတ္တာကို ဒီလိုထားမိ ၄၂
၃၇။ ကောင်းပါ့ ၄၂
၃၈။ စာဖတ်တတ်တော့မှ ၄၃
၃၉။ ညှော်သည် ၄၃
၄၀။ တီတီကျကျ ၄၄
၄၁။ နွားရောင်းပိုင်တဲ့လူ ၄၅
၄၂။ သူခိုးကိုမြင်ပေမယ့် ၄၈
၄၃။ နာမည်တစ်လုံး ၄၉
၄၄။ မစားလောက်ရင် ၅၁
၄၅။ အစိတ်ချ ၅၂
၄၆။ တစ္ဆေကြောက်တဲ့ ဒေါ်ဂျမ်းပုံ ၅၃
၄၇။ ကြည်ပြောပေါ့ ၅၄
၄၈။ ဘယ်မှာစွဲလို့တုန်း ၅၆
၄၉။ ဇော်ကန့်လန့် ၅၇
၅၀။ သိပ်ကံကောင်းတယ် ၆၀
၅၁။ လုပ်လိုက်ပုံက ၆၁
၅၂။ သူ့ကြောင့်ကိုး ၆၂
၅၃။ ဩော်ဒုက္ခ ၆၂
၅၄။ စောင့်ပေဦး ၆၃
၅၅။ သူ့အကြံ ၆၃
၅၆။ ဟုတ်လား ၆၄
၅၇။ စိတ်ကူးယဉ်လိုက်ပုံက ၆၄
၅၈။ မျက်စိအားကောင်း ၆၅
၅၉။ တစ်ဖက်စီ ၆၅
၆၀။ အရှိ ၆၆
၆၁။ အခါမဟုတ် ၆၆
၆၂။ စာအုပ်ဆိုတာ ၆၆
၆၃။ မှတ်ကရော ၆၇
၆၄။ တီထွင်သူကြီး ၆၈
၆၅။ သူငယ်ချင်းမှ မဟုတ်တာ ၆၈
၆၆။ မပါရင်ကောင်းပါလိမ့် ၆၉


www.burmeseclassic.com

www.burmeseclassic.com

၆၇။ ရိုးရိုးမနေသူ ၆၉
၆၈။ စိတ်သာချပါကွာ ၇၀
၆၉။ ဒီလိုကိုး ၇၁
၇၀။ သေချာတယ် ၇၁
၇၁။ အဖေ့စကား ၇၂
၇၂။ ဒါကြောင့်ကိုး ၇၂
၇၃။ အကျင့်ရှိနေလို့ ၇၃
၇၄။ နှစ်သိမ့်စကား ၇၄
၇၅။ သူပြောပုံက
၇၆။ ဒွဲဒိုးပဲဟော့ ၇၆
၇၇။ ချေးသာယို သေးမပေါက်ရ ၇၇
၇၈။ ရှင်ဘုရင်နဲ့ လူမိုက် ၇၈
၇၉။ အကောင်းဆုံးသောဥ ၈၀
၈၀။ ကျွဲနိုင် နွားနိုင် ၈၀
၈၁။ ယုတ္တိရှိတဲ့ ယုံတမ်းစကား ၈၂
၈၂။ ဂဏန်းမသင်ရသေးလို့ပါ ၈၄
၈၃။ အရွယ်မတူပေါင်းမိတော့ ၈၆
၈၄။ အိုဟို ဒီလိုကိုး ၈၇
၈၅။ ဖွင့်ကြည့်မယ် ၈၇
၈၆။ မရှိသေးဘူး ၈၈
၈၇။ တစ်သက်လုံး ၈၉
၈၈။ ကိုယ့်စကားနဲ့ကိုယ် ၈၉
၈၉။ ကိုဖိုးထောင်ရဲ့ အဖေ့စကား ၉၂
၉၀။ စပ်လိုက်ပုံများ ၉၃
၉၁။ အတိုကြိုက်သူ ၉၄
၉၂။ ကိုစံညွှန်းပရိတ်နာမျိုး ၉၅
၉၃။ နို့ချင်းမတူ ၉၇
၉၄။ သူတို့သားစကား ၉၈
၉၅။ တောင်ပေါ်သားနဲ့
မြန်မာစကား ၉၉
၉၆။ သူမိုက်ပုံက တစ်မျိုး ၉၉
၁၀၀။ ပျင်းလို့တဲ့ ၁၀၀
၁၀၁။ တောင်းပါ တောင်းပါပြောရက်နဲ့ ၁၀၂
၁၀၂။ အလျှော့ကောင်းတော့ ၁၀၃
၁၀၃။ ရွှေဘာတ်တော်
စူးလိုက်ပုံက ၁၀၄
၁၀၄။ သူခိုးပြေးတဲ့ ဆေးစာ ၁၀၅
၁၀၅။ အရေးပေါ်ဟင်း ၁၀၆
၁၀၆။ မယုံမရှိနဲ့
ကိုယ်တွေ့မို့ ၁၀၇
၁၀၇။ ပစ်ပါ ပစ်ပါ ၁၀၈
၁၀၈။ အခုလား အမေ ၁၀၉
၁၀၉။ ဦးသူတော်လဲ
ဝင်မပါရဲတော့ပါ ၁၁၁
၁၁၀။ ကျောင်းဆရာပုံ
ဆွဲပြပါ
၁၁၁။ ဘကုန်းရေ“ဘ”၊
လကုန်းရေ“လ”၊“ဘလ”
သရေးချာ“သာ”၊
ဒုတ်ရေးချာ“ဒုတ်”၊
“သာဒုတ်” ၁၁၃
၁၁၂။ ဘုရားကျွန်တော်မျိုး
အံ့ဩသည်မှာ ၁၁၄
၁၁၃။ ပုလေကောင်းလေ ၁၁၆
၁၁၄။ တိုးတိုးလေး
ရောင်းမယ့်တိုက် ၁၁၇
၁၁၅။ အချိန် ၁၁၈
၁၁၆။ ဟုတ်တော့ဟုတ်သား ၁၂၀
၁၁၇။ အချင်းမြုပ်တဲ့အိုး ၁၂၁
၁၁၈။ ကုန်အောင်စားပါ ၁၂၂
၁၁၉။ ရန်ကုန်ကတောင်
လာရတာ ၁၂၄
၁၂၀။ စိတ်အထင်ကြောင့်
မန်ကျည်းပင်ပေါ်
ရောက်ရသူ ၁၂၅
၁၂၁။ လူပိုလူလျှံ ၁၂၇
၁၂၂။ ထပ်အစိတ် ၁၂၈
၁၂၃။ ပြောဦးလေ ၁၂၉
၁၂၄။ သဘောကောင်းတဲ့
ဆရာကြီး ၁၃၁

www.burmeseclassic.com

www.burmeseclassic.com



# တစ်ကိုယ်ကြား အမှာ

ဆရာ မောင်ဝေဖြိုးရဲ့ နှစ်ကိုယ်ကြားဟာသများ(၂) မှာ
အမှာ ရေးပေးဖို့ စဉ်းစားတော့ တစ်ကိုယ်ကြားဟာသတွေ
ခေါင်းထဲမှာ ပေါ်လာတယ်။
အဲဒီ တစ်ကိုယ်ကြားတွေကို ကိုယ်နဲ့ စိတ်တူကိုယ်တူ တွေ့တဲ့အခါမျိုးမှာတော့
နှစ်ကိုယ်ကြား ပြောဖြစ်တယ်။
သုံးကိုယ်ကြားလို့တော့ မဖြစ်ဘူး။
မိမိ တစ်ကိုယ်ရယ်၊ မိတ်ဆွေ တစ်ကိုယ်ရယ်၊
ကျန်တဲ့ တစ်ကိုယ်က သူစိမ်း၊ သူကြားသွားရင် ဟာသ ရသ မဖြစ်ဘဲ
ပေါက်ကရ ရသ ဖြစ်သွားမယ်။
တစ်ကိုယ်ကြားတည်းကျတော့ အထီးကျန်တယ်၊
နှစ်ကိုယ်ကျတော့ အဖော်ရသွားတယ်၊ ရယ်ရတာ အားရှိတာပေါ့။
နှစ်ကိုယ်ကြား ပြောကြရင်း အားမွေးကြစေလိုတယ်။

15.6.1999



www.burmeseclassic.com

www.burmeseclassic.com



# ဒါတလေးတော့ ပြောချင်တယ်

ဘဝဆိုတာ

တိုတိုလေးဖို့

ပျော်ပျော်ကြီး နေသွားလိုသူတွေအတွက်

နှစ်ကိုယ်ကြားပဟာသများကို

ဒုတိယအကြိမ်

စုစည်းပြီး တင်ပြလိုက်ပါတယ်။

အားလုံး ပျော်ရွှင်ချမ်းမြေ့ပါစေ

မောင်ဝေဖြိုး



www.burmeseclassic.com

www.burmeseclassic.com


# အရက်မူးနေလို့

လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ လူနှစ်ယောက် စကားပြောနေတာကို ကြားလိုက်မိပါတယ်။

ပထမတစ်ယောက်က...

"ကျွန်တော် ဒီနေ့ တရားရုံးမှာ တော်တော်လေး ကံခေခဲ့တယ်ဗျ"

နောက်တစ်ယောက်က...

"ဘာဖြစ်လာလို့လဲ ပြောစမ်းပါဦး"လို့

ပြန်မေးလိုက်ပါတယ်။

ဒီအခါမှာ ပထမတစ်ယောက်က...



"ဟာဗျာ...ကျွန်တော်က မိန်းမတစ်ယောက်ကို ဖက်နမ်းလို့ဆိုပြီး၊ ငွေငါးရာ ဒဏ်ရိုက်လိုက်တယ်..."

"ပြစ်မှုကျူးလွန်ရင် ဒဏ်ရိုက်ခံရမှာပဲ၊ ဒါက ဥပဒေအတိုင်းပဲလေ"

"ဟော...အဲဒီမိန်းမကို တရားသူကြီးက မြင်သွားရော ကျွန်တော့်ကို အရက်မူးလို့ဆိုပြီး ဒဏ်ငွေတစ်ထောင် ရိုက်တယ်ဗျ။ အဲဒါ ဘာဖြစ်လို့လဲဆိုတာ ကျွန်တော်တော့ သဘောမပေါက်ဘူး"

"နည်းနည်းလေး ဦးနှောက်သုံးပြီး စဉ်းစားလိုက်ရင် အဖြေထွက်ပါတယ်ဗျာ။ တရားသူကြီးက မိန်းမကို မြင်သွားတော့ တော်တော်အကျည်းတန်တာကို မြင်တွေ့သွားလိမ့်မယ်။ ဒါ့ကြောင့် ဒီလို မိန်းမမျိုးကို အမှုဖြစ်ခံပြီး ဖက်နမ်းတယ်ဆိုတာ ဒီကောင် မူးနေလို့ ဖြစ်ရမယ်လို့ ကောက်ချက်ချလိုက်တာပဲ ဖြစ်လိမ့်မယ်"လို့ ပြောလိုက်ပါတယ်တဲ့။


www.burmeseclassic.com

www.burmeseclassic.com



# သူမှန်ပုံက

တစ်ခါက မျက်စိအထူးကု ဆေးခန်းထဲကို လူတစ်ယောက်ဝင်လာပြီး...

"ဆရာ... ကျွန်တော့်မျက်စိတွေ မှုန်နေလို့ စမ်းသပ်ပေးပါ"

မျက်စိအထူးကု ဆရာဝန်က ဒီလူကို မျက်စိစမ်းသပ်ခန်းထဲကို ခေါ်ဆောင်သွားပါတယ်။ ပြီးတော့ နံရံမှာ ချိတ်ဆွဲထားတဲ့ ကကြီး,ခခွေး အက္ခရာ အကြီး,အသေးတွေကို ခပ်လှမ်းလှမ်းကကြည့်ပြီး ဖတ်ခိုင်းပါတယ်။

မျက်စိမှုန်တယ်လို့ ပြောတဲ့သူက ကကြီး,ခခွေး အက္ခရာတွေကို မမှားမယွင်းအောင် ဖတ်ပြနိုင်ပါတယ်။ နောက်တစ်ခါ ဆရာဝန်က ထိ လက်မှတ် နောက်ကျောဘက်မှာ ပုံနှိပ်ထားတဲ့ ပုံနှိပ်စာလုံး သေးသေးလေးတွေကို ဖတ်ခိုင်းတော့လည်း အမှားအယွင်းမရှိ ဖတ်နိုင်ပါတယ်။

ဒီတော့ မျက်စေ့အထူးကုဆရာဝန်က...



"ခင်ဗျား မျက်စေ့ဟာ အနီးရော အဝေးရော မမှုန်ဘူး။ အားလုံးကောင်းတယ်"

"ကျွန်တော် မျက်စိမှုန်တာ အမှန်ပါပဲဆရာ"

"ခင်ဗျား မျက်စေ့မမှုန်ပါဘူးလို့ ဆိုနေ၊ ကျွန်တော် မျက်စိအထူးကု ဆရာဝန်ပါ"

"ကျွန်တော် အိမ်မှာဆို အိမ်က မိန်းမနဲ့ ခယ်မနဲ့ကို မသဲကွဲဘဲ တစ်ပုံစံတည်း မြင်နေတာဟာ မျက်စိမှုန်လို့ မဟုတ်ဘူးလား"လို့ ပြောလိုက်ပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အမိန့်ပေးမှာကို နားခံနေတာ

တောရွာတစ်ရွာမှာ လူတစ်ယောက်ဟာ မြင်းလှည်းတစ်စီး ငှားပြီး စီးသွားပါတယ်။ မြင်းဟာ လမ်းပေါ်မှာ အရှိန်နဲ့ ပြေးသွားနေရာက မကြာခဏ ရပ်တန့်လို့နေပါတယ်။

ဒီအခါမှာ မြင်းလှည်း ငှားစီးလာသူက–

"ခင်ဗျားမြင်းဟာ ကပ်တတ်သလား"

မြင်းလှည်းမောင်းသူက...

"မကပ်ပါဘူး ဆရာရယ်၊ ကျွန်တော့်မြင်းက သိပ်ကိုလိမ္မာတာ၊ သူ့သခင်က ဘာများ အမိန့်ပေးမှာလဲ စောင့်ပြီး နားခံနေတာပါ"လို့

ပြန်ပြောလိုက်ပါတယ်တဲ့။



## ဆေးရုံပေါ်မှာ

တစ်ခါက ဆေးရုံပေါ်မှာ လူနာအမျိုးသမီးဟာ လည်ပင်းမှာ ခွဲစိပ်ကုသထားရလို့ အစာကို ပါးစပ်က မစားနိုင်ဘူး။ ဒီတော့ ဗိုက်က ဖေါက်ပြီး အစာအိမ်ကို ပိုက်နဲ့ နို့ကိုသွင်းပေးနေရပါတယ်။

ဒီလို ပိုက်နဲ့ နို့ကို သွင်းပေးနေချိန်မှာ လူနာအမျိုးသမီးက အလန့်တကြား...

"ဟာ......"လို့ အော်လိုက်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



လူနာအမျိုးသမီးနားမှာ ဝိုင်းရံနေတဲ့ ဆရာဝန်နဲ့ သူနာပြုဆရာမတွေက ထိတ်ထိတ်ပြာပြာ ဖြစ်သွားပြီး–

"ဟင်... ဘာဖြစ်လို့လဲ၊ နို့က မအေးသေးဘဲ၊ ပူနေလို့လား"လို့ မေးလိုက်ကြပါတယ်။

ဒီတော့ လူနာအမျိုးသမီးက–

"မဟုတ်ဘူး... သကြားမပါလို့"လို့

ပြန်ပြောလိုက်ပါတယ်တဲ့။

## ဈေးဖိုးပေါင်းနည်း

ရွာတစ်ရွာတွင် "မခက်"ဆိုသော မိန်းမတစ်ယောက် ရှိပါတယ်။ မခက်ဆိုတဲ့ နာမည်နဲ့ လိုက်ဖက်အောင်ကို လက်ခက်သူ၊ လက်ပေါက်ကပ်သူ ဖြစ်ပါတယ်။ ဈေးမှ အကြွေးဝယ်တဲ့နေရာမှာ ရဲတင်းသူဖြစ်ပါတယ်။ နှုတ်က ချိုသာသလောက် စကားလည်း အလွန့်ကို တတ်ပါတယ်။

ဈေးဖိုး အကြွေးတောင်းလာရင် မနက်ဖြန်က၊ သန်ဘက်ခါ နေ့ရက် လွှဲပြောင်းပြီး ပြောလွှတ်တတ်ပါတယ်။ တစ်ကြိမ်တစ်ခါ တောင်းရုံနဲ့တော့ ဘယ်တော့မှ ဈေးဖိုးမရတတ်ပါ။



မခက်ကို အမဲသား အကြွေး ရောင်းမိသူ ကိုကောင်းမြင့်ဟာ မခက်ဆီမှာ ရစရာရှိတဲ့ အကြွေးသွားတောင်းတာ (၅)ကြိမ်၊ (၅)ခါလောက် မခက် လိမ်ပြောခံခဲ့ရပါတယ်။ ယောကျ်ားနဲ့ မိန်းမဖြစ်နေပြီး ရန်လုပ်ပြီး တောင်းရမှာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အခက်၊ ချော့ချော့မော့မော့ တောင်းဖို့ကလည်း မဖြစ်နိုင်၊ **မခက်**က စကားအလွန်တတ်တာကြောင့် ပြန်ပြောလွှတ်လိုက်မှာ သေချာပါတယ်။

ဒါကြောင့် အမဲသားအကြွေးရောင်းမိတဲ့ ကိုကောင်းမြင့်ဟာ **မခက်ရဲ့** (၅)ကြိမ်မြောက် အလိမ်ခံရပြီး၊ (၆)ကြိမ်မြောက်တဲ့နေ့မှာ တစ်ညလုံး မအိပ်မနေ အမဲသားဖိုး အကြွေးရရှိဖို့ အကြံထုတ်ပါတယ်။ မနက်လင်းတဲ့ အခါမှာ မခက်ရဲ့ အိမ်ရှေ့မန်ကျည်းပင် အောက်ကနေ ကိုကောင်းမြင့်ဟာ (၇)အိမ်ကြား အော်ကြီးဟစ်ကျယ်နဲ့......

"ကဲ... မခက်ရေ၊ ဒီနေ့တော့ ဟင်းဖိုးအကြွေး ပေးမလား၊ မပေးဘူးလား၊ တစ်ခွန်းတည်းသာ ပြောလိုက်ပေတော့။ ဒီနေ့မှ ဟင်းဖိုး အကြွေးမပေးရင်တော့ မြင်ရဲ့လား၊ ဒီမှာ နွားချည်ကြိုး၊ ဒီမှာ ကြိုးကွင်း ကျုပ်ရဲ့ လည်ပင်းမှာ စွပ်ပြီးတော့ ဟောဒီ ခင်ဗျား အိမ်ရှေ့က မန်ကျည်းပင်မှာ ကြိုးဆွဲချ သေလိုက်တော့မယ်။ ဘယ်ဘုန်းကြီးနဲ့မှ ချွတ်လို့ မကျွတ်တော့ဘူး" လို့

ပြောလိုက်ပါတယ်။ ဒီအခါမှ **မခက်**ဟာ တောင်းတောင်းပန်ပန်နဲ့ သူယူထားတဲ့ ကိုကောင်းမြင့်ဆီက အမဲသား တစ်ပိဿာအကြွေးကို ပေးလိုက်ပါတယ်တဲ့။

# တစ်ယောက်တည်းသာ

ရွာတစ်ရွာတွင် **"ဦးသိ"**ဆိုတဲ့ သူတစ်ယောက်ရှိပါတယ်။ **ဦးသိဟာ** ဘုန်းကြီးကျောင်းထွက်ဖြစ်လို့ စာပေအတော်အသင့် တတ်ပါတယ်။ ရပ်မှုရွာမှုမှာလည်း ပါဝင်ဆောင်ရွက် လုပ်ကိုင်သူ ဖြစ်ပါတယ်။ **ရွာမှာ ဦးသိ** ကိုမီအောင် စကားပြောနိုင်တဲ့သူ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဦးသိရဲ့ ချို့ယွင်းချက်မှာ သူ့ဇနီးမယားကို အလွန်ကြောက်ရသူ ဖြစ်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် ဇနီးမယားက ဆူပူကြိမ်းမောင်းရင် ကာကွယ်ပြောဆိုဖို့ အသင့်ပြင်ထားလေ့ ရှိပါတယ်။

တစ်နေ့မှာ ရွာဘုန်းကြီးကျောင်းအလှူက ဖိတ်ကြားလို့ ဦးသိ သွားပါတယ်။ ရွာလုံးကျွတ် ဖိတ်ကြားကျွေးမွေးခြင်းဖြစ်လို့ အလွန်ကို စည်ကားလှပါတယ်။ ကံဆိုးချင်တော့ ဦးသိရဲ့ ဖိနပ်ဟာ အလှူမှာ ပျောက်ဆုံးသွားပါတယ်။



အိမ်ကိုအပြန် မျက်နှာပန်း မလှတဲ့ ဦးသိဟာ၊ သူ့ဇနီးမယား ဆူပူ ကြိမ်းမောင်းခံရမှာစိုးလို့ အကြံ ထုတ်စဉ်းစားရင်း အိမ်ကို ပြန်လာပါတယ်။

အိမ်ကို ပြန်ရောက်တဲ့အခါမှာ ဦးသိက သူ့ဇနီးမယားကို ကောက်ကာ ငင်ကာ...

"အင်း... ရွာဦးဘုန်းကြီးကျောင်းအလှူက တယ်ပြီး စည်တယ်ကွာ၊ လူတွေ စည်သလောက် အကျွေးအမွေးကလဲ ကောင်းတယ်၊ ဒါပေမယ့် ဖိနပ်ပျောက်တဲ့ သူတွေကလဲ တယ်များသကွာ"

"ဒီလိုဆိုရင်--ဖိနပ်ပျောက်တဲ့ လူတွေထဲမှာ ရှင်ကော ပါနေသေးလား"

"ငါကတော့ ဘာသားနဲ့ ထုထားတာမှတ်လို့ ဖိနပ်ပျောက်တဲ့ လူတွေထဲမှာ ဘယ်ကင်းပါ့မလဲ"လို့ ပြန်ပြောလိုက်ပါတယ်။

ဇနီးမယားဖြစ်သူက မပြောသာလို့ နှုတ်ဆိတ်နေလိုက်ပါတယ်။ တကယ်ကတော့ အလှူမှာ ဖိနပ်ပျောက်တဲ့သူမှာ ဦးသိ တစ်ယောက်တည်းသာ ဖြစ်ပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## ပျှော့လေး

သာယာကုန်းဆိုတဲ့ ရွာမှာ "ဦးသာဖျော့"ဆိုတဲ့ လူတစ်ယောက် ရှိပါတယ်။ ဦးသာဖျော့ဟာ ဇနီးမယားနဲ့ သမီးသားတွေ ရှိပေမယ့် အတူ မနေပါ။ ရွာအနီး တောထဲမှာ တောင်ယာကို စောင့်ရင်းနဲ့ တစ်ယောက်တည်း နေပါတယ်။ ဦးသာဖျော့အတွက် အစားအသောက်ကိုတော့ အိမ်ကပဲ ချက်ပြုတ်ပြီး ပို့ပေးနေပါတယ်။


တစ်နေ့မှာ ဦးသာဖျော့ရဲ့ သားတစ်ယောက်ဖြစ်တဲ့ "ပေါက်ခေါ" ဆိုတဲ့ သူဟာ "ရွှေဘုံသာ"ဘုရားပွဲဈေးက အပြန် အအေးဆိုင်ကနေပြီး ဖာလူဒါတစ်ခွက် ပါဆယ်ထုပ်ပြီး ဝယ်ယူလာပါတယ်။ အိမ်ကို ပြန်ရောက်တော့ ဖာလူဒါကို ပန်းကန်တစ်လုံးမှာ ပြောင်းထည့် ဇွန်းတစ်ချောင်းတပ်၊ တောင်ယာထဲမှာနေတဲ့ သူ့အဖေ ဦးသာဖျော့ဆီ သွားပြီး ပေးပါတယ်။

ဦးသာဖျော့က ပန်းကန်ကိုကြည့်ပြီး–

"ဘာတွေတုန်း ပေါက်ခေါရ"

"ဖာလူဒါဆိုလားပဲ အဖေ"

"မင်း ဖာလူဒါကလဲ မုန့်တွေ ရော၊ အသီးတွေရော၊ အုန်းသီးဆံတွေ ရော စုံလို့ပါလား၊ ဘယ်လောက်များ ဆေးရသတုန်း၊ မင်းနှယ်ကွာ အလကား ဝယ်လာတယ်၊ ပိုက်ဆံတွေ အပိုကုန် အောင်. . .



"ကုန်ကုန် အဖေရာ၊ အဖေ စားစေချင်လို့ ဝယ်လာတာ စားလို့က ကောင်းချက်ကတော့ ရက်စက်တယ် အဖေရာ"

"ဟုတ်လား ပြစမ်းပါဦး၊ မင်းဟာ စားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနဲ့ ဦးသာဗျော့က သူ့သားပေါက်ခေါ် လက်ထဲက ဝန်းဝန်းကို ဆွဲယူပြီး ဓွန်းနဲ့ ခပ် အရသာခံ စားကြည့်ရင်း...

"အေးကွ ကောင်းသားပဲ၊ တို့ရွာနဲ့ ရွှေဘုံသာအကူး ကြားထဲမှာ အေသွားလို့သာ၊ နို့မို့ ဝယ်ပြီးစ ပုပုလေးများ မှုတ်သောက်လိုက်ရရင် အဃ်လောက်များ ကောင်းလိုက်မယ် မသိဘူး"လို့

ပြောလိုက်ပါတယ်တဲ့။

## ကြေးစည်ထိုးကိုက်

ဖိုးအဟာ နာမည်နဲ့ လိုက်အောင်ကို နေရာတကာမှာ နုံချာ,အလှ ပါတယ်။ ခိုင်းလိုက်လို့ သူလုပ်သမျှ အလုပ်တိုင်းဟာ အမှားမှား အယွင်းယွင်းနဲ့ ပျက်စီးဆုံးရှုံးရတာက များပါတယ်။ ဒါ့အပြင် ဖိုးအဟာ ဆင်ခြေဆင်လက်က များသေးတယ်။

တစ်နေ့တွင် အဖေလုပ်သူက ဖိုးအကို ရွာမှာ ပြုလုပ်တဲ့ အလှူတစ်ခုမှာ ကြေးစည်ငှားလိုက်ပါတယ်။ ဒီကြေးစည်ကို ထုရိုက်ဖို့ ဖိုးအကို ထည့်လွှတ် လိုက်ပါတယ်။

အလှူပြီးလို့ ဖိုးအနဲ့ ကြေးစည်တို့ ပြန်လာတဲ့အခါ ဖခင်ဖြစ်တဲ့သူက ဖိုးအကို...

"ဟေ့-သား... ဖိုးအ၊ ဒီနေ့ မင်းအလှူမှာ ကြေးစည်ထုခဲ့ရတာ အပြစ်ကင်းကင်း ရှိခဲ့ရဲ့လား"လို့

မေးလိုက်ပါတယ်။

ဒီတော့ သားဖြစ်တဲ့ ဖိုးအက-

"အဖေရာ၊ သားများ အထင်သေးလိုက်တာ၊ ဘာအပြစ်မှ မရှိခဲ့ပါဘူးဗျ။ အဲ... ဒါပေမယ့် ကြေးစည်တော့ ကွဲသွားပြီ အဖေရေ"လို့

ပြန်ပြောလိုက်တဲ့အခါ၊ ဖခင်ဖြစ်တဲ့သူက-



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီအကောင်တော့ ကြေးစည်ကို ဘေးက မရိုက်ဘဲ အလယ်ခေါင်တည့်တည့်က ရိုက်လို့သာ ကြေးစည်ကွဲတာ ဖြစ်မှာပဲ"လို့ အတွေ့အကြုံအရ သိရှိပေမယ့်၊ သားဖြစ်တဲ့ **ဖိုးအ** ကြေးစည်ကို ဘယ်ပုံ၊ဘယ်နည်း ထုရိုက်တာ သိလိုတာကြောင့် ဥပါယ်တံမျဉ်နဲ့ မေးလိုက်ပုံက–



"ကြေးစည်ကွဲတာတွေ ထားလိုက်ပါတော့ကွာ၊ မင်းကလဲ ကြေးစည်ကို ဘေးက ရိုက်မှာကိုးကွ"လို့

ပြောလိုက်တဲ့အခါ **ဖိုးအ**က ချက်ချင်း ပျာပျာသလဲနဲ့ ပြန်ပြောလိုက်တာက...

ဟာ...အဖေကလဲ၊ ဘယ်ကလာ ကြေးစည်ကို ဘေးက ရိုက်ရမှာ၊ ကျွန်တော် သေသေချာချာ အလယ်ခေါင်တည့်တည့်က ရိုက်လိုက်တာ အဖေရ"လို့ ပြန်ပြောလိုက်ပါတယ်တဲ့။

## မရေမ္ဗုတ်

တစ်ခါတုန်းက ရွာဦးဘုန်းတော်ကြီးကျောင်းမှာ **"မောင်ရွှေသာ"** ဆိုတဲ့ ကျောင်းသားလေးတစ်ယောက် ရှိပါတယ်။ **မောင်ရွှေသာဟာ** ကျောင်းကို ရောက်စလည်းဖြစ်၊ စာဝါမှာ သင်ပုန်းကြီးကို သင်အံနေရပါတယ်။

တစ်နေ့မှာ ဘုန်းတော်ကြီးက "ဌ၊ ဍ၊ ဎ၊ ဏ၊ တ"ဆိုတဲ့ စာလုံးအတန်းမှာ "ဎ"(**မရေမ္ဗုတ်**)ကို ခဏခဏ ထောက်ပြနေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘုန်းတော်ကြီးက သောက်ရေအိုးစင်မှ **"ရေမှုတ်"**ကို ထိုးပြပြီး ဆိုစေပါတယ်။

ဒီလိုနဲ့ ဒီစာလုံးအတန်းက "ပ" **"ခရေမှုတ်"**ကို မှတ်မိသွားပါတယ်။ ဒါနဲ့ ဆွမ်းစားချိန်ရောက်လို့ စာဖတ်ချိန်ကို ရပ်နားလိုက်ပါတယ်။

နေ့လည်ဆွမ်းစားပြီး နောက်စာဝါလိုက်ချိန်မှာ **မောင်ရွှေသာ**ကို ဘုန်းတော်ကြီးက နံနက်ပိုင်းက စာအတန်းကို ဆက်လက် ဖတ်စေပါတယ်။ ဒီအခါမှာ **မောင်ရွှေသာ**က "ပ"၊ **"ခရေမှုတ်"**ကို **"ခရေခွက်"**လို့ ဖတ်ပါတယ်။

အလုပ်များနေတဲ့ ဘုန်းတော်ကြီးက–

"ဟဲ့ ကောင်ပြန်ဆို"လို့

ပြောပါတယ်။



**မောင်ရွှေသာ**က "ပ"ကို **"ခရေခွက်"**လို့ ထပ်မံ ဆိုနေပါတယ်။ ဒေါသဖြစ်လာတဲ့ ဘုန်းတော်ကြီးက...

"ဟဲ့ကောင်၊ ရေအိုးစင်ကို ကြည့်ဆို"လို့

ထပ်မံ ပြောပေမယ့်၊ **မောင်ရွှေသာ**က **"ခရေခွက်"**လို့သာ အကြိမ်ကြိမ် ဆိုနေပါတယ်။ ဘုန်းတော်ကြီးလည်း စိတ်မရှည်နိုင်တော့ပဲ၊ **မောင်ရွှေသာ**ကို ကြိမ်နဲ့ ရိုက်မယ်ပြုပြီး၊ ရေအိုးစင်ကို ကြည့်လိုက်တဲ့အခါမှာ **"ရေမှုတ်"** အစား **"ရေခွက်"**ရောက်နေတာကို မြင်တွေ့လိုက်ရပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# သူပြောတာမှန်တယ်

တစ်ခါက အဝေးပြေး ဘတ်(စ်)ကားမှတ်တိုင်မှာ လူတွေ ဘတ်(စ်)ကား စောင့်ဆိုင်းလို့ နေကြပါတယ်။ ဒီလို ဘတ်(စ်)ကား စောင့်နေကြတုန်း၊ လူတစ်ယောက်ဟာ မတ်တတ်က မူးမေ့လဲကျသွား လမ်းပေါ်မှာ မေ့မြောသွားပါတယ်။

အဲဒီ မေ့မြောသွားတဲ့ လူကို လူတွေက ဝိုင်းအုံပြီး ကြည့်နေကြ တယ်။ ဒီအထဲမှာ ပါလာတဲ့ လူတစ်ယောက်က မေ့မြောလဲနေတဲ့ သူ သွေးစမ်းတယ်။ နားကြပ်နဲ့ ရင်ကိုထောက် စမ်းသပ်လိုက်ပြီး...



"အရက်များ အဆင်သင့် ပါကြသလား။ ဒီမေ့မြောနေတဲ့ သူကို အရက်တိုက်လိုက်ကြပါ"

ဝိုင်းအုံနေတဲ့ လူအုပ်ထဲက လူတစ်ယောက်က...

"ဟာ...မေ့မြောနေတဲ့ လူကို အရက်တိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ပိုဆိုးသွားမှာပေါ့"လို့

ပြောလိုက်ပါတယ်။

လမ်းပေါ်မှာ မေ့မြောပြီး လဲ နေတဲ့သူကို စမ်းသပ်တဲ့ သူက

"ကျွန်တော်က ဆရာဝန်ပါဗျာ၊ လူနာတွေ အများကြီး ကုသဖူး သိပါတယ်။ ဒီလူကို အရက်သာ တိုက်လိုက်ပါ၊ မကြာခင် အကောင်းပက ဖြစ်သွားပါလိမ့်မယ်။

ဒီအခါမှာ လမ်းပေါ်မှာ မေ့မြောလဲနေတဲ့သူက သတိပြန်လည်လာ

"သူပြောတာမှန်တယ်"လို့

ပြောပြီး လမ်းပေါ်မှာ ပြန်ကာ မေ့မြောလဲကျသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ကိုညာဏ်ကျယ်

တစ်ခါက ရွာကလေးတစ်ရွာမှာ ကိုညာဏ်ကျယ်ဆိုတဲ့ လူတစ်ယောက် ရှိပါတယ်။ သူက မြို့နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ရွာကလေးကဆိုတော့ စက်ဘီးစီးပြီး ငါးရက်တစ်ဈေး သွားတတ်ပါတယ်။ စက်ဘီးက သိပ်မကောင်းတော့ ခဏခဏ ပြင်ရပါတယ်။

တစ်နေ့မှာ ကိုညာဏ်ကျယ်ဟာ မြို့က ဈေးထဲမှာ ခဏဝင်နေစဉ် သူ့စက်ဘီးဟာ ပျောက်သွားပါတယ်။ စက်ဘီးပျောက်သွားလို့ စိတ်ထိခိုက်ပေမယ့် အလုပ်က သိပ်ရှုပ်နေတော့ ချက်ချင်း ရဲစခန်းကို သူသွားမတိုင်ဖြစ်ခဲ့ပါ။ တစ်ပတ်လောက်ကြာမှ သွားတိုင်ပါတယ်။



ဒီအခါမှာ ရဲစခန်းမှူးက...

"ခင်ဗျား ဘိုင်စကယ် (စက်ဘီး) အခိုးခံရတဲ့ အချိန်မှာ ဘာကြောင့် ချက်ချင်း လာမတိုင်သလဲ"

"ဒီလိုပါဆရာ၊ ဘိုင်စကယ် (စက်ဘီး) ခိုးသွားတဲ့သူက ပြင်ပြီးမှ တိုင်မလို့ပါဆရာ"

အနီးအနားမှာရှိတဲ့ ရဲတွေက...

"အမယ်လေး... ညာဏ်ကျယ်လိုက်တဲ့ ကိုညာဏ်ကျယ်ရယ်"လို့ ပြောပြီး ဟားတိုက်ကာ ရယ်မောကြပါတယ်။ ဘိုင်စကယ်(စက်ဘီး) ပျောက်တာကို ချက်ချင်း တိုင်ချက်မဖွင့်လို့ စက်ဘီးဟာ ပြန်မရတော့ဘဲ ဆုံးရှုံးပါရောတဲ့။



www.burmeseclassic.com

www.burmeseclassic.com



# ကိုချက်ကြီး သရုပ်ဆောင်တာက

မြိုင်သာယာရွာက **ကိုချက်ကြီး**ဟာ ဇာတ်သဘင် ဝါသနာပါသူ ဖြစ်ပါတယ်။ ဒါပေမယ့် ရုပ်ရည်က မလှ၊ အသံကလည်း မကောင်းပါ။

တစ်နေ့မှာ မြိုင်သာယာရွာ ဘုရားပွဲတော် တစ်ခုမှာ အရပ်ဇာတ် ကပြဖို့ စီစဉ်နေကြပါတယ်။ ဒါကြောင့် မင်းသား၊ မင်းသမီး၊ လူရွှင်တော် ဆိုတာတွေကို ရွေးချယ်ပြီး အကတိုက်ကြပါတယ်။ ဒီအခါမှာ **ကိုချက်ကြီး**ဟာ ပါဝင်ကပြလိုတာကြောင့် စီစဉ်သူတွေကို အပူကပ်ပါတယ်။

စီစဉ်ကြသူတွေက ဝါသနာကြီးလှတဲ့ **ကိုချက်ကြီး**ကို ဇာတ်ထုပ်တစ်နေရာမှာ ပါဝင်စေရမယ်လို့ အာမခံလိုက်ကြပါတယ်။

ဇာတ်ကမယ့်ညမှာ **ကိုချက်ကြီး**ဟာ ညနေကတည်းက ရေမိုးချိုး၊ သနပ်ခါးကို မှုန်နေအောင် လိမ်းချယ်ထားပါတယ်။



ဒီအခါမှာ သူငယ်ချင်းတွေက...

"ဟေ့ **ချက်ကြီး**၊ ချယ်လှချည်လားကွ"

"အေးကွ၊ ဒီညပွဲကရင် ဇာတ်ထုပ်ပိုင်းမှာ ငါပါမယ်ကွ"

"ဟ... ဘာဇာတ်ထုပ်ကမှာလဲကွ"

"ပဋာစာရီ ဇာတ်ထုပ်ပါကွာ"

"ဟ...ဒါဖြင့် မင်းက မင်းသား ကိုဒါသ နေရာမှာ လုပ်ရမှာလားကွ"

"မဟုတ်ပါဘူးကွ"

"ဒါဖြင့် ပဋာစာရီရဲ့ အဖေ သူဌေးကြီးလား"

"ဒါလဲ မဟုတ်သေးဘူး"

"ဒါဖြင့် မင်းသားရဲ့ သူငယ်ချင်း လူရွှင်တော်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလဲ မဟုတ်သေးဘူးဗျ"

"ဒါဖြင့် မင်းက ဘယ်နေရာက သရုပ်ဆောင်ရမှာမို့ ဒီလောက် ခြယ်သနေရသလဲကွ၊ ပြောစမ်းပါဦး"

"အေး ငါသရုပ်ဆောင်ရမယ့် နေရာက ကိုဒါသ တောထဲမှာ ထင်းရှာထွက်တဲ့အခါ ကိုဒါသကို ကိုက်လိုက်တဲ့ "မြွေ"အဖြစ် သရုပ်ဆောင်ရမှာကွ"လို့

ပြောလိုက်ပါတယ်တဲ့။

## ဆော်ကာလီဆော်ကာလန်

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဦးဖိုးအောင်နဲ့ မောင်ကံမြင့် ဆိုတဲ့ သားအဖနှစ်ယောက် ရှိကြပါတယ်။ ဦးဖိုးအောင်နဲ့ မောင်ကံမြင့်တို့ သားအဖဟာ အရက် အလွန်ကြိုက်လို့ မကြာခဏ အရက်ဝိုင်းထိုင်ပြီး သောက်လေ့ ရှိကြပါတယ်။

တစ်နေ့မှာ ဦးဖိုးအောင်ရဲ့ ဇနီး ဒေါ်ဥပဟာ ကောက်စိုက်သွားနေခိုက် ဦးဖိုးအောင်က သူ့သားကိုခေါ်ပြီး...

"ငါ့သား ကံမြင့်ရေ-တို့မှာ ပိုက်ဆံလဲ ပြတ်နေတယ်ကွာ၊ ပိုက်ဆံ မပါဘဲ ရမယ့်ဆိုင်မှာ အရက် တစ်ပုလင်းလောက် ဆွဲချေကွာ"လို့

ပြောလိုက်ပါတယ်။

ဒီအခါမှာ မောင်ကံမြင့်က—

"ပိုက်ဆံ,မရှိရင် ဆော်ကာလီ သွားလိုက်မှာပေါ့ အဖေ"လို့

ပြောပြီး ထွက်သွားကာ အပြန်မှာ အရက်တစ်ပုလင်း ပါလာပါတယ်။ ပြီးတော့ အတူသောက်ကြပါတယ်။

အရက်တစ်ပုလင်း ကုန်သွားတဲ့အခါ မတင်းတိမ်သေးလို့ ဦးဖိုးအောင် က—



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က နည်းနည်းပျော့တယ်၊ မင်းအမေ မပြန်ခင် တစ်လုံး လောက်ဆိုင်ပြောင်းပြီး ဆွဲချပါဦးလား"လို့

ပြောပြီး နောက်ထပ် တစ်ပုလင်း အဝယ်ခိုင်းလိုက်ပြန်ပါတယ်။

ဒီအခါမှာ သားဖြစ်တဲ့ **မောင်ကံမြင့်က**

"ဒီတစ်ခါတော့ ဆော်ကလန်သွားမယ် အဖေ"လို့

ပြောလိုက်ပါတယ်။

ဒီလိုနဲ့ ဒီနေ့အဖို့ **ဦးဖိုးအောင်တို့** သားအဖဟာ အရက်နှစ်လုံးနဲ့ စည်းစိမ်ခံနေကြပါတယ်။



ဇနီးဖြစ်တဲ့ ဒေါ်ဥဟာ ကောက်စိုက်အပြန်မှာ ဆီအိုးနဲ့ ဆန်အိုးမှာ ဆီနဲ့ဆန်တွေ လျော့နေတာကို မြင်တွေ့ရလို့...

"**ကိုဖိုးအောင်**၊ ရှင်တို့ သားအဖ ဆီနဲ့ ဆန် ခိုးပြီးတော့ အရက် ဝယ် သောက်တယ်ပေါ့လေ။ ဒီနေ့ ရှင်တို့ သားအဖ ထမင်းငတ်ပြီသာမှတ်"လို့

ပြောလိုက်ပါတယ်။

ဒီအခါမှာ ဦးဖိုးအောင်က...

"ဘယ်က ဟုတ်ရမှာလဲ မဥရာ၊ တို့မှာ ပိုက်ဆံပြတ်နေလို့ နှင့်သား ကံမြင့်ကိုယ်တိုင် "**ဆော်ကလီ**"ဆိုင်က တစ်လုံး၊ "**ဆော်ကလန်**" ဆိုင်က တစ်လုံး၊ အကြွေးဝယ်ယူခဲ့တာပါဟ"လို့

ပြောပြလိုက်ပါတယ်။

**ဦးဖိုးအောင်ရဲ့** စကားကြောင့် ဒေါ်ဥက အလွန်ဒေါသဖြစ်သွားပြီး၊ **ဦးဖိုးအောင်ကို** လက်သီးငေါက်ငေါက်ထိုးကာ–



www.burmeseclassic.com

www.burmeseclassic.com



"တယ်လဲအ,တဲ့ ကိုဖိုးအ,ရေ "ဆော်ကာလီ၊ ဆော်ကာလန်" ဆိုတာက အရက်ဆိုင်များ ထင်နေသလား။ ရှင့်သားက ဆိကလော်မယ်၊ ဆန်က လော်မယ်လို့ ပြောတာဟဲ့ သေနာရဲ့" လို့

ပြောပြလိုက်ပါတယ်တဲ့။

# ကျုပ်ရှိတယ်

ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့တစ်မြို့ကို မြန်မာအမျိုးသားအရာရှိ တစ်ဦး အလုပ်တာဝန်နဲ့ ပြောင်းရွှေ့ ရောက်လာပါတယ်။

ဒီအရာရှိဟာ အလုပ်တာဝန်ကို အလွန်လေးစားသူ ဖြစ်ပါတယ်။ အလုပ်,လုပ်တဲ့ နေရာမှာ တိကျပြတ်သားသူလည်း ဖြစ်ပါတယ်။

တစ်ညမှာ သူ့အလုပ်ဌာနရဲ့ ပစ္စည်းတွေကို သိုလှောင်ထားတဲ့ ဂိုဒေါင်အခြေအနေကို အကဲခတ်လေ့လာဖို့ သွားရောက်ခဲ့ပါတယ်။ အဲဒီနေ့ညဟာ လကွယ်နေ့လည်း ဖြစ်ပါတယ်။ မိုးရွာပြီးစလည်း ဖြစ်ပါတယ်။

ဂိုဒေါင်အနီးရောက်တဲ့အခါ ဂိုဒေါင်စောင့်က လူရိပ်လူခြေကို တွေ့ တာကြောင့်...

"ဟေ့... ဘယ်သူလဲ" လို့

လှမ်းမေးလိုက်ပါတယ်။

ဂိုဒေါင်စောင့်ရဲ့ သတိဖျတ်လတ်မှုကို အရာရှိက သဘောကျသွားပါတယ်။

"ငါပါကွ၊ အရာရှိ ဦးသိဟပါ၊ ညအခြေအနေကို လာကြည့်တာ"

"ဟာ... မလာနဲ့၊ မလာနဲ့ ကျုပ်ရှိတယ်"





www.burmeseclassic.com

www.burmeseclassic.com



ကိုဒေါင်စောင့်က ရခိုင်လူမျိုး ဖြစ်ပြီး ရခိုင်သံဝဲဝဲနှင့် ပြန်ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့လဲကွ"

"ကျုပ်ရှိတယ်လေ… မလာနဲ့"

အရာရှိမှာ တိကျပြတ်သားသလောက် စိတ်တိုတတ်သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်–

"ဟာကွာ…မင်းရှိတာနဲ့ ငါက မလာရအောင် မင်းက ဘာကောင်မို့လို့လဲ၊ ငါက လုပ်ငန်း အခြေအနေအတွက် စစ်ဆေးနေတာကွ"

အရာရှိဟာ စိတ်တိုသွားပြီး ကိုဒေါင်စောင့်ရှိရာကို သွားပါတယ်။

"ဟာ… မလာနဲ့၊ ကျုပ်ရှိတယ်၊ ဟောသွားပြီး…"

"ဝုန်း…"

"အမလေးဗျ"

အရာရှိဖြစ်သူဟာ မမြင်မစမ်းနဲ့ ဒေါသတကြီး၊ ရှေ့ကိုဆက်သွားလိုက်ရာ ရွှံ့ပြင်ကို နင်းမိပြီး ဝုန်းကနဲ ချော်လဲကာ ဖင်ထိုင်ကျသွားပါတော့တယ်။ ကိုဒေါင်စောင့်က ပြေးလာပြီး အရာရှိကို ထူပွေ့ပါတယ်။

"အဲဒါကြောင့် ပြောတာ၊ ကျုပ်ရှိတယ်၊ မလာပါနဲ့လို့"

ရခိုင်တို့မှာ "ရွှံ့"ကို "ကျုပ်"လို့ခေါ်ပါတယ်တဲ့။

## သတင်းပို့ပါ

လေကြောင်းထိန်းသိမ်းရေး မျှော်စင်ကို သတင်းပို့လာတယ်။

"ဒဗလျူ၊ အေ၊ ဘီ ၅၃၊ သတင်းပို့နေပါတယ်။ လောင်စာဆီ သုံးဂါလံသာ ကျန်ပါတော့တယ်။ ညွှန်ကြားချက်ပေးပါ၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယလူ အေ၊ ဘီ ၅၃၊ အမိန့်ကို နာခံပါ။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။ မြေပြင်မြင်ကွင်းမှာ ဘာတွေကို မြင်တွေ့ရသလဲ၊ သတင်းပြန်ပို့ပါ"

အတန်ကြာအောင် ငြိမ်သက်လို့နေတယ်။ ပြီးမှ တစ်ဘက်က ပြန်ပြီး သတင်းပို့လိုက်ပုံက...

"ဟုတ်ကဲ့ ခင်ဗျာ-- ကျွန်တော် လေယာဉ် ပြေးလမ်းကြောင်းမှာ ရပ်ထားတာပါ။ လောင်စာဖြည့် မော်တော်ကား ဘယ်မှာရှိသလဲဆိုတာ သိချင်လို့ပါ"တဲ့။



## ပျက်လိုက်လေကွယ်

တစ်ခါက ဒုတ်ချပ်ပါမောက္ခကြီး တစ်ဦးက မေးခွန်းတစ်ခုကို ခေတ်မီ ကွန်ပျူတာကြီးတစ်ခုမှာ ထည့်ပြီး မေးလိုက်ပါတယ်။

"နာရီနှစ်လုံးရှိတဲ့ အနက် တစ်လုံးက ပျက်နေပြီး လုံးဝ ရပ်နေပါတယ်။ ကျန်တစ်လုံးကတော့ ၂၄-နာရီမှာ တစ်စက္ကန့် နောက်ကျနေပါတယ်။ ဘယ်အလုံးကို ဝယ်ရမလဲ"

ကွန်ပျူတာရဲ့ အဖြေက...





www.burmeseclassic.com

www.burmeseclassic.com



"ရပ်နေတဲ့ အလုံးက ၂၄-နာရီမှာ အချိန်မှန် နှစ်ခါ ပြတယ်။ ကျန်တစ်လုံးကတော့ နှစ်ပေါင်း ၁၂၀-ကြာမှ တစ်ခါ အချိန်မှန်ပြတာမို့ ရပ်နေတဲ့ အလုံးကို ဝယ်ပါ"တဲ့။

## ရွေးကြစို့

**ပေါ်စတိန်နာက** သူ့စာအုပ်တစ်အုပ်မှာ ဆံသဆရာရွေးတာနဲ့ ပတ်သက်ပြီး အကြံပေးထားတာက...

"သင်ဟာ ဆံပင်ညှပ်ဖို့ ဆံသဆိုင် တစ်ဆိုင်ကို ရောက်ပြီဆိုပါတော့၊ ဘယ်ဆံသဆရာကို သင်ရွေးမလဲ၊ ဘာမှ စဉ်းစားတွေဝေမနေနဲ့။ သူ့ခေါင်းမှာ ဆံပင်ပုံစံ အညံ့ဆုံးနဲ့ ဆံသဆရာကိုရွေး၊ မမှားဘူး။ စဉ်းစားကြည့်လေ၊ ဆံသဆရာတွေဟာ တစ်ယောက်ဆံပင်ကို တစ်ယောက်က အပြန် အလှန် ညှပ်ကြရတာ မဟုတ်လား"တဲ့။





www.burmeseclassic.com

www.burmeseclassic.com




## ပင်စင်ယူသင့်ပြီ

ကျွန်မဟာ ရေတပ်စစ်ဆေးရုံကို ကျွန်မရဲ့ ခုနစ်ယောက်မြောက် ကလေးကို မွေးဖွားဖို့အတွက် ဗိုက်သွားပြသပါတယ်။ ဒီအခါမှာ သူနာပြုဆရာမက ကျွန်မရဲ့ လူနာမှတ်တမ်းကိုကြည့်ပြီး...

"ရှင့်ယောက်ျားက ဘာရာထူးလဲ၊ ဘယ်မှာ အလုပ်,လုပ်တာလဲ"

"ကျွန်မ ယောက်ျားရာထူးက ဒုတိယဗိုလ်မှူးကြီးပါ၊ အမေရိကန် တပ်မတော်ကပါ။ ဒါပေမယ့် ခုတော့ ပင်စင်ယူလိုက်ပါပြီ"



ဒီအခါမှာ သူနာပြုဆရာမက–

"ဒါဆို ရှင်လဲ မွေးဖွားတဲ့ အလုပ်ကို ပင်စင်ယူသင့်ပြီ ထင်တယ်နော်"

လို့ ပြန်ပြောလိုက်တယ်တဲ့။

## မှားတဲ့အခါလဲ မှားသေးသပေါ့

ကျွန်မတို့ ဇနီးမောင်နှံဟာ ဖလော်ရီဒါကို ခရီးထွက်ခဲ့ကြပါတယ်။

လမ်းခရီးမှာ အတူပါလာတဲ့ ခွေးကလေး နေမကောင်းလို့ ဆေးဆိုင် တစ်ဆိုင်ကို သွားပါတယ်။ ခင်ပွန်းသည်နဲ့ ခွေးကို ဆိုင်အပြင်မှာ ထားခဲ့ပြီး ကျွန်မတစ်ဦးတည်း ဆိုင်ထဲ ဝင်သွားကာ ကောင်တာမှာရှိတဲ့ လူငယ်ကို အကျိုးအကြောင်း ပြောပြလိုက်ပါတယ်။

"ဟုတ်ကဲ့ခင်ဗျာ၊ လိုအပ်တဲ့ ဆေးကို ဆိုင်ရှင်က ယူလာပါလိမ့်မယ်၊ ခေတ္တ စောင့်ပါ"လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဆိုင်ထဲကို ဝင်သွားပါတယ်။

ဒီအခါမှာ ဆိုင်ထဲက ထွက်လာတဲ့ အရောင်းစာရေးကလေးက ဒီ အမျိုးသမီးကြီးကို မေးမြန်းနေတုန်း ဝတ်ရုံဖြူ ဝတ်ဆင်ထားတဲ့ ဆေးဆိုင်ရှင်က ဆိုင်နောက်ခန်းက ထွက်လာပြီး စကော့ထိန်းခွေးလေးရှိရာကို သွားကာ ခွေးပါးစပ်ကို ဖြဲလိုက်ပါတယ်။ ပြီးတော့ ဆေးတစ်လုံးကို ဖျတ်ကနဲ ပစ်ထည့်လိုက်ပြီး...



"ဘာမှ မစိုးရိမ်နဲ့တော့ ခင်ဗျားခွေး ဆယ်မိနစ်အတွင်းမှာ အကောင်းပကတိ ဖြစ်သွားစေရမယ်"လို့

အမျိုးသမီးကြီးကို ပြောလိုက်ပါတယ်တဲ့။

## ပြော် ယောက်ျား

လင်ယောက်ျားဖြစ်တဲ့သူဟာ အိမ်ပြန်အရောက်မှာ အိမ်တံခါးသော့ခတ်ထားတာကို တွေ့ရလို့ ဇနီးဖြစ်တဲ့သူ ပြန်အလာကို လှေကားထစ်မှာ ထိုင်ပြီး စောင့်နေပါတယ်။

အချိန်အတော်ကုန်သွားပါတယ်။ ဇနီးဖြစ်တဲ့သူက တော်တော်နဲ့ ပေါ်မလာနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်အပျက်ကို မြင်တွေ့ရတဲ့ အိမ်နီးချင်း အမျိုးသမီးကြီး တစ်ဦးက သူတို့ မိသားစုနဲ့အတူ ညစာလာရောက် စားသောက်ရင်း စောင့်ဆိုင်းဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

ဒီအခါမှာ ဒီလူက အမျိုးသမီးရဲ့ ဖိတ်ကြားတာကို ယဉ်ကျေးသိမ်မွေ့စွာနဲ့ ငြင်းပယ်လိုက်ပါတယ်။ ဒီလို ငြင်းပယ်ခြင်းအကြောင်းကို အောက်ပါအတိုင်း ရှင်းပြလိုက်ပါတယ်။

"ကျုပ်နေသာထိုင်သာရှိပြီး ဗိုက်လဲ ပြည့်သွားရင် ကျုပ်စိတ်ပြေသွားလိမ့်မယ်။ ကျုပ်မိန်းမရောက်လာတဲ့ အချိန်မှာ ကောင်းကောင်းကြီး ဒေါသ ထွက်နေချင်တယ်"လို့

ပြောလိုက်တယ်တဲ့။

## ထက်နေဒေါသ

ညနေစာအတွက် ကြက်ဥပြုတ်ဖို့ ညီအစ်ကိုနှစ်ယောက် အလုပ်ရှုပ်နေချိန်မှာ...

"ဟေ့-ညီလေး၊ မင်းခေါင်းပေါ်ကို ဟောဒီ ကြက်ဥသုံးလုံး ဖေါက်ချလိုက်မယ်။ မင်းခံနိုင်မလား၊ ခံနိုင်ရင် တစ်ဒေါ်လာပေးမယ်"

"တကယ်လား"

"တကယ်ပေါ့"

ဒါနဲ့ အစ်ကိုက ညီဖြစ်တဲ့ သူရဲ့ ဦးခေါင်းပေါ်ကို ကြက်ဥ နှစ်လုံး ဖေါက်ချလိုက်ပါတယ်။ နောက်ထပ်တစ်လုံး ဖေါက်အချကို အတော် ကြာအောင်ကို စောင့်မျှော်နေပြီး စိတ်မချနိုင်တော့လို့...





www.burmeseclassic.com

www.burmeseclassic.com



“ဟော့… နောက်တစ်လုံးကို မြန်မြန် ဖေါက်ချလေ”

“တော်ပြီကွာ… ငါ နောက်တစ်လုံး ဖေါက်ချလိုက်တယ်ဆိုရင် ငါတစ်ဒေါ်လာ ပေးရတော့မှာပေါ့ကွ”လို့

ပြောလိုက်တယ်တဲ့။

## ဆုံးမချင်လို့

အလုပ်ကနေ ပင်ပင်ပန်းပန်း ပြန်လာတဲ့ ဖခင်တစ်ဦးဟာ သားငယ်ကို အတန်တန် တားမြစ်ထားတဲ့ ကိစ္စတစ်ခုကို ကျူးလွန်လို့ ပြင်းထန်စွာ ဆုံးမဖို့ ဟန်ပြင်လိုက်ပါတယ်။

“ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်ပါရှင်၊ နောက်တစ်ခါမှသာ ရှင့်သဘောရှိ ဆုံးမပါ”လို့

မိခင်ဖြစ်သူက ကြားကနေ ဝင်ရောက်တောင်းပန်ပါတယ်။

ဒီအခါမှာ ဖခင်က…

“ဩ… နောက်တစ်ခါ သူမလုပ်ခဲ့ရင် ဘယ်လိုလုပ် ဆုံးမဖို့ အခွင့်အရေးရမလဲ”လို့

ပြန်လည်မေးခွန်းထုတ်လိုက်တယ်တဲ့။





www.burmeseclassic.com

www.burmeseclassic.com



# ဖိုးလိမ်နဲ့ မညာ

တစ်မနက်မှာ လင်ယောက်ျားတစ်ဦးဟာ ဇနီးသည်ကို မိမိတို့နယ်မြေအတွင်းမှာရှိတဲ့ မိုင်နှုန်းသတ်မှတ်ဖုံတစ်ခုကို သတိထားဖို့ သတိပေးလိုက်ပါတယ်။

"မနေ့ကပဲ ငါ့သူငယ်ချင်းတစ်ယောက် အဲဒီ ၁၂–မိုင်ဖုံမှာ မိုင် ၃၀ မောင်းလို့ ဒဏ်ရိုက်ခံလိုက်ရတယ်"



ဒီနေ့မှာပင် ဇနီးသည်က အဝတ်အစားများကို ပင်မင်းပေးဖို့ စစ်ဆေးနေတဲ့အခါမှာ ယောက်ျားဖြစ်တဲ့သူရဲ့ အင်္ကျီအိတ်ထဲက ဒဏ်ငွေဖြတ်ပိုင်းလေး တစ်ခုကို တွေ့ရှိရပါတယ်။

ဒီဖြတ်ပိုင်းမှာ ကားရှင်ဟာ ၂၅–မိုင်ဖုံအတွင်း မိုင်လွန်မောင်းနှင်လို့ ဒဏ်ငွေဆောင်ပြီးလို့ ဖော်ပြထားတယ်။ ဇနီးသည်ဖြစ်တဲ့သူက ဒီဖြတ်ပိုင်းလေးကို နောက်နောင် လိုအပ်ရင် အသုံးပြုနိုင်ဖို့ သိမ်းဆည်းထားလိုက်ပါတယ်။

ရက်တွေကြာသွားပြီး၊ တစ်မနက်မှာ ဒီဖြတ်ပိုင်းကလေးကို သတိရဖို့ အကြောင်းက ဖန်လာပါတော့တယ်။

"ဟို ၂၅–မိုင်ဖုံမှာ ၃၀–နှုန်း မောင်းလို့ ဒဏ်ငွေရိုက်ခံလိုက်ရတဲ့ ရှင့်သူငယ်ချင်းကို သတိရသေးလား။ အခု သူက ဘာဖြစ်သွားသလဲ သိရဲ့လား။ မနေ့ကပဲ သူ့မိန်းမလဲ အဲဒီ ဖုံမှာ မိုင်လွန်မောင်းလို့ ဒဏ်ရိုက်ခံရတယ်"လို့

ကော်ဖီပေးရင်း ချိုသာစွာ ပြောလိုက်တယ်တဲ့။




www.burmeseclassic.com

www.burmeseclassic.com



## ငွေ

ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး ရက်ပေါင်းများစွာ ပဋိပက္ခဖြစ်ကြပြီး၊ အသက်သုံးနှစ်အရွယ်ရှိ မောင်ငယ်နဲ့၊ အသက် ငါးနှစ်အရွယ်ရှိတဲ့ မောင်ကြီးတို့ရဲ့ မိဘနှစ်ပါးဟာ ကွာရှင်းပြတ်စဲဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလို ဆုံးဖြတ်ပြီး မယားဖြစ်တဲ့သူက ငါးနှစ်အရွယ်ရှိတဲ့ မောင်ကြီးကိုခေါ်ပြီး အခြား အိမ်တစ်အိမ်ကို ခေါ်ဆောင်သွားခဲ့ပါတယ်။



သူတို့နှစ်ယောက်ဟာ (၁၀)ရက်လောက် အဆက်အသွယ် လုံးဝ ဖြတ်တောက်နေခဲ့ပါတယ်။ (၁၀)ရက်ကြာပြီးတဲ့နောက် ယောက်ျားဆီက ပို့လိုက်တဲ့ ကြေးနန်းတစ်စောင်ကြောင့် လင်မယားပြန်ပေါင်းထုပ်ခန်းကို ရောက်သွားပါတော့တယ်။

ကြေးနန်းစာထဲမှာ ရေးသားထားတာက...

"မောင်ငယ်ကို မောင်ကြီးနဲ့ လဲမယ်၊ အလိုက်ငွေ ၂၀၀၀–ကျပ်ပေးမယ်"တဲ့။

## ညှိကြေး

ရုပ်ရှင်ထုတ်လုပ်တဲ့သူတစ်ဦးက သူ့ဇာတ်ကားအတွက် လိုအပ်တဲ့ ဆေးသီချင်းများကို ငွေ ၁၀၀၀၀–ကျပ်နဲ့ ရေးစပ်ဖို့ တက်သစ်စ သီချင်းရေးတဲ့သူတစ်ယောက်ကို ကမ်းလှမ်းခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တက်သစ်စ တက်သစ်တေးသီချင်းရေးဆရာက...

"ပေးတဲ့ ငွေက နည်းလှချည်လား"

"မနည်းပါဘူးဗျာ၊ အရင်က သီချင်းရေး ဆရာတုန်းကလဲ ဒီနှုန်းအတိုင်း ပူဇော်ခဲ့တာပါပဲ"

"အရင်က သီချင်းရေးဆရာ ပုဂ္ဂိုလ်တွေက တကယ့် လူတော်တွေဗျ။ ကျုပ်က သူတို့လောက် မတော်ဘူး။ အဲဒီတော့ ပိုပြီး ပင်ပင်ပန်းပန်း ရေးစပ်ရမှာပေါ့"လို့

ပြန်ပြောလိုက်တယ်တဲ့။



## လုယ်အား၁

မန်နေဂျာကြီးတစ်ယောက်ဟာ သူ့ရဲ့ ရုံးခန်းအတွင်းက နံပါတ်နဲ့ လှည့်ဖွင့်ရတဲ့ မီးခံသေတ္တာ ခလုတ် ချွတ်ယွင်းသွားလို့ သူနဲ့ ရင်းနှီးတဲ့ မိတ်ဆွေထောင်မှူးကြီး တစ်ဦးထံကို ဆက်သွယ်ပြီး အကျဉ်းသားများထဲမှာ မီးခံသေတ္တာ ဖွင့်ပေးနိုင်တဲ့ သူရှိက လာရောက်ဖွင့်ပေးဖို့ စီစဉ်ပေးရန် မေတ္တာရပ်ခံလိုက်ပါတယ်။

မိနစ်၂၀-လောက်ကြာတဲ့ အခါမှာ အကျဉ်းသားတစ်ဦးနဲ့ အစောင့် တစ်ဦး ရောက်ရှိလာ





www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အကျဉ်းသားဟာ မီးခံ သေတ္တာ ခလုတ်ကို မိနစ်အနည်းငယ် ကလိလိုက်ပြီးနောက် မီးခံသေတ္တာတံခါးကို အသာ ဖွင့်ပေးလိုက်ပါတယ်။

"ခင်ဗျားကို ကျုပ် ဘယ်လောက်ပေးရမလဲ"

ဒီလို မန်နေဂျာကြီးက အကျဉ်းသားကို မေးလိုက်ပါတယ်။

"အင်း...ကျုပ်နောက်ဆုံး မီးခံသေတ္တာတစ်လုံးကို ဖွင့်တုန်းကတော့ ငွေ ၅၀၀၀၀-ကျပ် ရခဲ့တယ်ဗျ" လို့

အကျဉ်းသားက ဖြေလိုက်ပါတယ်တဲ့။

## ဟူးဏ်မလိုလို

အာဖရိကတိုက်က လူမျိုးစု အကြီးအကဲ တစ်ဦးဟာ လန်ဒန်မြို့တော်ကို အလည်အပတ်ရောက်ရှိလာခဲ့ပါတယ်။ လေယာဉ်ပျံကွင်းမှာ သတင်းထောက်တွေက ကြိုနှင့်ခဲ့ကြပါတယ်။



"ကောင်းတဲ့ မနက်ခင်းပါ ခေါင်းဆောင်ကြီး ခင်ဗျား။ ခရီးစဉ် တစ်လျှောက်မှာ သက်သာမှု ရှိခဲ့ပါရဲ့လား"

ဒီလို သတင်းထောက်တစ်ဦးက မေးမြန်းလိုက်ပါတယ်။

အကြီးအကဲက "ဗီး၊ ပီ၊ တီ၊ ကွီ၊ ဗီ၊ ခီး" လို့ အသံစုံတွေ ရှူးရှူး ကြမ်းကြမ်းလေး ပြုပါတယ်။ ပြီးတော့မှ အလွန်နဲ့ကို ပီသတဲ့ အင်္ဂလိပ် စကားနဲ့...

"ဟုတ်ကဲ့...အင်မတန် စိတ်ချမ်းမြေ့လောက်စရာ ရှိခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘယ်လောက်ကြာကြာ နေထိုင်ဖို့ စိတ်ကူးထားပါသလဲ ခင်ဗျာ"

သတင်းထောက်က ထပ်ဆင့် မေးလိုက်ပါတယ်။

အကြီးအကဲက စောစောကအတိုင်း ပြုလုပ်ခဲ့တဲ့ သံစုံတွေနဲ့ နှိုဒါန်းပျိုးပြီး...

"ရက်သတ္တပတ် သုံးပတ်လောက် နေမယ်လို့တော့ မှန်းထားပါတယ်"

အကြီးအကဲရဲ့ ထူးထူးခြားခြား သံစုံမြည်သံကြောင့် နဝေတိမ်တောင် ဖြစ်သွားတဲ့ သတင်းထောက်က ထပ်ဆင့် စုံစမ်းမှု ပြုလုပ်လိုက်ပါတယ်။

"အင်္ဂလိပ်စကားကို ဒီလောက်ကျွမ်းကျင်အောင် ဘယ်လို တတ်ထားပါသလဲခင်ဗျာ"

အကြီးအကဲကြီး သူ့ထုံးစံအတိုင်း ပီ၊ ဝီး၊ ထီးတို့၊ ဗီး...ရှီး လို့ မြည်ပြီး

"လှိုင်းတိုရေဒီယို နားထောင်ရင်းကနေ ကျွမ်းကျင်လာတာပါ"လို့ ပြောလိုက်ပါတယ်တဲ့။

## ၃၀။၃

အထက်လွှတ်တော် အမတ်နှစ်ယောက်ဟာ အကြောင်းခြင်းရာ တစ်ခုနဲ့ ပတ်သက်ပြီး အတိုက်အခံ ငြင်းခုံကြပါတယ်။

တဖြည်းဖြည်းနဲ့ ဒေါသအိုး ပေါက်ကွဲပြီး ပွဲကြမ်းလာပါတော့တယ်။ အမတ်တစ်ဦးက အခြားတစ်ဦးကို—

"သွားသေလိုက်ပါလား"လို့

ပစ်ပစ်ခါခါ ပြောလိုက်ပါတယ်။

"အစော်ကားခံလိုက်ရတဲ့ အမတ်မင်းဟာ သူ့ထိုင်ခုံပေါ်က ဒေါသ တကြီးနဲ့ ထသွားပါတယ်။ ပြီးတော့ စင်္ကြံလမ်းအတိုင်း လျှောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တစ်အုပ်ကို အေးအေးဆေးဆေးနဲ့ တောင်လှန်မြောက်လှန် ပြုလုပ်နေတဲ့ ဥက္ကဋ္ဌရှေ့မှာ ရပ်တန့်ပြီး–



"ဥက္ကဋ္ဌကြီးခင်ဗျာ... သူ ကျွန်တော့်ကို ပြောလိုက်တဲ့ စကားကို ကြားလိုက်ပါသလားခင်ဗျာ"

တစ်ချိန်လုံး နှုတ်ငြိမ်နေခဲ့တဲ့ ဥက္ကဋ္ဌကြီးက သူကြည့်နေတဲ့ စာအုပ်က နေပြီး မျက်နှာလွှဲမော်ကြည့်ပြီး–

"အင်း... ဒါပေမယ့်၊ ကျုပ် ဥပဒေစာအုပ်ကို လှန်ကြည့်တော့ သူပြောတဲ့အတိုင်း ခင်ဗျား လုပ်ချင်မှ လုပ်လို့ဖြစ်တယ်ဆိုတာ တွေ့တယ်ဗျ သိလား"လို့ ပြောလိုက်တယ်တဲ့။

## မိန်းမ ပရိယာယ်

ဇနီးသည်က သူ့ကို တီးတိုးပြောလိုက်ပါတယ်။

"ပရိဘောဂသမားတွေ စန္ဒရားကို လာသိမ်းတာ–"



ဒီအခါမှာ ခင်ပွန်းဖြစ်တဲ့သူက သတိ ပေးလိုက်ပါတယ်။

"နောက်အရစ်အတွက် မင်းကို ငါ ပိုက်ဆံပေးထားတယ်လေ–"

ဇနီးသည်က အေးဆေးစွာနဲ့ ပြော လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ရှင်၊ သူတို့အောက်ထပ်ကို ရောက်တာနဲ့ ကျွန်မ မီးကိုဆဲထုတ်ပေးမှာပါ။ ကျွန်မက စန္ဒရားကို ညှော့်ခန်းမှာထားတာ မီးကောင်းတယ်ထင်လို့--"တဲ့။

## အပြည့်ဝဆုံးလူဆိုတာ

တရားပွဲတစ်ခုမှာ ဓမ္မဆရာဟာ လူသားတွေရဲ့ ပျော့ညံ့မှုအကြောင်း ယေဘုယျပြောကြားပြီးနောက် ရုတ်တရက်မေးမြန်းလိုက်ပါတယ်။

"အပြည့်ဝဆုံး လူဆိုတာ ဘယ်လိုလူလဲ။ အဲဒီ လူစားမျိုး ရှိရဲ့လား၊ အပြည့်ဝဆုံးလူကို မြင်ဖူးတဲ့လူရှိရင် ပြောပြစမ်းပါ"

ဒီအခါမှာ သေးသေး ညှတ်ညှတ် လူတစ်ယောက်ဟာ မရဲတရဲနဲ့ ထလိုက်ပါတယ်။ ဓမ္မဆရာက သူ့ကို တအံ့တသြနဲ့ ကြည့်လိုက်ပါတယ်။



"နေပါဦး၊ ခင်ဗျားက အပြည့်ဝဆုံးလူကို မြင်ဖူးတယ်၊ သိတယ်ပေါ့"

"အသေအချာသိပါတယ် ဆရာ"

"သူဘယ်သူများ ဖြစ်မလဲ"

တဒင်္ဂမျှ တိတ်ဆိတ်သွားပြီးတဲ့နောက် ထိုသူက စိတ်အားထက်သန်စွာ ဆိုလိုက်ပါတယ်။

"ကျွန်တော့်မိန်းမရဲ့ ပထမယောက်ျား"




www.burmeseclassic.com

www.burmeseclassic.com



## ဖလှယ်လိုက်ပုံက

ခပ်ကဲကဲ အမျိုးသမီးနှစ်ယောက်ဟာ ခန်းမတစ်ခုမှာ တွေ့ဆုံမိကြပါတယ်။



"ဟေးဆူဆန်–မင်း သာယာချမ်းမြေ့တဲ့ ဘဝခရီးလမ်း လျှောက်နေတယ်လို့ ကြားတယ်၊ ဘယ်လိုလုပ် အဆင်ပြေနေတာလဲ"

"လွယ်ပါတယ်ကွာ၊ ကိုယ် သူဌေးတစ်ယောက်နဲ့ မိတ်ဆွေ ဖြစ်တယ်။ သူ့မှာက ပိုက်ဆံပေါပေါ ကိုယ့်မှာက အတွေ့အကြုံများများ ဖလှယ်လိုက်ကြတာပေါ့"

"အခုရော––"

"အခုတော့ သူက အတွေ့အကြုံရသွားပြီ၊ ကိုယ်က ပိုက်ဆံရထားပြီ"တဲ့

## မွှားများနေသလား

ဘဝတစ်လျှောက်လုံး ချို့တဲ့စွာနဲ့ ရှင်သန်ခဲ့ရပြီး စိတ်မချမ်းမသာနဲ့ ကွယ်လွန်သွားတဲ့ လူတစ်ယောက်ရဲ့ အသုဘအခမ်းအနားမှာ ဓမ္မဆရာဟာ ဒီလူရဲ့ ဂုဏ်ပုဒ်တွေနဲ့ ကောင်းကွက်တွေကို ဖွင့်ဆိုနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအခါမှာ ကွယ်လွန်သူရဲ့ ဇနီးဖြစ်တဲ့သူက သူ့သမီးရဲ့ နား;နားကို ကပ်ပြီး လေသံတိုးတိုးနဲ့ ပြောလိုက်တာက--

"သမီး အခေါင်းထဲကို သွားကြည့်စမ်း, နင့်အဖေမှ ဟုတ်ရဲ့လား" တဲ့။

## အကျင့်သစ်

အမျိုးသမီးနှစ်ယောက်ဟာ ဈေးဝယ်ရင်း ရပ်တန့်ပြီး စကား ပြောဆိုနေခဲ့ကြပါတယ်။

ပထမအမျိုးသမီးက--

"ရှင့်--ယောကျ်ားက ရှင့်ကို မရိုက်တော့ဘူး မဟုတ်လား။ တရားသူကြီးက သူ့ကို ဒဏ်ငွေငါးဆယ် ရိုက်လိုက်ကတည်းက မှတ်သွားတယ် မဟုတ်လား--"



ဒီအခါမှာ ဒုတိယအမျိုးသမီးက ပြန်ပြီး အဖြေပေးလိုက်တာက-

"ရိုက်ဖို့နေနေသာသာ လက်ဖျားနဲ့တောင် မတို့ရဲဘူး။ ဒါပေမယ့် အခု သူ့မှာ အကျင့်သစ်တစ်ခု ရှိနေတယ်။

"ဘယ်လို အကျင့်သစ်လဲ ပြောပြစမ်းပါဦး--"

"သူ ကျွန်မကို မကျေနပ်တဲ့အခါမှာ ကျွန်မကို စူးစူးရဲရဲကြည့်ပြီး စာဘူးထဲကို ငွေငါးဆယ် ထည့်လိုက်ရော" တဲ့။



www.burmeseclassic.com


www.burmeseclassic.com



## မယားအသစ်ယူပေးလိုက်တယ်

ဘဏ်ဝန်ထမ်းနှစ်ယောက်ဟာ ဘီယာဆိုင်တစ်ဆိုင်မှာ စကားပြောဆို နေကြပါတယ်။

"မီးခံသေတ္တာထဲက ပိုက်ဆံတွေ စိန်၊ ရွှေ၊ ငွေ၊ ရတနာပစ္စည်းတွေကို ခိုးယူသွားတာကတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ဘာကြောင့်မို့ ဘဏ်အုပ်ချုပ်ရေးမှူးရဲ့ မိန်းမကိုပါ ခိုးသွားတာလဲ--ငါတော့ နားမလည်ဘူး"



"ရှင်းရှင်းလေးပါကွာ။ သူ့ကို ဘဏ်အုပ်ချုပ်ရေးမှူးက လိုက်မရှာ အောင်လို့ပေါ့ကွာ"တဲ့။


## ကံအဆိုးဆုံးလူ

ဖခင်ဖြစ်တဲ့သူက မီးဖိုဆောင်မှာ ပန်းကန်တွေကို ဆေးကြောလို့ နေပါတယ်။

သားဖြစ်တဲ့သူက ပြောလာပါတယ်။

"ဖေဖေ မယားနှစ်ယောက်နဲ့ လူဆိုတာ ဘယ်လိုလူမျိုးလဲဟင်"

"လောကမှာ ကံအဆိုးဆုံးလူ ပေါ့ သားရယ်၊ ဖေဖေ့ထက် နှစ်ဆ ပိုပြီး ပန်းကန်တွေဆေးကြောရ တယ်ကွယ်"တဲ့။





www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာကို ဒီလိုထားမိ

စားသောက်ဆိုင်တစ်ဆိုင်အတွင်းမှာ ဧည့်သည်တစ်ယောက်ဟာ အတော့်ကို ဒေါပွလို့ နေပါတယ်။



အစားအသောက် မှာထားတာ နှစ်နာရီလောက် ကြာပါပြီ။ စားပွဲထိုး အမျိုးသမီးက ယူမလာပါ။ သူဟာ စားသောက်ဆိုင်ပိုင်ရှင်ကို လှမ်း ခေါ်လိုက်ပါတယ်။

"ဟောဒီမှာ ပိုက်ဆံ၊ စားပွဲ ထိုးတဲ့ အမျိုးသမီးအတွက် ပန်းတွေ ဝယ်ပေးလိုက်ပါ"

"ဟုတ်ကဲ့--စားပွဲထိုးတဲ့ အမျိုးသမီးကို နောင်ကြီးက အတော့် ကို သဘောကျသွားပြီ ထင်တယ်"

ဧည့်သည်က စိတ်ဆိုးမာန်ဆိုးနဲ့--

"သဘောကျတယ် ဟုတ်လား--သဘောကျလို့ မဟုတ်ဘူး။ သူသေပြီမှတ်လို့ဗျ"တဲ့။

# ကောင်းသိ

ခွဲစိပ်ကုသမှုကို ခံယူပြီးတဲ့နောက် သတိပြန်လည်လာတဲ့ လူနာကို ဆရာဝန်က ပြောလိုက်ပါတယ်။

"ခင်ဗျားကို ကျွန်တော့် အချက်နှစ်ချက် ပြောစရာရှိပါတယ်။

"ပြောပါဆရာ"

"မှာစ်ခုက ခွဲစိတ်ကုသမှုကို ခင်ဗျား က ကြံ့ကြံ့ခံနိုင်ခဲ့တယ် ဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုကကောဆရာ"

"အဲ--နောက်တစ်ခုကတော့ မဖြတ်ရမယ့် ခြေထောက်ကို ကျွန်တော်တို့ မှားပြီးဖြတ်မိလို့ပါပဲ"တဲ့။

## စာဖတ်တတ်ကောမှ

စာရေးဆရာကြီးဟာ သူ့ရဲ့ ဝတ္ထုစာမူ တစ်ပုဒ် ပျောက်ဆုံးသွားလို့ အိမ်ခန်း တစ်ခန်းလုံး မွှေနှောက်ပြီး ရှာဖွေနေခဲ့ပါတယ်။

မတွေ့တဲ့အခါမှာ သူ့ရဲ့ ဇနီးဖြစ်တဲ့ သူကို လှမ်းမေးလိုက်ပါတယ်။



"ဟေ့--ငါမနေ့က အပြီးသတ်လိုက်တဲ့ ဝတ္ထုစာမူဟာ ဘယ်ကိုရောက်သွားသလဲ၊ သားသားဆွဲဆုတ်လိုက်ပြီထင်တယ်"

"ဟာ--ပေါက်ကရတွေကို ပြောမနေနဲ့၊ သားသားက စာမှ မဖတ်တတ်သေးဘဲနဲ့"တဲ့။

## ချိုသည်



မယား။ ။ "စတုံးတို့ရဲ့ အိမ်ကို လုံးဝ မသွားချင်ပေါင်"



www.burmeseclassic.com

www.burmeseclassic.com



လင်။ ။ "ငါလည်း မသွားချင်ပါဘူးကွာ၊ ဒါပေမယ့် တို့မရောက်လာရင် သူတို့ လင်မယား ဘယ်လောက်များ ဝမ်းသာကြမယ်ဆိုတာ"

မယား။ ။ "အင်း–ဟုတ်တယ်၊ အဲဒါတော့ အဖြစ်မခံနိုင်ဘူး။' ကဲလာ သွားကြမယ်"တဲ့။

## တိတိကျကျ

ရွာတစ်ရွာမှာ အလွန်ရိုးသားပြီး တိကျတဲ့ **ဦးပိုက်**ဆိုတဲ့ လယ်သမားကြီးတစ်ဦး ရှိတယ်။ **ဦးပိုက်**ဟာ အလုပ်,လုပ်ရာမှာဖြစ်စေ၊ ပြောဆိုဆက်ဆံရာမှာဖြစ်စေ အလွန့်ကို တိတိကျကျ မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် လုပ်မှ ကြိုက်နှစ်သက်တယ်။ သူကိုယ်တိုင်လဲ တိတိကျကျ လုပ်လေ့ရှိပါတယ်။

တစ်နေ့မှာတော့ **ဦးပိုက်**ဟာ မိတ်ဆွေဖြစ်တဲ့ **ဦးဝက** မြို့ကို အလည်ခေါ်လို့ ရောက်ရှိသွားခဲ့ပါတယ်။

မြို့ကိုရောက်ပြီး နောက်တစ်နေ့မှာ **ဦးပိုက်**နဲ့ **ဦးဝ**တို့ဟာ မြို့တွင်းမှာ ရှိတဲ့ တန်ခိုးကြီး ဘုရားစေတီပုထိုးတွေကို ဖူးမျှော်ကြည်ညိုဖို့ ထွက်လာခဲ့ကြပါတယ်။



လမ်းရဲ့ တစ်နေရာမှာ အလှူခံအဖွဲ့ တစ်ဖွဲ့ကို မြင်တွေ့ရပါတယ်။ **ဦးပိုက်**ဟာ စေတနာ သဒ္ဓါတရား ထက်သန်သူမို့ ငွေနှစ်ဆယ်ကို ထည့်ဝင် လှူဒါန်းလိုက် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလှူခံအဖွဲ့က ပုဂ္ဂိုလ် တစ်ဦးက အသံချဲ့စက်နဲ့ **ဦးပိုက်အာ** အမွှမ်းတင်ပြီး…

"ဘုရားတကာ၊ ကျောင်းဒါယကာ **ဦးပိုက်**က အလှူတော်ငွေ နှစ်ဆယ်ကျပ်ကို လာရောက်ပြီး လှူဒါန်းပါတယ်ခင်ဗျာ"လို့

ပြောလိုက်ပါတယ်။

ဒီစကားကို ဦးပိုက်ကကြားလိုက်ရတော့ ဒေါသ ဖြစ်သွားပါတယ်။ ဒါကြောင့် **ဦးပိုက်**က ပြောလိုက်သော စကားမှာ အလှူခံအဖွဲ့အတွက် နာစရာမဖြစ်ဘဲ ရယ်စရာ ဖြစ်သွားပါတော့တယ်။

**ဦးပိုက်**ပြောလိုက်တဲ့ စကားက…

"ဟေ့…ငါက ဘုရားဒါယကာလဲ မဟုတ်ဘူး၊ ကျောင်းဒါယကာလဲ မဟုတ်ဘူး။ ငါက လယ်သမားကွ၊ လယ်သမား…"လို့

ပြောလိုက်ပါတယ်တဲ့။

## နွားရောင်းပိုင်ခဲ့သူ

ရွာတစ်ရွာမှာ **ကိုအောင်တိုး**နဲ့ **မခင်စိုး**ဆိုတဲ့ ဇနီးမောင်နှံ ရှိကြပါတယ်။ **ကိုအောင်တိုး**ဟာ အလွန့်ကို ရိုလွန်း, အ,လွန်းပါတယ်။ ဒါကြောင့် **မခင်စိုး**ဟာ အမြဲဆူပူပြီး ပြောဆိုရပါတယ်။

သူတို့မှာ ခိုင်းနွားကြီးတွေ ရှိပါတယ်။ အဲဒီ ခိုင်းနွားကြီးတွေမှာ နွားတစ်ကောင်က ပိုနေလို့ ရောင်းပစ်ဖို့ သဘောတူကြပါတယ်။ ဒါနဲ့ ခိုင်းနွား တစ်ကောင်ကို ရောင်းမယ့်အကြောင်းကို ရပ်ရွာထဲကို လှည့်ပြီး သတင်းလွှင့်လိုက်ပါတယ်။

တစ်နေ့မှာတော့ ဇနီးဖြစ်သူ **မခင်စိုး**ဟာ ရွာထိပ်က ချောင်းထဲရေခပ်ဖို့ သွားရောက်နေပါတယ်။ ဒီအချိန်မှာ နွားဝယ်မယ့်သူတစ်ယောက် လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ကိုအောင်တိုး**ကို ရောင်းမယ့်ဈေးကို မေးရာ—

"နှစ်သောင်းရရင် ရောင်းမယ်"လို့

ပြောလိုက်ပါတယ်။

ခိုင်းနွားကို နွားဝယ်မယ့်သူက သေသေချာချာ ကြည့်ပြီး…

"ခင်ဗျားရဲ့ နွားကြီးက ချိုတယ်လူးကြီးဗျ၊ မျက်ခြားဗွေလဲ ပါသေးတယ်။ **တယ်လူးမျက်ခြား အဝယ်မမှားနဲ့**လို့တောင် အဆိုရှိတယ် မဟုတ်လား။ ဈေးလျှော့ပါဦးဗျာ၊ တစ်သောင်းခွဲထားပါ"လို့

ဈေးဆစ်လိုက်ပါတယ်။

**ကိုအောင်တိုး**ဟာ ရိုးသူ့အသူ ဖြစ်တယ်။ နွားဝယ်မယ့်သူကို ဘာမျှ ပြန်မချေပတတ်ဘဲ ဖြစ်နေပါတယ်။

"ကဲ ထားပါဗျာ တစ်သောင်းခွဲ"လို့

ဆိုကာ နွားဝယ်မယ့်သူက **ကိုအောင်တိုး**ရဲ့ ရိုးအ,ပုံကို အကဲခတ်မိပါတယ်။ ဒါကြောင့် ဆက်ပြီး အပြစ်ရှာပြန်ပါတော့တယ်။



"ဟာ…ခင်ဗျားနွားက အမွေးလဲ မလှဘူးဗျ၊ **နွားပြာနီ ဒူးမည်း၊ ဆူးလှည်းတောင်မရုန်းဘူး၊ နွားပြာနီမွေးပဲ၊ ဒူးကလဲ မည်းနေသေးတယ်**လို့ အဆိုရှိနေပြန်တယ်ဗျ။ ဒီတော့ လျှော့ပါဦးဗျာ။ ငါးထောင်လောက်"

**ကိုအောင်တိုး**ဟာ မငြင်းသာဘဲ လျှော့ရပြန်ပါတယ်။ ရောင်းဈေး တစ်သောင်း ဖြစ်သွားတယ်။ ဒါပေမယ့် နွားဝယ်သူက မကျေနပ်သေးဘဲ နွားကြီးကို ဖြုတ်မောင်းကြည့်ပါတယ်။ ပြီးတော့…

"ဟာ…ခင်ဗျားနွားကြီးက ညာဘက်ခြေထောက်က ကုတ်ဆွဲနေတာပဲကိုး မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒါမျိုးက ခိုင်းလို့ မကောင်းဘူးဗျ ငါးထောင်လောက်တော့ လျှော့ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်တိုးက လျှော့ရပြန်တယ်။ နောက်ဆုံး ငါးထောင်နဲ့ ဈေးတည့်သွားပါတယ်။ နွားဝယ်တဲ့ သူဟာ ဝမ်းသာအားရနဲ့ ဈေး ငါးထောင်ကို ပေးချေကာ နွားကြီးကို မောင်းပြီး ထွက်သွားပါတယ်။

တစ်အောင့်လောက်ကြာတဲ့အခါမှာ ဇနီးဖြစ်တဲ့ မခင်စိုးဟာ ရေခပ်ရာက ပြန်လာပါတယ်။ ပြန်ရောက်တဲ့ အခါမှာ အကြောင်းစုံကို သိတော့ စိတ်ဆိုးပြီး...

"ရှင်နှယ့်တော်—သူများတကာတွေ မခိုင်းလောက်သေးတဲ့ နွားပေါက်လေးတွေကိုတောင် နှစ်သောင်းခွဲ၊ သုံးသောင်းဈေးရနေတဲ့ အချိန်မှာ ရှင်ကတော့ ဝဝဖီးဖီး ခိုင်းနွားကြီးကိုတောင် ငါးထောင်နဲ့ ရောင်းလိုက်တာ အံ့ပါရော၊ အ,ပါ့ နပါ့ **ကိုအောင်တိုး** ရဲ့"လို့

မြည်တွန်တောက်တီးပါတယ်။

ဒီအခါမှာ ကိုအောင်တိုး ပြန်ပြောလိုက်တဲ့ စကားကြောင့် ဇနီးဖြစ်တဲ့ **မခင်စိုး** တစ်ယောက် သူ့နဖူးကိုသူ လက်ဝါးနဲ့ ရိုက်လိုက်မိပါတယ်။

**ကိုအောင်တိုး** ပြန်ပြောလိုက်တဲ့ စကားက—

"တိုးတိုးပြောပါ။ ဟိုလူကြားသွားပါဦးမယ်။ ငါးထောင်ရတာ တော်သေးတယ်ကွ သိလား၊ တို့နွားကြီးက မျက်စိတစ်လုံး တိမ်စွဲနေတာ သူသိမသွားလို့ သိများသိရင်လား ဟင်း...အဲဒီနွားကြီးကို အလကားတောင် ပေးလိုက်ရမှာပါဗျ"တဲ့။

**ခက်ဆစ်အဓိပ္ပါယ်**

(၁) **ချိုတယ်လူး**။ ။ လက်နဲ့ကိုင်ကြည့်ရင် ယိုင်နဲ့ပြီး လှုပ်ရှားလာတဲ့ချို။
(၂) **မျက်ခြားဖွေး**။ ။ မျက်လုံးနှစ်လုံးကြား နေရာမှာ ရှိတဲ့ ဖွေးဆိုး။
(၃) **တုတ်ဆွဲ**။ ။ အချို့နွားရဲ့ခြေ၊ လက်တွေမှာ ပါတတ်တယ်။ **"တုတ်ကြော"**ခေါ် အကြောတစ်မျိုးကြောင့် နွားသွားတဲ့အခါမှာ ဆတ်တောက်ဆွဲတောက်ဖြစ်တာကိုတုတ်ဆွဲတယ်လို့ ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# သူခိုးကိုမြင်စေမယ်

တစ်ခါက ရွာတစ်ရွာမှာ **မောင်ဖြူ**ဆိုတဲ့ ကောင်ကလေးတစ်ယောက် ရှိတယ်။ **မောင်ဖြူ**ဟာ သူ့အစ်မနဲ့အတူ ခြံထဲကို လိုက်သွားလေ့ ရှိတယ်။ သူ့အစ်မ ဟင်းသီးဟင်းရွက်တွေ ခူးဆွတ်နေချိန်မှာ **မောင်ဖြူ**ဟာ ခြံဘေးက ချောင်းရိုးနားကို သွားပြီး ငါးမျှားနေတတ်ပါတယ်။

ရိုးတစ်လျှောက်မှာ ငှက်ပျောပင်တွေ ရှိတယ်။ ငှက်ပျောဖူး၊ ငှက်ပျောခိုင်တွေဟာ အရွယ်အစား အမျိုးမျိုး သီးနေကြပါတယ်။

တစ်နေ့မှာ **မောင်ဖြူ**ဟာ ငှက်ပျောခိုင်တွေကို မှည့်တဲ့အထိ ထားရင် သူခိုးတွေ ခိုးလွှန်းလို့ လင်းမြွေချောအရွယ် ငှက်ပျောခိုင် တစ်ခိုင်ကို ခုတ်ပြန်မယ်အလုပ်မှာ ငှက်ပျောခိုင်ဟာ မရှိတော့ဘူး။

ဒါနဲ့ အစ်မဖြစ်တဲ့သူဟာ...

"သူခိုးကလဲ ပေါလိုက်တာနော်၊ မနက်ကတင် မြင်သေးတယ်။ ဘယ်အချိန်ကများ ခုတ်သွားပါလိမ့်"လို့

ညည်းညူရှာပါတယ်။



အဲဒီအခါမှာ **မောင်ဖြူက**...

"အစ်မ ချောင်းထဲဆင်းပြီး မုန်လာဉတွေကို ဆေးနေတုန်းက ခုတ်သွားတာလေဗျာ"လို့

ပြောလိုက်ပါတယ်။

"ဟယ်...သူခိုးကို မောင်လေး မြင်လိုက်တယ်နော်"

"မြင်လိုက်တယ်"

"မြင်လိုက်တာတောင် ဘာမှ မပြောဘူးလား"

**မောင်ဖြူက**...



www.burmeseclassic.com

www.burmeseclassic.com




"သူရုက်သွားမှာစိုးလို့ ကျွန်တော်တောင် ပုန်းနေရသေးတယ်"လို့ ပြန်ပြောလိုက်တယ်တဲ့။

## နာမည်တစ်လုံး

အလယ်တန်းကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ်ဆရာကြီးဟာ သူ့ကျောင်းက ကျောင်းသားတွေ ပထဝီနဲ့ ပတ်သက်ပြီး ဗဟုသုတ ဘယ်လောက် ရှိ,မရှိကို သိလိုတာနဲ့ စာသင်တန်းတစ်တန်းကို ဝင်ရောက်ပြီး...

"ကဲ... ကျောင်းသားတွေ မင်းတို့ကို ပထဝီနဲ့ ပတ်သက်ပြီး ဘယ်လောက် ဗဟုသုတ ရှိကြသလဲဆိုတာ မေးကြည့်ရဦးမယ်။ စဉ်းစားပြီး ကြိုးစားဖြေကြ။ အကုန်မှန်အောင် ဖြေဆိုနိုင်တဲ့ သူကို ဆရာက ဗလာစာအုပ် တစ်ဒါဇင် ဆုချမယ်။ ကဲ...မေးမယ်။ တို့မြန်မာနိုင်ငံမှာ မြို့တွေအနက် နာမည်တစ်လုံးတည်း ရှိတဲ့မြို့ ၁၅-မြို့တောင် ရှိတယ်။ အဲဒီမြို့အမည်တွေကို ပြောကြစမ်း"

စာသင်ခန်းဟာ တိတ်ဆိတ်လို့ သွားပါတယ်။ အချို့ ကျောင်းသားလေးတွေဟာ မျက်လုံးလေး ပေကလပ် ပေကလပ် ဖြစ်လို့နေပါတယ်။ အချို့ကတော့ တိုးတိုးလေး ရေရွတ် ကြည့်နေကြပါတယ်။ ခဏကြာတဲ့အခါမှာ ကျောင်းသား တစ်ဦးက ထရပ် လိုက်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



"အေး... ဟုတ်ပြီ၊ မင်းဖြေစမ်း"

"မြန်မာနိုင်ငံမှာရှိတဲ့ နာမည်တစ်လုံးတည်းရှိတဲ့ မြို့တွေဟာ ရေးမြို့၊ မြိတ်မြို့၊ အမ်းမြို့၊ ဖွဲမြို့၊ ချောက်မြို့၊ မြိုင်မြို့၊ ဖြူးမြို့၊ ဝေါမြို့၊ ပြည်မြို့၊ ဆောမြို့၊ ပေါက်မြို့၊ ပြီးတော့ အခု ပြင်ဦးလွင်လို့ခေါ်တဲ့ မေမြို့..."

တယ်တော်ပါလားကွ၊ ဟုတ်ပြီဆက်ပြော"

ကျောင်းအုပ်ဆရာကြီးက ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်နေပါတယ်။ အတန်းပိုင်ဆရာက ခပ်ပြုံးပြုံးနဲ့ ချစ်တပည့်နားမှာ ရပ်ပြီး အားပေးကြည့် လှမ်းကြည့်နေပါတော့တယ်။

"ပြီးတော့ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ လှိုင်မြို့၊ စစ်ကိုင်းတိုင်းမှာ ရှိတဲ့ မြောင်မြို့၊ ပြီးတော့..."

ကျောင်းအုပ်ဆရာကြီးက–

"အေး... ဟုတ်ပြီ၊ တစ်မြို့ပဲ ကျန်တော့တယ်။ ဒီတစ်မြို့မှန်ရင် မောင်ရင် ဗလာစာအုပ် တစ်ဒါဇင် ဆုရတော့မယ်"

ကျောင်းသားငယ်ဟာ ဟိုကြည့်ဒီကြည့်နဲ့ စဉ်းစားနေပါတယ်။ ဒီအခါမှာ အတန်းပိုင်ဆရာက ကျန်တစ်မြို့ဟာ (ပေါင်မြို့)ဖြစ်ကြောင်း သိအောင် သူ့ရဲ့ ပေါင်ကို အသံမမြည်အောင် လက်ဖြင့် အသာ ပုတ်ပြပါတယ်။ ကျောင်းသားငယ်က လှမ်းကြည့်ပြီး အားရပါးရ ဖြေလိုက်ပုံက...

"ကျန်တဲ့ တစ်မြို့က ပုတ်မြို့ပါဆရာကြီး"လို့

အဖြေပေးလိုက်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# မစားလောက်ရင်

တောရွာတစ်ရွာမှာရှိတဲ့ မူလတန်းကျောင်း တစ်ကျောင်းမှ အိပ်ငိုက်ပြီး စကားကို အယောင်ယောင်အမှားမှား ပြောဆိုတတ်တဲ့ ကျောင်းသားလေး **မောင်ငွေ**ဆိုသူ ရှိပါတယ်။

တစ်နေ့မှာ ဆရာဖြစ်တဲ့သူက သချာဘာသာရပ်ဖြစ်တဲ့ အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစား သင်ခန်းစာ သင်ကြားရင်း မစားလောက်ရင် တစ်ခုတိုးရကြောင်း သင်ကြားရင်းမှ **မောင်ငွေ** အိပ်ငိုက်နေမှန်း မြင်သွားတာနဲ့ ဒေါသဖြစ်ပြီး စားပွဲကို ကြိမ်လုံးနဲ့ "ဖြန်း... ဖြန်း..."လို့ အသံမြည်အောင် ရိုက်ပါတယ်။



အိပ်ငိုက်နေတဲ့ **မောင်ငွေ** ဟာ လန့်ဖြန့်ကာ နိုးသွားပြီး ခေါင်းထောင် ကြည့်လိုက်ပါတယ်။ ဒီအခါမှာ ဆရာ ဖြစ်တဲ့သူက...

"ဟေ့ကောင်... **မောင်ငွေ**၊ မစားလောက်ရင် ဘာလုပ်ရသလဲကွ"လို့ မေးလိုက်တဲ့အခါမှာ **မောင်ငွေဟာ** လန့်ဖြန့်ပြီး...

"ဟုတ်ကဲ့ဆရာ ကျွန်တော်သိပါတယ်။ မစားလောက်ရင် ဘူးသီးနဲ့ ရောရပါတယ်ဆရာ"လို့

ပြန်ပြောလိုက်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# အစိပ်ချ

တစ်ခါက ရွာတစ်ရွာမှာ ဦးစိန်နီ ဆိုတဲ့ ဦးကြီးတစ်ယောက် ရှိတယ်။ သူဟာ ရုံးတစ်ရုံးကို လျှောက်လွှာတင်ဖို့ ရောက်ရှိသွားပါတယ်။ စာရေးကလေး ရှေ့မှာ လျှောက်လွှာစာရွက်ကို ထားလိုက်ပြီး...

"ဦးကြီး ကိစ္စကို အရင်ဆောင်ရွက်ပေးပါနော်"

"အစိပ်ချ... အစိပ်ချ"လို့

စာရေးကလေးက ပြောလိုက်ပါတယ်။



ဦးစိန်နီက ရုံးပြင်ကို ရှာကနဲ လှည့်ထွက်သွားပါတယ်။ ခဏကြာတော့ ရုံးထဲကို ပြန်ဝင်လာပြီး လျှောက်လွှာ စာရေးကလေးကို...

"ရော့... မင်းတောင်းတဲ့ အစိတ်၊ နည်းသေးလား"

ပြောပြောဆိုဆိုနဲ့ ဦးစိန်နီက ငွေ ၂၅-ကျပ် ထုတ်ပေးလိုက်ပါတယ်။

"ဦးကြီး ဒါဘာလုပ်တာလဲ၊ ငွေပေးဖို့ မလိုပါဘူး။ အစိပ်ချပါဆိုနေ"

"ခုက္ကပါပဲ၊ အစိတ်ချပါဆိုလို့လဲ အစိတ်ချရတယ်၊ ပေးပြန်တော့လဲ မယူ၊ တယ်ခက်ပါလား"

သူတို့နှစ်ယောက်အဖြစ်ကို သိသော စာရေးမလေးတစ်ယောက်က ဝင်ပြောလိုက်မှ ကျေအေးသွားပါတယ်။

"ဒီလို ဦးကြီးရဲ့ အစ်ကိုက လျှာနဲ့ လျှာခင် တွဲနေလို့ စကားမပီဘူး။ ဒါကြောင့် "စိတ်ချပါ" ပြောတာကို အစိတ်ချ ဖြစ်သွားတာလေ"လို့ ပြောလိုက်ပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေကြောက်တဲ့ ဒေါ်ဂျမ်းပုံ

ဒေါ်ဂျမ်းပုံဆိုတဲ့ မုဆိုးမကြီးမှာ ကလျာဆိုတဲ့ (၁၆)နှစ်အရွယ် သမီးလေးတစ်ယောက် ရှိတယ်။ ကလျာဟာ ကိုယ်လုံးကိုယ်ထည်က တောင့်တောင့် တင်းတင်းနဲ့ မျက်နှာကလေးက ချစ်စရာကောင်းတဲ့ ကလေးမလေး ဖြစ်ပါတယ်။ ဆင်းရဲသူ ဆင်းရဲသားကလည်းဖြစ်၊ အမေတစ်ခု၊ သမီးတစ်ခုမို့ ဘယ်နေရာမှ ခွဲသည်မရှိပါ။ အမြဲတမ်းလိုလို အမေနဲ့ သမီးဟာ ပူးတွဲလို့ နေကြပါတယ်။

ဒေါ်ဂျမ်းပုံဟာ မုန့်တောင်းကို ခေါင်းရွက်ပြီး ဈေးရောင်းတဲ့အခါမှာ သမီးဖြစ်တဲ့ ကလျာက...

"အကြော်နော်... အကြော်-ပူပူလေးယူကြပါဦး..."လို့ အော်ပေးပါတယ်။



ပြီးတော့ မြေပဲဆွတ်၊ ပဲရိတ်၊ ထွေရာလေးပါး ဘယ်အလုပ်ကိုပဲ လုပ်လုပ် သားအမိနှစ်ယောက်က အတူတူ၊ သားအမိနှစ်ယောက်ထဲ ရှိတဲ့ အိမ်မှာ ရေချိုးသွားရာမှာ တစ်ဦးက အိမ်စောင့်၊ တစ်ဦးက ရေချိုး မပြု လုပ်ဘဲ အိမ်တံခါးကို ပိတ်ပြီး နှစ်ဦး သား ရေချိုးသွားတတ်တဲ့ အထိ သားအမိနှစ်ယောက်ဟာ တစ်ဦးကို တစ်ဦး လွန်စွာချစ်ကြပါတယ်။

ဒေါ်ဂျမ်းပုံဟာ အလွန်တစ္ဆေကြောက်တတ်တဲ့ မိန်းမ ဖြစ်ပါတယ်။ တစ်ခါမှ တစ္ဆေကို မမြင်ဘူး၊ မတွေ့ဘူးပေမယ့် တစ္ဆေကိုတော့ အလွန် ကြောက်ပါတယ်။ ရပ်ရွာမှာ နာမှုကိစ္စ ပေါ်ပေါက်လာပါက ညမှာ အိမ်အပြင်ကို မထွက်ဝန့်တော့ပါ။ အိမ်ထဲမှာပဲ တံခါးကို ပိတ်ထားတတ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကြမ်းကြားပေါက်များရှိရာကို အဝတ်နဲ့ လိုက်လံပိတ်ဆို့ပြီး အိပ်လေ့ ရှိပါတယ်။ ဒီလောက်အထိကို အကြောက်လွန်ပါတယ်။

တစ်နေ့ အကြောက်လွန်တဲ့ ဒေါ်ဂျမ်းပုံ တစ်ယောက် အခက်တွေ့ ရပါတော့တယ်။ သမီးလေး ကလျာ အပူသွေးပျက်ပြီး သေဆုံးသွားပါတယ်။ ကြားရသူတိုင်းက စိတ်မကောင်းဖြစ်ရပါတယ်။

ဒေါ်ဂျမ်းပုံအတွက် ကိုယ်ချင်းစာပြီး စုတ်တသပ်သပ် မျက်ရည်တဝဲဝဲနဲ့ အသုဘ လာမေးကြပါတယ်။ ရွာမှာ ဖြစ်သွားတဲ့ အသုဘတွေထဲမှာ ကလျာရဲ့ အသုဘလောက် စည်ကားတာကို မတွေ့ရဘူးပါ။ အလွန့်ကို စည်ကားပါတယ်။ စာနာသနားစိတ်နဲ့ လိုက်ပို့ကြပါတယ်။ လာမေးကြပါတယ်။

အသုဘမှာ ဒေါ်ဂျမ်းပုံ ငိုလိုက်တာကြောင့် လိုက်လံပို့ဆောင်သူတွေ ငိုရမလို၊ ရယ်ရမလိုနဲ့ ပိုပြီး ခေါင်းရှုပ်သွားကြပါတယ်။

ဒေါ်ဂျမ်းပုံ အော်ဟစ်ငိုလိုက်ပုံက...

"ကလျာ သမီးရေ...အမေ့ကို တစ်ယောက်တည်း ထားပစ်ခဲ့ပြီလား၊ သမီးနော်...သမီး အဝေးကို မသွားလိုက်ပါနဲ့၊ ဒါ့အပြင် အမေ့ဆီကိုလဲ မလာလိုက်ပါနဲ့ အေရယ်...သမီးရဲ့...ဟီး...ဟီး...ဟီး...ဟီး..."တဲ့။

## ကြည့်ပြောလော့

လက်ပံကုန်းရွာမှာရှိတဲ့ လူပျိုကြီး ကိုချက်ရဲ့ အိမ်နဘေးမှာ ကလေး အလွန်များတဲ့ ဒေါ်ပု နေပါတယ်။ ဒေါ်ပုမှာ သားသမီး (၆)ယောက်ရှိပြီး ယောက်ျားလေး (၅)ယောက်၊ အငယ်ဆုံး (၁)ယောက်က သမီးလေး ဖြစ်ပါတယ်။



www.burmeseclassic.com


www.burmeseclassic.com



ဒေါ်ပုရဲ့ သားယောကျ်ားလေး (၅)ယောက်ဟာ မျောက်ရှုံးအောင်ကို ဆော့တဲ့ ကလေးတွေ ဖြစ်တယ်။ ဒီကလေး(၅)ယောက် စုပြီး ကစားရင် ရပ်ရွာပျက်မတတ်ကို ဆူညံလို့နေပါတယ်။

လူပျိုကြီး **ကိုချက်** ဟာ နေ့လည်နေ့ခင်းမှာ ပျင်းပျင်းရှိလို့ အိပ်မယ်ကြံရင် ဆူညံနေတဲ့ ကလေးတွေကြောင့် ကောင်းကောင်း မအိပ်ရဘူး။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ ကြာတော့ လူပျိုကြီး **ကိုချက်**ဟာ သည်းမခံနိုင်တော့ပါ။

တစ်နေ့မှာ လူပျိုကြီး **ကိုချက်**ဟာ ဆူညံနေတဲ့ ကလေးတွေကို ကြည့်ကာ အိမ်ရှေ့ထွက်ပြီး



"ဆူလိုက်တဲ့ ကလေးတွေ လက်ပံပင် ဆက်ရက်ကျသလား မှတ်တယ်။ မိဘလုပ်တဲ့သူတွေ ကလည်း ဆုံးမခြင်းပြုခြင်း မရှိဘူး။ အားတိုင်းတော့ မွေးပြီး ဟင်း မပြောလိုက်ချင်ဘူး"လို့ ပြောလိုက်ပါတယ်။

လူပျိုကြီး **ကိုချက်** ပြောတာကိုမီးဖိုချောင်မှာ ထမင်းရည်ငှဲ့နေတဲ့ ဒေါ်ပုက ကြားသွားပြီး ပြန်နှုတ်လှံထိုးလိုက်ရာ **ကိုချက်**ဟာ အိမ်ထဲကို ပြေးဝင်သွားပါတော့တယ်။

ဒေါ်ပုက...

"ဟဲ့... ဘယ်အကောင်က အားတိုင်းမွေးတယ်လို့ ပြောရတာလဲ၊ စကားကို ကြည့်ပြောပေါ့၊ မအားတဲ့ကြားထဲက မွေးထားရတာ သိရဲ့လား"လို့ ပြောလိုက်ပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်မှာစွဲလို့တုန်း

ရပ်ကွက်ထဲမှာ ကိုမှူးဆိုတဲ့ လူတစ်ယောက် ရှိပါတယ်။

တစ်နေ့မှာ ကိုမှူးဟာ အရက်ဖြူဆိုင်ကိုသွားပြီး အရက်ဖြူတစ်လုံး မှာယူကာ အေးအေးဆေးဆေး ထိုင်သောက်နေပါတယ်။ ဒီအချိန်မှာ သူ့နံဘေးနားမှာ အရက်ဝိုင်း တစ်ဝိုင်းက အရက်စွဲနေတဲ့ လူတစ်စုဟာ အရက်သောက်နေတာနဲ့ ကြုံကြိုက်နေပါတယ်။



ဒီလူစုက အရက် သောက်ရင်း...

"ငယ်စဉ်ထဲက စပြီး အရက်ကို သောက်လာခဲ့တယ်။ အခုအခါမှာ အရက်ကို မသောက်ရရင် မနေနိုင်အောင် ဖြစ်နေပြီး ခြေတုန်လက်တုန်ဖြစ်နေတယ်"လို့

သူ့ထက်ငါ ဦးအောင် ပြောဆိုနေတဲ့ အသံတွေကို ကြားနေရပါတယ်။ ဒီစကားတွေကို ကြားရဖန်များလာတော့ ကိုမှူးဟာ စိတ်တိုလာပြီး ဘာမပြော ညာမပြောနဲ့...

"ဟေ့... မင်းတို့ တစ်တွေက အရက်စွဲတယ်၊ စွဲတယ်နဲ့ တယ်အပြောကြီးကြတာကိုး၊ တစ်ခြားမကြည့်နဲ့ ငါ့ကိုကြည့် ငါဖြင့် ငယ်ငယ်ကတည်းကနေပြီး ခုချိန်အထိ နေ့တိုင်း အရက်သောက်နေတာပဲ ဘယ်မှာ စွဲလို့တုန်း"လို့

ပြန်ပြောလိုက်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# ဇော်ကြာင့်ယန်

တစ်ခါက ရွာတစ်ရွာမှာ မောင်ရိုးဆိုတဲ့ နွားကျောင်းသားလေး တစ်ယောက် ရှိတယ်။ မောင်ရိုးဟာ နာမည်နဲ့လိုက်အောင်ကို ရိုးလွန်း၊ အ,လွန်းပါတယ်။ မောင်ရိုးဟာ နွားကျောင်းတဲ့ အလုပ်က လွဲလို့ အခြားဘာမှ ဗဟုသုတ အသိပညာ မရှိရှာဘူး။

မောင်ရိုးဟာ တောစပ်မှာ နွားတွေ ကျောင်းနေပါတယ်။ ဒီလို နွားကျောင်းနေတုန်း တောစပ် ချုံပုတ်ထဲက တချွတ်ချွတ် တချက်ချက် အသံကြားလိုက်မိပါတယ်။ လူလား၊ တိရစ္ဆာန်လားလို့ သိချင်တာကြောင့် မောင်ရိုးဟာ နွားကျောင်းနေရာက ခြေကို ဖေါ့နင်းပြီး တောစပ်ချုံပုတ်နားကို သွားချောင်းကြည့်ပါတယ်။



တောစပ်ချုံပုတ်ရဲ့ နောက်ကွယ်မှာ ကျောက်ဖျာတစ်ချပ် ရှိတယ်။ အဲဒီ ကျောက်ဖျာမှာ သစ်မြစ်သစ်ဥ တွေကို ကျောက်လုံးတစ်လုံးနဲ့ အဝတ်နီ ဝတ်စုံကို ဆင်မြန်းထားတဲ့ ဇော်ဂျီတစ်ပါးက ဆေးကြိတ်လို့ နေပါတယ်။

မောင်ရိုးဟာ ဇော်ဂျီဆေးကြိတ် လို့နေတာကို ချုံပုတ် နောက်ကွယ်က နေပြီး မျက်တောင်မခတ်ဘဲ စိုက်ကြည့် လို့နေပါတယ်။

ဇော်ဂျီဟာ ဆေးကြိတ်ပြီးတော့ ဆေးသုံးလုံးကို လုံးလိုက်ပါတယ်။ ပြီးတော့ ဆေးသုံးလုံးကို မျိုချလိုက်ပြီး သူ့ရဲ့ ညာဘက်ပေါင်ကို လက်နဲ့ ပုတ်လိုက်တယ်ဆိုရင် ဝါးနှစ်ဖျားလောက် လေထဲကို မြောက်တက်သွားပြီ လေထဲမှာပဲ အလိုလို ပျောက်ကွယ်လို့ သွားပါတော့တယ်။ မောင်ရိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဂျီဖြစ်သွားပုံကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရလို့ သိပ်ကို အံ့သြသွားတာပေါ့။

ဇော်ဂျီလေထဲမှာ ပျောက်ကွယ်သွားပြီးတဲ့ နောက်မှာ မောင်ရိုးဟာ ချုံပုတ်ထဲမှာ ပုန်းအောင်းလို့နေရာက ထလာပါတယ်။ ပြီးတော့ ဇော်ဂျီ ဆေးကြိတ်ခဲ့တဲ့ ကျောက်ဖျာကို သွားကြည့်ရှုပါတယ်။ ကျောက်ဖျာချပ်ပေါ်မှာတော့ ဇော်ဂျီ ကြိတ်ခဲ့တဲ့ သစ်မြစ်တစ်ခု ဆေးကြွင်းဆေးကျန် အနည်းငယ်ကို မြင်တွေ့ရပါတယ်။

ဒါကြောင့် မောင်ရိုးဟာ ဝါးနှီးစလေးရှာပြီး ကျောက်ဖျာချပ်မှာ ကပ်ပြီး ကျန်နေတဲ့ ဇော်ဂျီရဲ့ ဆေးကြွင်းဆေးကျန်ကို ခြစ်ထုတ်ယူတယ်။ ဇော်ဂျီဆေးလုံး လုံးသလို လုံးကြည့်ပါတယ်။ ရွှေးစေ့အကြီးတစ်လုံးသာသာခန့် ဆေးလုံးလေးတစ်လုံး ရပါတယ်။ ရရှိတဲ့ ဆေးလုံးလေးကို မျိုချပြီး ဇော်ဂျီက ညာဘက်ပေါင်ကို လက်နဲ့ပုတ်သလို၊ သူ့ပေါင်ကို ပုတ်လိုက်တော့ မြေကြီးကနေ ကြွတက်လာပြီး ဝါးလုံးတစ်ဖျားလောက် အရောက်မှာ လေထဲမှာ အလိုလို ရပ်တန့်လို့ နေပါတယ်။

အထက်မရောက်၊ အောက်မရောက်နဲ့ လေထဲမှာ ကန့်လန့်ကြီးဖြစ်ပြီး ရပ်တန့်နေတဲ့ မောင်ရိုးဟာ မျက်လုံး မျက်ဆံ ပြူးကျယ်သွားပါတယ်။ လေထဲကို ရောက်ရှိနေတဲ့ မောင်ရိုးရဲ့ ကိုယ်ခန္ဓာဟာ အလွန့်ကို ပေါ့ပါးပြီး ဝါးဂွမ်းလေးလို ဖြစ်လို့ နေပါတယ်။

အရှေ့ဘက်က လေပြင်းတိုက်ခတ်လိုက်ရင် အနောက်ဘက်၊ အနောက်ဘက်က လေပြင်းတိုက်ခိုက်လိုက်ရင် အရှေ့ဘက်ကို ရွေ့လျားနေတဲ့ မီးပုံးပျံကြီးလို ဖြစ်နေပါတယ်။ ဒါနဲ့ပဲ အချိန်တွေဟာ အတော့်ကို ကုန်လွန်လို့ လာခဲ့ပါတယ်။

အချိန်တန်လို့ မောင်ရိုးဟာ သူ့ရွာကို ပြန်မရောက်တဲ့အခါမှာတော့ ရပ်ရွာက လူတွေက ပျောက်နေတဲ့ မောင်ရိုးကို ရှာဖို့ လူစုလူဝေးနဲ့ လိုက်ရှာကြပါတယ်။

တောစပ်ကို ရောက်တော့ နွားတွေကို မြင်တွေ့ကြရပါတယ်။ နွားတွေကတော့ မြက်စားလို့ နေပါတယ်။ ထူးဆန်းနေတာက နွား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား **မောင်ရိုး** ပျောက်ဆုံးလို့ နေပါတယ်။ ဒါနဲ့ ရပ်ရွာက လူစု ခွဲပြီး **မောင်ရိုးကို** ရှာပုံတော် ဖွင့်နေကြတဲ့ လူစုက တကြော်ကြော်နဲ့ **မောင်ရိုး**ရဲ့ အမည်ကို အော်ခေါ်ပြီး ရှာနေကြပါတယ်။

ဒီအချိန်မှာ လေထဲမှာ အထက်မရောက်၊ အောက်မဆင်းနိုင် ဖြစ်နေရှာတဲ့ **မောင်ရိုးဟာ** မြေပြင်ပေါ်မှာ ရပ်ရွာက လူတွေ သူ့ကို လိုက်ရှာနေကြတာကို အပေါ်ကနေ မြင်တွေ့နေရပါတယ်။

ဒါနဲ့ **မောင်ရိုး**ဟာ လေထဲကနေပြီး...

"ငါ ဒီမှာဟေ့..."လို့

အော်ပြီး ပြောလိုက်ပါတယ်။

ရပ်ရွာက လူတွေဟာ အသံကြားရာကို ခေါင်းမော့ပြီး ကြည့်လိုက်တဲ့ အခါမှာ လေထဲမှာ ကန့်လန့်ကြီး ဖြစ်နေတဲ့ **မောင်ရိုးကို** အားလုံးက မြင်တွေ့ကြပါတယ်။ မောင်ရိုး ဖြစ်ပျက်နေပုံကို ကြည့်ပြီး ရယ်မောတဲ့ သူကလဲ ရယ်မော၊ အံ့ဩတဲ့ သူကလဲ အံ့ဩ ဖြစ်ကုန်ကြတာပေါ့။

လေထဲမှာ ကန့်လန့်ကြီးဖြစ်နေတဲ့ **မောင်ရိုး**ဟာ သူ့အခြေအနေ မဟန်တာကို သိတာနဲ့ တစ်ပြိုင်နက်...

"ငါ့ကို ထိုးဝါးရှည်ရှည် တစ်လုံး ရှာပြီး ထောင်ပေးကြစမ်းပါကွာ"လို့ အကူအညီတောင်းပါတယ်။

ရပ်ရွာက လူတစ်ယောက်ဟာ ရွာကို အမြန်ပြန်သွားပြီး လှေသမ္ဗာန် တွေမှာ အသုံးပြုတဲ့ ထိုးဝါးရှည်ရှည်တစ်လုံးကို ရှာပြီး ယူလာခဲ့ပါတယ်။ ရပ်ရွာထဲက လူတွေဟာ ထိုးဝါးရှည်ရှည်ရဲ့ အောက်ခြေက စုပေါင်းပြီး ထိုးဝါး ယိုင်မသွားရအောင်ကို တွယ်ထားကြပါတယ်။

**မောင်ရိုး**ဟာ ထောင်ထားတဲ့ ထိုးဝါးရှည်ရှည်ကို လက်နဲ့ ဆွဲကိုင် ပြီး ဖက်ထားလိုက်ပါတယ်။ ပြီးတော့မှ ချောတိုင်က ပြန်ဆင်းသလို ဝါးလုံးကို ဖက်တွယ်ပြီး ပြန်ဆင်းခဲ့ပါတယ်။

တဖြေးဖြေးနဲ့ **မောင်ရိုးဟာ** ဆင်းလာလိုက်တာ မြေပြင်ကို ခြေတင်မိ တယ်ဆိုရင်ပဲ မောင်ရိုးဟာ သူမျိုထားတဲ့ ဇော်ဂျီရဲ့ ဆေးဟာ တန်ခိုးအာနိသင် ပြေသွားလို့လားတော့ မပြောတတ်ဘူး။ မြေပြင်မှ လေယာဉ်လို မြောက် နိုင်တော့ဘူး။ ဒီတော့မှပဲ **မောင်ရိုး**ဟာ စိတ်နှလုံးကို ဒုံးဒုံးချလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရိုးကို သူ့ရပ်ရွာက လူကြီးသူမတွေက ဘယ်လိုက ဘယ်လို အကြောင်းကြောင်းကြောင့် ခုလို ဖြစ်ပျက်ရပါသလဲလို့ အသေးလုံးက ဝိုင်းပြီး မေးကြပါတယ်။

ရိုးလွန်း,အလွန်းတဲ့ မောင်ရိုးကတော့ သူ့ဖြစ်ပျက်ပုံ အလုံးစုံကို ထိန်ချန်မထားဘဲ အားလုံးကို ပြန်ပြီး ပြောပြခဲ့ပါတယ်။ ဒီအချိန်အခါက စပြီး မောင်ရိုးကို ရပ်ရွာထဲက လူတွေက "ဇော်ကန့်လန့်"လို့ ဝိုင်းပြီး ခေါ်ဝေါ်ကြပါတယ်။

မောင်ရိုးဟာ သူ့ကို ရပ်ရွာထဲက လူတွေက ဘယ်လိုပဲခေါ်ခေါ် အရေးလဲမစိုက်ဘူး၊ ဂရုလဲမစိုက်ဘူး။ သူ့ နွားကျောင်းတဲ့ အလုပ်ကိုပဲ ကြိုးစားပမ်းစား လုပ်ကိုင်လို့ နေပါတယ်။

မောင်ရိုးဟာ သူ့နွားကျောင်းနေတုန်း တောစပ်နဘေး ချုံနွယ် ပိတ်ပေါင်းတွေမှာ ဘယ်လို အသံတွေကြားကြား ဂရုစိုက်ပြီး နားလဲမထောင်တော့ဘူး။ အချိန်ကုန်ခံပြီး သွားလဲ မကြည့်တော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် အရင်တစ်ခါကလို အထက်မရောက်၊ အောက်မဆင်းနိုင်ဘဲ လေထဲမှာ ဇော်ကန့်လန့်ကြီး ဖြစ်ပျက်နေမှာကို စိုးရိမ်နေရှာတယ်တဲ့။

## အိမ်ကံကောင်းတယ်

ဇနီးမောင်နှံနှစ်ယောက်ဟာ အိမ်ခန်းသစ်ကို ပြောင်းရွှေ့လာတယ်။ အခန်းသစ်တက်ပွဲအဖြစ် မိတ်ဆွေရောင်းရင်းတွေကို ဖိတ်ကြားညှော် ကျွေးမွေးပါတယ်။

ထုံးစံအတိုင်း စကားပြောဆို ငြင်းခုန်သံ၊ ကက်ဆက်သံ၊ တေးဂီတ သီချင်းသံတွေဟာ ကျွက်ကျွက်ညံနေတယ်။ ဒီအခါမှာ တယ်လီဖုန်းအသံ မြည်လာပါတယ်။

အိမ်ရှင်မက တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်ပါတယ်။ ပြီးတော့ အောင်ပွဲရတဲ့ အပြုံးနဲ့ သူ့လင်တော်မောင်ဘက်ကို လှည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



“မောင်ရေ…ကျွန်မတို့ အောက်ထပ်က အခန်းကို မငှား မိတာ သိပ်ကံကောင်းတယ်သိ လား၊ အောက်ခန်းက လူက အခုပဲ ဖုန်းဆက်တယ်။ သူတို့ အောက်ခန်းမှာ ကမ္ဘာပျက် မတတ်အောင်ကို ဆူညံနေတာ ပဲ”…တဲ့။



## လှုယ်ရှိုက်ယုံကာ

ဖေဖေနဲ့ မေမေတို့ဟာ စိတ်အခန့်မသင့် ဖြစ်နေလို့ စကား မပြောဘဲ နေခဲ့တာ ရက်အတော်ကြာပါပြီ။

တစ်ညမှာ ဖေဖေက စာတိုလေး တစ်စောင် ရေးပြီး မေမေ့ စားပွဲပေါ်မှာ ချထားပါတယ်။

“အမေကြီး မနက် ခုနစ်နာရီမှာ အိပ်ရာက နှိုးပေးပါ”

အဖေကြီး

မနက်ရှစ်နာရီထိ ဘယ်သူကမှ လာပြီး အိပ်ရာက မနှိုးဘူး။ ဒါကြောင့် စိတ်ပျက်လက်ပျက်နဲ့ သူရေးထားတဲ့ စာတိုလေးကို သွားကြည့် လိုက်တော့မှ ပိုပြီး အောင့်သက်သက် ဖြစ်သွားရှာ ပါတယ်။



“အဖေကြီး၊ ခုနစ်နာရီထိုးပြီ ထတော့”

အမေကြီး



www.burmeseclassic.com

www.burmeseclassic.com



## သူ့ကြောင်ကိုး

လူတွေ အပြည့်အသိပ်တင်လာတဲ့ ဓာတ်လှေကားတစ်ခုထဲမှာ ဖြစ်ပါတယ်။ သူ့ရှေ့က အပျိုချောလေးကို ငေးစိုက်ပြီး ကြည့်နေတဲ့ လင်တော်မောင်ကြောင့် ဇနီးသည်ဟာ အတွင်းကြိတ် ဒေါသူပုန်ထနေတယ်။ ဒီအခါမှာ အပျိုချောလေးဟာ ရုတ်တရက် နောက်ကို လှည့်လာပြီး သူ့ပါးကို ရိုက်လိုက်ပါတယ်။



"ကဲ...နောက်ကိုမှတ်ထား၊ အမျိုးသမီးတွေကို တို့လား၊ ဆိတ်လား လုပ်ရင် ဘာဖြစ်တတ်တယ်ဆိုတာ..."

ဓာတ်လှေကား အပြင်ဘက်ကို ရောက်ကြတဲ့အခါ လင်တော်မောင်က သူ့ဇနီးကို...

"ငါလဲ သူ့ကို ဘာမှ မလုပ်ရဘဲနဲ့ကွာ"

"ကျွန်မ သိသားပဲ။ အဲဒါ ကျွန်မ လုပ်လိုက်တာလေ..."တဲ့။

## ပြော်ဒူကျ



"ဟော့လူ...ဘာလို့ ကုန်းအော်နေတာလဲ။ ခင်ဗျားသွားကို နှုတ်ဖို့ မပြောနဲ့၊ ထိတောင် မထိရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ခင်ဗျ၊ ဒေါက်တာက ကျွန်တော့် ခြေထောက်ကို တက်နင်းထားလို့ပါခင်ဗျာ”တဲ့။

## စောင့်ပေဦး

“ခရီးသည်တွေအားလုံးက ခွင့်ပြုမှ ဒီကားထဲမှာ ခင်ဗျား ဆေးလိပ်သောက်ပါ”

“ဒီစကားမှာ ခရီးသည်ဆိုလို့ ကျွန်တော် တစ်ယောက်ထဲပါ”

“ဒါဆို အခြား ခရီးသည် တစ်ယောက် ရောက်လာတဲ့အထိ စောင့်ပါဦး”တဲ့။



## သူ့အကြံ

“မင်းရဲ့ အမျိုးသမီးကို မင်းပဲ ဖဲရိုက်သင်ပေးနေတယ်ဆိုပါလား”

“အစစ်ပေါ့၊ ပြီးခဲ့တဲ့ စနေနေ့တုန်းကတောင် ဖဲရိုက်လို့ ငါ့လုပ်ခရဲ့ တစ်ဝက်လောက်ကို ငါ့မိန်းမဆီက ငါပြန်ရလိုက်သေးတယ်လေ”တဲ့။





www.burmeseclassic.com

www.burmeseclassic.com



## ပုဏ္ဏလား

ရေတပ်သားသစ်လေးကို ရေတပ်ဗိုလ်ကြီးက သင်တန်းပေးနေပါတယ်။

"သင်္ဘောဦးဘက်ဆီက လေပြင်းတိုက်လာရင် မင်းဘာလုပ်သလဲ"

"ကျောက်ချလိုက်မှာပေါ့ခင်ဗျ"

"ကောင်းပြီ–ရှက်တိုင် ထိပ်ဖျားကနေ နောက်ထပ်လေပြင်းတိုက်မယ်ကွာ"

"ဒုတိယ ကျောက်ကို ချမယ်"

"ထားပါတော့ကွာ၊ သင်္ဘောပဲ့ပိုင်းကနေ မုန်တိုင်း ထပ်တိုက်လာပြီ ဆိုရင်ကော"

"ယော့ကောင်တော်တော့" လို့ ရေတပ်ဗိုလ်ကြီးက ဟောက်လိုက်ပါတယ်။



"အဲဒီလောက် ကျောက်တွေအများကြီး မင်းဘိုးအေဆီက ရမလား"

"အဲဒီလောက် မုန်တိုင်းတွေ အများကြီးကော ဗိုလ်ကြီးဘိုးအေဆီက ရမလား"တဲ့။

## စိတ်ကူးယဉ်လိုက်ပုံက

"မိန်းမကို အုပ်စိုးတဲ့ အာဂယောက်ျားဆိုတဲ့ စာအုပ် ရှိပါသလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



# တီထွင်သူကြီး

ကြေးနန်းစာတတ်စက်၊ လျှပ်စစ်မီးလုံးဆိုတာတွေကို တီထွင်ခြင်း၊ ပိုလို့အသုံးတည့်အောင် ဆက်လက်ပြုလုပ်ခြင်းကို ဆောင်ရွက်ခဲ့သူ အမေရိကန်လူမျိုး သောမတ်အယ်ဒီဆင်ဟာ ပကာသနဆန်တဲ့ ထမင်းစားပွဲကို တက်ရောက်ရတာ ငြီးငွေ့တတ်ပါတယ်။ ဒါပေမယ့် မလွဲမရှောင်သာလို့ မကြာခဏ တက်ရပါတယ်။



တစ်နေ့မှာ ထမင်းစားပွဲတစ်ခုကို တက်ရောက်ရင်းက စိတ်ပျက်လက်ပျက် ဖြစ်လာလို့ စားပွဲက ထပြီး ဟိုလျှောက်သည်လျှောက် လုပ်နေရာ အိမ်ရှင်က မြင်သွားကာ အက်ဒီဆင်ဆီကို ပြေးလာကာ ပြုံးရယ်ပြီး...

"ဘယ်နှယ့်လဲ တီထွင်ရေးဆရာကြီး ဘာတီထွင်ဖို့များ စိတ်ကူးရလာလို့လဲ"

"အင်း... ဒီက ထွက်ပေါက် တစ်ပေါက်ရအောင် ဘယ်လိုတီထွင်ရမလဲလို့ စိတ်ကူးမိလို့ပါ"

# သူငယ်ချင်းမှုအမှတ်တရ

လူတစ်ယောက်နဲ့ သူရဲ့ အသိတစ်ယောက် လမ်းမှာ ဆုံမိကြပါတယ်။ အသိက ဒီလူကို ဝမ်းသာအယ်လဲ နှုတ်ဆက်ပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com




"စာအုပ်တွေပေါ့သားရဲ့"

"စာအုပ်ဆိုတာ ဘာတွေလဲဟင်"

"စာအုပ်ဆိုတာ ဟိုသားသားတို့ မေမေကြီးတို့ ရုပ်မြင်သံကြားက ရုပ်ရှင်တွေ ကြည့်ရတယ်မဟုတ်လား"

"အင်း..."

"အဲဒီရုပ်ရှင်တွေဟာ ဒီစာအုပ်တွေနဲ့ လုပ်ထားတာပေါ့ သားရဲ့"တဲ့။



## မှတ်ကာနေရော

တက္ကသိုလ်ပါမောက္ခကြီးနဲ့ ဖက်ရှင်ကျကျ အမျိုးသမီးတစ်ဦးဟာ ဧည့်ခံပါတီပွဲတစ်ခုမှာ ဆုံတွေ့ကာ စကားလက်ဆုံ ကျသွားကြပါတယ်။

"ဪ... ပါမောက္ခကြီးကို မေးရဦးမယ်။ လေရူးသုန်သုန်ဆိုတဲ့ စာအုပ်ကို ဖတ်ပြီးပြီလား"

"ဟင့်အင်း... မဖတ်မိသေးပါဘူး"

"အမလေး...ပါမောက္ခတွေများ ခေတ်နောက်ကျလိုက်တာ လွန်ပါရော၊ လေရူးသုန်သုန် စာအုပ်ထွက်နေတာ ခြောက်လကျော်ပြီရှင့်"

"ကျေးဇူးပါပဲဗျာ သိရတာ၊ ဒါနဲ့ ခင်ဗျား အီတာလျံ စာဆိုကြီး ဒန်တေရဲ့ စဗီနာကော်မီဒီယာကိုကော ဖတ်ပြီးပြီလား"

"ဟင်... ကြားတောင်မကြားမိပါလားရှင်"



"အဲဒီ ရကန်ကြီးထွက်နေတာ အနှစ်ခြောက်ရာကျော်ပြီဗျာ"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အချို

"ငါ့မြေး... အချိုတွေကို သိပ်မစားနဲ့၊ သွားကိုက်နေလိမ့်မယ်"

"ပျားတွေကျတော့ အချိုတွေ စားပါလျက်နဲ့ ဘာဖြစ်လို့ သွားမကိုက်တာ လဲဟင်"တဲ့။



## အခါမဟုတ်

"ဟဲ့... သား မိုးရေထဲကို မထွက်နဲ့ အအေးမိလိမ့်မယ်"

"ကိစ္စမရှိပါဘူး မေမေရယ်၊ အခု ရွာတဲ့မိုးက အချိန်အခါမဟုတ်ဘဲ ရွာတဲ့မိုးလို့ မိုးလေဝသက ကြေငြာထားပါတယ်။ ဒါကြောင့် အချိန်အခါ မဟုတ်ဘဲ အအေးမမိနိုင်ပါဘူး"တဲ့။



## စာအုပ်ဆိုတာ

စာအုပ်ဆိုင်ရှေ့ကို ရောက်တဲ့အခါ မှန်ဗီရိုတွေထဲမှာ စာအုပ်တွေကို တွေ့ရသလို သားဖြစ်တဲ့သူက...

"မေမေ အထဲက ဘာတွေလဲဟင်"၊



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးယဉ် သိပ္ပံ ဝတ္ထုတွေ ရေးနားက စာအုပ်ဆိုင် မှာ ရောင်းပါတယ်"တဲ့။

## မျက်စိအားကောင်း

"မုန်လာဥစားရင် မျက်စိ အားကောင်းတယ်ဆိုတာ အမှန်ပဲလား ဒေါက်တာ"

"သိပ်မှန်တာပေါ့၊ မုန်လာဥ သိပ်စားတဲ့ ယုန်တွေ ဘယ်မှာ မျက်မှန်တပ်တာ တွေ့ဖူးလို့လဲ"




## တစ်ဖက်ချိ

"မေမေ–ဒီမောင်မီးခြေအိပ်ထိုးနေတယ်။ ခြေအိပ်တစ်ဖက်ပဲ ပြီးသေးတယ်၊ ရှိတဲ့ သိုးမွေးတွေက ကုန်သွားပြီ"

"ဒါဆိုရင် နောက်တစ်ဖက်ကို ဘာနဲ့ ထိုးမလဲ"

"လွယ်ပါတယ်၊ ထိုးပြီးသား ခြေအိတ်တစ်ဖက်ကို ဖျက်ပြီး အဲဒီ သိုးမွေးနဲ့ နောက်တစ်ဖက်ကို ထိုး မှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



"ဗျာ... လမ်းလာရင်း အရေးပေါ်ကိစ္စတစ်ခုနဲ့ ပြန်းစားကြီး ကြုံနေရလို့ ငွေနည်းနည်းလောက်ရရင် ချေးချင်လို့ပါ"



"ကျွန်တော် ငွေအချေးအငှား မလုပ်ရလို့ စည်းကမ်းသတ်မှတ်ထားပါတယ်။ ငွေချေးမိရင် သူငယ်ချင်း အချင်းချင်း မုန်းတတ်လွန်းလို့ပါ"

"ဒါကိုတော့ မပူပါနဲ့ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်တို့က သူငယ်ချင်းတွေမှ မဟုတ်တာ"တဲ့။

## မပါရင်ကောင်းပါလိမ့်



"မောင်ရေ... ကိတ်မုန့်ဖုတ်နည်းကို လက်ဖွဲ့ပစ္စည်းတွေထဲမှာ ပါလာတဲ့ ချက်ပြုတ်နည်း စာအုပ်တစ်အုပ်ထဲက ရတာ မောင်ရဲ့..."

"ဟုတ်လား–စာအုပ်ထဲမှာ အဲဒီနည်း မပါခဲ့ရင် ကောင်းမှာပဲကွယ်"

## စိုးရိမ်နေသူ

နာမည်ကြီး ဂေါက်ကွင်းတစ်ကွင်းအနီးမှာရှိတဲ့ ဆေးရုံကြီးရဲ့ အရေးပေါ် ဆေးကုသခန်းရှေ့မှာ ဂေါက်သမားကြီးတစ်ယောက် ဒုလားခေါက်တုံ့နဲ့ ဂနာမငြိမ်ဖြစ်လို့ နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာတော့ ဆရာဝန်ဟာ လည်ချောင်းထဲကို ဂေါက်သီးဝင်သွားတဲ့ ဂေါက်သီးသမားတစ်ဦးကို အရေးပေါ် ခွဲစိတ်ကုသလို့ နေပါတယ်။

တာဝန်ကျတဲ့ သူနာပြုက ထွက်လာပြီး ဂေါက်သမားကြီးကို နှစ်သိမ့်ပုံက…



"ခဏလေး စောင့်ပါ–ပြီးတော့မှာပါရှင်၊ ဘာတော်စပ်သလဲ–ဆွေမျိုးလား"

"မတော်ပါဘူးဆရာမ––ကျွန်တော့်ဘော်လုံးကလေး ပြန်ရမလားလို့ စောင့်နေတာပါ"တဲ့။

## စိတ်သာချပါကွာ

"တကယ်လို့ ကျွန်မ သေသွားရင်–ရှင်နောက်မိန်းမယူမှာလား"

"ယူချင်ယူမှာပေါ့ကွယ်"



"ယူရင် အတူတွဲပြီး ဂေါက်ရိုက်ကြမှာလား"

"ရိုက်ချင်ရိုက်မှာပေါ့"

"ကျွန်မရဲ့ ဂေါက်တုတ်တွေကိုတော့ ပေးမကိုင်ပါနဲ့နော်၊ ဒါလေးတော့ ခွင့်လွှတ်ပါ မောင်ရယ်"

"စိတ်သာချပါကွာ–သူက ဘယ်ကျော်ကြီးပါ…"



www.burmeseclassic.com

www.burmeseclassic.com



## ဒီလိုကိုး

ဂျင်မီက ဂေါက်ကစားတာ ဝါသနာကြီးပါတယ်။ သူ့ရဲ့ မိန်းမဖြစ်တဲ့သူက ဒီလောက် ပင်ပင်ပန်းပန်း လမ်းလျှောက်ပြီး ဂေါက်ရိုက်တယ်ဆိုတာကို နားကိုမလည်နိုင်ဘူး။ ဒါနဲ့ တစ်နေ့တော့ လိုက်ကြည့်မယ်ဆိုပြီး ဂျင်မီနဲ့ အတူ ဂေါက်ကွင်းကို လိုက်သွားပါတယ်။

ဂျင်မီဟာ တစ်ကျင်းပြီး တစ်ကျင်းကစားလာလိုက်တာ ကျင်းနံပါတ် ခုနစ်ကို ရောက်လာတယ်။ အဲဒီမှာ အတော့်ကို အရိုက်ရခက်ခဲတဲ့ သဲကျင်းကြီး ရှိပါတယ်။ ဂျင်မီရဲ့ ဘောလုံးဟာ အဲဒီကျင်းထဲကို ကျသွားတယ်။ ထွက်မလာလို့ တစ်ချက်ပြီး တစ်ချက် ရိုက်နေလိုက်တာ အတော်ကြီး ကြာသွားတဲ့အချိန်မှာ...



ဂျင်မီရဲ့ ဇနီးက အေးအေးဆေးဆေး ထိုင်ပြီး ကြည့်နေရာက မှတ်ချက်ချလိုက်ပုံက–

"ဂေါက်ဆိုတာ တစ်နေရာတည်းမှာ ရိုက်နေချင်တယ်ဆိုရင်လဲ ရိုက်လို့ရတာကိုး"တဲ့။

## သေချာတယ်

လူတစ်ယောက်ဟာ ဂေါက်ရိုက် လေ့ကျင့်နေပါတယ်။ **ဂေါက်တံနဲ့** ရိုက်တာ ဘောလုံးကို မထိဘဲ လွဲလွဲနေတော့ **ရီးချက်က** [illegible] မနေနိုင်ဘဲ ရယ်မောပါတယ်။ ဒါကို ဒေါပွပြီး–

www.burmeseclassic.com






"ဟော့ –နောက် တစ် ခါ ရယ်ကြည့်စမ်း၊ မင်းခေါင်းကို ငါဓေါက်တံနဲ့ ရိုက်ပစ်မယ်"

"အဲဒီလောက်ဆိုရင်တော့ ထိမှာ သေချာပါတယ်ဆရာ"

## အမေ့စကား

"နှင့်အဖေ ငါနဲ့အတူ လှေပေါ်က လိမ့်ကျတော့ ဘာတွေများ ပြောသေးသလဲ"



"မကြားဝံ့ မနာသာ တွေကို ချန်လှပ်ထားရမလား အမေ"

"အေး... ချန်ထားပါ၊ ကျန်တာတွေ ပြောစမ်းပါ"

"ဒါဆို အဖေက ဘာမှ မပြောဘူးလို့ ပြောရမှာပဲ အမေ"တဲ့။

## ဒါကြောင့်ကို

လူတစ်ယောက်ဟာ သူ့ဆရာဝန်ဆီကို သွားပြီး––

"ကျွန်တော့်မှာ ဘာတွေများ ဆိုးဆိုးဝါးဝါး ဖြစ်နေပါသလဲ။ ရှင်းရှင်းသာ ပွင့်ပွင့်လင်းလင်း ပြောပြပါ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ။ ကျုပ်ကလည်း ခပ်ရှင်းရှင်းပဲ ပြောပြပါမယ်။ ခင်ဗျားဟာ အစားပုတ်တယ်၊ အရက်ကို အလွန်အကျွံ သောက်တယ်။ ပြီးတော့ ခင်ဗျားဟာ တရားလွန် ပျင်းတယ်"



"ဟာ--သိပ်ကို ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ အော်... ဒါထက် ခုနက ဒေါက်တာပြောလိုက်တာတွေကို လက်တင်ဘာသာနဲ့ ပြန်ရေးပေးလိုက်ပါလား။ ဒါမှ ကျွန်တော်တို့ရုံးမှာ ခွင့်တစ်ပတ်ပေးမှာ ဒေါက်တာရဲ့"လို့ ပြန်ပြောလိုက်တယ်တဲ့။

## အကျင့်ရှိနေလို့

နာမည်ကျော် ဘာသာရေးတရားဟော ဆရာကြီးဟာ ဘုရားဝတ်ပြုကျောင်းမှာ ဘာသာရေး ဟောပြောပွဲ ပြုလုပ်နေပါတယ်။ ပရိသတ်ကလည်း စိတ်ပါဝင်စားလို့ ငြိမ်သက်ပြီး နားထောင်နေပါတယ်။ အချိန်က တစ်နာရီ ကျော်ကျော်ကြာသွားပါပြီ။ တရားပွဲက အဆုံးမသတ်နိုင်သေးဘူး။

တရားပွဲ နိဂုံးချုပ်ခါနီးမှာ ရှေ့တန်းမှာ ထိုင်နေတဲ့ အရပ်ပုပု၊ ခါးကုန်းကုန်းနဲ့ လူကြီး လူကောင်း တစ်ယောက်ဟာ ထိုင်ခုံမှ ထလိုက်ပြီး ဘုရားမှ ကျောင်းခန်းထဲက ထွက်သွားပါတယ်။



ဒီအခါမှာ နာမည်ကျော် ဘာသာရေး တရားဟော ဆရာကြီးက တရားဟော ပြောပွဲကို ကမကထ ပြုလုပ်ပေးတဲ့ ဥက္ကဋ္ဌကို...



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ဘာသာတရား ဟောပြောနေတဲ့ အချိန်အခါမှာ ဘုရားကျောင်းထဲက ထွက်သွားတဲ့ ပုဂ္ဂိုလ်အတွက် များစွာ စိတ်မကောင်းဖြစ်ရပါတယ်" လို့ ပြောကြားပါတယ်။

ဒီတော့ ဥက္ကဋ္ဌက--

"ဟာ... ဆရာကြီးရယ်၊ ဒီလောက်လည်း စိတ်မကောင်း ဖြစ်မနေပါနဲ့။ အဲဒီ ထွက်သွားတဲ့ ပုဂ္ဂိုလ်ကြီးဟာ အိပ်နေတုန်း လမ်းထလျှောက်တဲ့ အကျင့်ရှိနေလို့ပါ ဆရာကြီး" တဲ့။


## နှစ်သိမ့်စကား

မိန်းမပျိုလေးတစ်ယောက်ဟာ အလွန့်ကို စိတ်ဓာတ်ကျဆင်းလို့ နေပါတယ်။ ဒီအခြေအနေကို သူ့ရဲ့ သူငယ်ချင်းဖြစ်တဲ့ တော်မီက မေးမြန်းကြည့်တဲ့အခါမှာ--

"ငါတို့ လမ်းထဲက ရှီချက်ကို သိတယ် မဟုတ်လား"

"သိတယ်လေ"

"အဲဒီ ရှီချက်က သိပ်ကို ဆိုးတယ်။ ငါဟာ ကောင်းတဲ့ မိန်းကလေး မဟုတ်ဘူးလို့ အမြဲလာ ပြောနေတာယ်ဟာ၊ ငါ သိပ်ကို စိတ်ညစ်တယ်"



ဒီတော့ တော်မီက--

"နင်ကလည်းဟာ ရှီချက် ဆိုတဲ့ကောင် ပြောတာကိုများ ဂရုစိုက်လို့။ လုံးဝကို ဂရုမစိုက်နဲ့၊ အဲဒီကောင်က ကိုယ်ပိုင် ဦးနှောက်ရှိတဲ့ကောင် မဟုတ်ဘူး။ သူက လူတကာပြောတဲ့အတိုင်း လိုက်ပြောနေတာချည်းပဲဟာ" လို့ ပြောလိုက်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# သူဟော့ပေါ့ကာ

တစ်ခါက ရွာတစ်ရွာမှာ **ဦးစောဆို**တဲ့ ဘုရားတရား လိုက်စားတဲ့ လူကြီးတစ်ယောက် ရှိပါတယ်။ **ဦးစော**ဟာ အလှူမင်္ဂလာမှာ၊ အသုဘမှာ နောက်ဆုံး လက်ဖက်ရည်ဆိုင်တွေအထိ လူအများက **ဦးစော** ဟောပြောတဲ့ တရားကြောင်း၊ ဘုရားကြောင်းကို အရေးတယူ ဂရုစိုက်ပြီး ဆွေးနွေးပြောဆိုကြရပါတယ်။

**ဦးစော**ဟာ ရွာမှာရှိတဲ့ လူငယ်လူရွယ်တွေကို ဆုံးမရင်လည်း တရားသဘောနဲ့ ယှဉ်ပြီး ဟောပြောဆုံးမလေ့ ရှိပါတယ်။ တစ်ခုခုဖြစ်ရင် တရားနဲ့ ဖြေသိမ့်ဖို့ အမြဲတမ်း ပြောဆိုပါတယ်။



ရွာမှာ အသုဘတစ်ခုရှိလို့ **ဦးစော**လည်း လိုက်လံပို့ပါတယ်။ အသုဘကို မြေမြှုပ်တဲ့ အချိန်အခါမှာ အသုဘရှင်က ငိုတော့ **ဦးစော**က တရားချပါတယ်။

"ဒီလမ်းဟာ ဘယ်သူမှ လွန်ဆန်နိုင်တဲ့လမ်း မဟုတ်ဘူးကွဲ့။ တစ်နေ့ အားလုံး ဒီလမ်းကိုပဲ လိုက်ကြရမှာ။ မလွန်ဆန်နိုင်တဲ့ တရားဆိုပြီး နှလုံးသွင်းပေါ့ကွာ။ "**သူသေ** ငါပို့၊ ငါပို့ **သူသေ**"တဲ့ကွ"လို့

ပြောလိုက်ပါတယ်။ ငိုယိုနေတဲ့သူကတော့ ဘာမှ ပြန်မပြောဘူး။ ဒါပေမယ့် **ဦးစော** နဘေးက လူငယ်လေးတစ်ယောက်က--

"ဟာ--ဦးလေးကလည်း "သူသေငါပို့၊ ငါပို့သူသေ"ဆိုတော့ "ငါ"က ပို့တဲ့ လူချည်း ဖြစ်နေတယ်။ "ငါ"လည်း သေမှာပဲ မဟုတ်လား "သူသေငါပို့၊ ငါသေသူပို့"ဖြစ်ရမှာပေါ့"လို့

ပြောလိုက်တော့ **ဦးစော**က...



www.burmeseclassic.com

www.burmeseclassic.com



“အေး––ဟုတ်တော့ ဟုတ်တယ်။ ဒါပေမယ့် အဲဒီလို မပြောကောင်းဘူးကွ။ နိမိတ်မရှိ၊ နမာမရှိ။ “ငါသေ”လို့ မပြောရဘူး၊ ဇမ္ဗူဒိတ်နိမိတ်တဲ့။ နိမိတ်ရှိတဲ့ ကောင်းတဲ့စကားပဲ ပြောရတယ်။ ဒါကြောင့် “သူသေငါပို့၊ ငါပို့သူသေ”တဲ့။

## ဒွဲဒိုးပဲပေါ့

ရွာတစ်ရွာမှာ ဦးရဲမြင့်ဆိုတဲ့ လူတစ်ယောက် ရှိပါတယ်။ ဦးရဲမြင့်ဟာ စိတ်ထဲမှာ မျိုသိပ်မထားတတ်ဘူး။ ပြောစရာရှိရင် ရှင်းရှင်းဘွင်းဘွင်း ဒွဲဒိုးပြောတတ်လွန်းလို့ နာမည်ကြီးတယ်၊ မျက်စိထဲမှာ ကြည့်မရလို့ကတော့ သူများတွေလို ဖေ့ဖိုက်မနေတော့ဘူး။ ပြောထည့်လိုက်တာပဲ။ အားလည်း မနာတတ်ဘူး။

ဦးရဲမြင့်ရဲ့ သားအကြီးဆုံး မင်္ဂလာဆောင်တော့ မြို့ပေါ်က ခေတ်ပေါ်တီးဝိုင်းကို ငှားကြတယ်။ ဦးရဲမြင့်ဟာ သိပ်တော့ သဘောမတူချင်ဘူး။ ဒါပေမယ့် လူငယ်လူရွယ်တွေရဲ့ စိတ်ဆန္ဒကို အတင်း မပိတ်ပင်ချင်တာနဲ့ ကြည့်နေလိုက် ပါတယ်။



မြို့ပေါ်က ငှားလာတဲ့ တီးဝိုင်း ဆိုတော့ မင်္ဂလာဆောင် လာတဲ့ သူတွေထက် တီးဝိုင်းကို နားထောင်ရအောင် လာတဲ့သူ တွေက ပိုပြီး များနေသေး တယ်။ လူတွေက အုံခဲလို့ နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း မင်္ဂလာဆောင်အဝင်မှာ တီးဝိုင်းနဲ့ ဧည့်ခံဖို့ လုပ်ကြပါတယ်။ တီးဝိုင်းက လူတွေက ကြိုးညှိကြ၊ အသံစမ်းကြ၊ အသံချိန်ကြ၊ စက်စမ်းကြ လုပ်နေကြပါတယ်။ အချိန်နည်းနည်းလေး ကြာသွားပါတယ်။

ပရိသတ်ကတော့ ဘာမှ မပြောကြပါဘူး။ သည်းခံပြီး စောင့်လို့ နေကြပါတယ်။ ဒါပေမယ့် ဦးရဲမြင့်ကတော့ မရဘူး။ သူက တီးဝိုင်းနားကို သွားပြီး--

"ဟေ့...ကောင်တွေ၊ မင်းတို့ တီးဝိုင်းကိုတော့ နောက်တစ်ခါဆို မငှားတော့ဘူး။ မင်းတို့ဟာက ဒီမှာလာပြီး တီးတာမှ မဟုတ်ဘဲ။ ဒီမှာ လာပြီး ပြင်နေတာပဲ"လို့ ပြောလိုက်တယ်တဲ့။

## ချေးသာယို သေးမပေါက်ရ

တစ်ခါတုန်းက ဦးပေါ်ဦးဟာ သားတွေကို ရှင်ပြုဖို့ မဏ္ဍပ်ထိုးတာကို ဘိုးတော်ဦးဝိုင်းအား အသိမပေးလို့--

"ဟဲ့ကောင် အဆောင်ကိုင် ငပွကြီး--ပေါ်ဦးကို ငါက သားအရင်းလို ချစ်ပေမယ့် ဒီကောင်က ငါ့ကို ဂရုမစိုက်ဘူး"

"မှန်ပါ့--"

"ခု--ကြည့်လေ--ငါ့မြေးတွေကို ရှင်ပြုမယ်ဆိုတာကိုတောင် ငါ့ကို အသိမပေးဘူး။ တိုင်ကျင်းတွေတောင် တူးပြီးပြီ။ ဒီတော့ မဏ္ဍပ် တိုင်ထူဖို့ ယူထားတဲ့ တိုင်ကျင်းတွေထဲ ချေးသွားယိုထည့်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ပွဲကြီး ရောက်လာပြီး ရှင်ဘုရင်က ခိုင်းလို့သာ လုပ်ရတယ်။ မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ။ ဒီအချိန်မှာ **ဦးပေါ်ဦးက** ရောက်ရှိလာပြီး–

"နင်ဘယ်သူလဲ––ဘာလာလုပ်တာလဲ"

"မှန်လှပါ၊ ကျွန်တော်မျိုး အဆောင်ကိုင် ပွဲကြီးပါ ဘုရား"

"ဘာလို့ ဒီလိုကြံရတာလဲ ပြောစမ်း"

"မှန်လှပါ၊ ဘိုးတော်ဘုရားက အမတ်ကြီးရဲ့ မဏ္ဍပ်တိုင်ကျင်းထဲ နင်ချေးသွားးယိုထည့်ဆိုတဲ့ အမိန့်ကြောင့်ပါ ဘုရား"

"အမိန့်ထဲမှာ ဒီအတိုင်းပဲလား"

"မှန်ပါ"

"ဒါဖြင့်––အမိန့်တော်အတိုင်း ချေးပဲ ပါရမယ်နော်၊ သေးလုံးဝ မထွက်စေနဲ့"

"မှန်ပါ"

"သေးတစ်စက်ကျရင် ဓားနဲ့ အပိုင်းပဲ"

ကျင်ကြီးစွန့်ရင် ကျင်ငယ်မပါဘဲ ချေးပါလို့ မရဘူး။ ပြန်မှ...

ဒါနဲ့ပဲ ပွဲကြီး နောက်ကြောင်းကို ပြန်လှည့်ပြီး ဘိုးတော် ဦးဝိုင်းကို လျှောက်ထားတဲ့အခါ ဘိုးတော်ဦးဝိုင်းက ပြုံးပြီး––

"အင်း––ပေါ်ဦး––ပေါ်ဦး၊ ဒီကောင် တော်တော် သတ္တိရှိတဲ့ကောင်၊ ကဲ––နင်လည်း ငါ့အမိန့်တော်အတိုင်း ဆောင်ရွက်ခဲ့တဲ့အတွက် ဆုတော်ငွေယူ"လို့

ပြောပြီး ဆုတော်ငွေ ပေးလိုက်တယ်တဲ့။

# ရှင်ဘုရင်နဲ့ လူမိုက်

"ဟဲ့... ပေါ်ဦး"

"ခစားလျက်ပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ ဘုန်းလက်ရုံးအာဏာဆိုတဲ့ သုံးဖြာသောအင်္ဂါနဲ့တကွ သက်ဦးဆံပိုင် စကြာသခင်ရေမြေ့ရှင် ဘဝရှင်မင်းတစ်ပါးဆိုတာ နင်သိရဲ့လား"

"သိကြောင်းပါဘုရား"

"နင်သိတယ်သာဆိုတယ်၊ ငါ့ကို ကြောက်ပုံ မရဘူး။ ငါ့ထက်ကြောက်ရမယ့်လူ ရှိနေလို့လားဟဲ့"



"အရှင် မင်းတရားထက် ကြောက်ရမယ့်လူ ရှိကြောင်းပါ ဘုရား"

"တစ်ရာ့တစ်ပါးသော မင်းများကပင် ငါ့ရွှေဖဝါးတော်အောက်အရောက် ခစားပြီး ကြောက်ကြပါလျက် ငါ့ထက်ကြောက်ရမယ့်လူဆိုတာ ဘယ်သူတုန်း–

–ရှင်းပြစမ်းပါဦး"

"အရှင်မင်းကြီးထက် ကြောက်ရမယ့်လူဟာ လူမိုက်ပါဘုရား"

"ဘာကြောင့်တုန်း မောင်မင်း"

"မှန်လှပါ ဘဝရှင်မင်းတရားကြီးကတော့ ရှင်ဘုရင်မို့ လုပ်သင့်မလုပ်သင့် နှိုင်းချင့်ဝေဖန်တတ်ပါတယ် ဘုရား။ လူမိုက်တွေကတော့ ဒီလို ချင့်ချိန်နိုင်တဲ့ ကိုယ်ပိုင်ဉာဏ်မရှိတဲ့အတွက် သတ်ချင်တယ်ဆို ခုသတ်၊ ရိုက်ချင်တယ်ဆို ခုရိုက်တဲ့ လူစားတွေမို့ ရှင်ဘုရင်ထက် လူမိုက်ကို ပိုကြောက်ထိုက်ပါတယ် ဘုရား"

"အိမ်း... ဟုတ်သပါ့ မောင်မင်း"လို့ ပြန်ပြောလိုက်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# အကောင်းဆုံးသော ဥ

တစ်ခုသော ညီလာခံမှာ--

"ဟဲ့--ပေါ်ဦး--"

"ဘုရား"

"ဥထဲမှာ ဘဲဥဟာ အတော်ဆိမ့်သကွယ့်"

"မှန်လှပါ--ဖွတ်ဥဟာ အဆိမ့်ဆုံးပါ ဘုရား"

"ကြက်ဥက တော်တော်ဆိမ့်သကွယ်"

"မှန်လှပါ--ဖွတ်ဥဟာ အဆိမ့်ဆုံးပါ ဘုရား"

"ပေါ်ဦး--မောင်မင်းက ဖွတ်ဥဘက်က ရှေ့နေလား"

"မဟုတ်ပါ ဘုရား၊ ဖွတ်ဥဟာ အဆိမ့်ဆုံးမို့ ဖွတ်ဥဘက်က အခမဲ့ ရှေ့နေလိုက်ပေးတာပါ ဘုရား"

"အေး--မောင်မင်း စကားကို မြဲမြဲ မှတ်ထား"

"မှန်လှပါ ပညာရှိစကားဟာ ဆိုခဲစေ မြဲစေပါ ဘုရား"

"အေး--မောင်မင်း ပညာရှိရင် မောင်းမင်းစကားကို မြဲမြဲ မှတ်ထား"

ဘိုးတော်ဦးဝိုင်းက ပြုံးရယ်ပြီး မိန့်ကြားကာ အတွင်းဆောင်ကို ဝင်သွားသတဲ့။



# ကျွဲနိုင် နွားနိုင်

"ဟဲ့--ပေါ်ဦး၊ ငါကိုယ်တော်မြတ်ဟာ နှစ်စဉ်မပြတ် ရေသဘင်ပွဲကို ထွက်တော်မူပြီး၊ ငါ့လှေတော်နဲ့ မိဖုရားကြီး လှေတော်ကို ပြိုင်တဲ့အခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ငါမနိုင်ဘူး၊ အမြဲရှုံးတာပဲ၊ နောက် ငါ့လှေတော်နဲ့ မိဖုရားကြီး လှေတော်ပြိုင်တိုင်း မိဖုရားကြီး လှေက နိုင်တာချည်းပဲလို့ အများက ပြောကြတာကို ငါရှက်တယ်။ ဒီတော့ မိဖုရားကြီးရဲ့ လှေကိုနိုင်ဖို့ ဘယ်လိုလုပ်ရမလဲ"

"မှန်လှပါ--ဘောင်းတော်ဆိပ်ခံတံတားမှာ ရေဖေါင် ပြုလုပ်ထားတဲ့ ပိန်းကောလှေကြီးနဲ့ ပြိုင်တော်မူပါဘုရား"

"ဟဲ--ပေါ်ဦးရဲ့ ရွှေလောင်းတော် အချင်းချင်း ပြိုင်တာတောင် မနိုင်တဲ့ဟာ နင့်ဟောင်းမြင်းယိုယွင်းနေတဲ့ ပိန်းကောပျက်နဲ့ ပြိုင်ရမယ်၊ ငါလဲ နင့်စကားကို နားထောင်ရင် ငါနင့်လို အရူးဖြစ်တော့မပေါ့"

"စိုးရိမ်တော်မမူပါနဲ့ဘုရား၊ ဗေဒင် ကိန်းခန်းအရရော၊ ဂြိုဟ်စီး ဂြိုဟ်နင်းပါ ကောင်းတဲ့အတွက် အရှင်မင်းကြီး နိုင်ကို နိုင်ရမှာပါ"



"ကိုင်း---ဒီအတိုင်းမှန်ရင် မောင်မင်း စီစဉ်ပေတော့"

ဒီလိုနဲ့ပဲ ပိန်ကောကြီးကို ယူပြီး လှေတော်နှစ်စင်းကို ဗောင်းတော် ဆိပ်မှာ ဦးချင်းယှဉ်ထားလိုက်ပါတယ်။

ရတနာငွေမောင်းက အချက်ပေး လိုက်တာနဲ့ မိဖုရားကြီးရဲ့ ရွှေလောင်း တော်ဟာ ဟည်းတိုက်ပြီး ထွက်သွားလိုက်တာ

ပန်းလတ်ရောက်ဆွတ်လို့ ပြီးတဲ့တိုင်အောင် ဘိုးတော်ဦးဝိုင်းရဲ့ ပိန်းကောကြီးကတော့ နောက်ကနေ တလှုပ်လှုပ်နဲ့ လိုက်နေဆဲမို့ ဘိုးတော် ဦးဝိုင်းဟာ ရွှေမျက်နှာပျက်ပြီး--

"ဟဲ့--ပေါ်ဦး ကျူးကျူးကျော်ကျော် မတရား နင့်စကားကို နားထောင်မိလို့ ငါအခု အရှက်တော်ရပြီ၊ ဟင်း--မောင်မင်း လျှောက်တင်သလို့ သာ ငါပြိုင်တော်မူတာ အခုထိ နင့်ပိန်းကောကြီးက နောက်က လိုက်နေ တုန်းပါလား"

www.burmeseclassic.com



"ဘုန်းတော်ကြောင့် ရွှေအားငယ်တော် မမူပါနဲ့ ဘုရား၊ မိဖုရားကြီး လေ့တော်ဟာ ပန်းစွတ်သွားပြီး အရှင်မင်းကြီးရဲ့ ပိန်းကောက နောက်ကျ နေဆယ်မယ့်ရှုံးတယ်လို့ မခေါ်ထိုက်ပါ။ ဤအချင်းအရာသည် နိုင်ခြင်းတစ်ပါး အပါအဝင် ဖြစ်ပါတယ် ဘုရား"

"ပေါ်ဦးရယ်--မောင်မင်းပိန်းကောကြီးက နောက်က လိုက်နေတာ ကိုပဲ အနိုင်တစ်ပါးလို့ ဆိုနေတုန်းပဲလား၊ ဗိုလ်ထုဝန်းကျင်နဲ့တကွ ရှုံးနေ တာကို မြင်လို့ အုန်းအုန်းကျွက်ကျွက် ပြောဆိုရယ်မောနေတာကို မောင်မင်း မကြားဘူးလား၊ နင်ရူးနေပြီလား"

"မှန်လှပါ--ဗိုလ်ထုဝန်းကျင်တို့ရဲ့ အသိအမြင်တရားဟာ နည်းလှ ပါတယ်လို့ မှတ်တော်မူပါ ဘုရား။ ယခု ဘဝရှင်မင်းတရားကြီးရဲ့ ပိန်းကောကြီး နောက်ကျနေရစ်တာဟာ ကျွဲ–နွား–ဆင်–မြင်း စသည်တို့လို ရှုံးတဲ့ ကျွဲနွားတွေက ပြေးပြီး နိုင်တဲ့ ကျွဲ–နွားတွေက နောက်လိုက်ရိုး ထုံးစံ ရှိစမြဲမို့ အရှင်မင်းတရားကြီးရဲ့ ဘုန်းတော်ကြောင့် ပိန်းကောကြီးလည်း နောက်ကလိုက်နေခြင်းဟာ ကျွဲနိုင် နွားနိုင်,နိုင်တယ်လို့ မှတ်တော်မူ သင့်ကြောင်းပါ ဘုရား"

**ဦးပေါ်ဦး** လျှောက်တင်ချက်ကြောင့် မင်းတရားကြီးနဲ့တကွ မှူးမတ်ဗိုလ်ပါ များစွာဟာ ရယ်မောကြသတဲ့။

## ယုတ္တိရှိတဲ့ ယုံတမ်းစကား

တစ်နေ့ ညီလာခံမှာ ဘိုးတော်ဦးဝိုင်းက ညီလာခံစဲလို့ တိုင်းပြည် ကိစ္စတွေ ဆွေးနွေးပြီးနောက် အပျင်းတော်ပြေစေဖို့ **ဦးပေါ်ဦး**ကို ရယ်သွမ်း သွေးဖို့ လျှောက်ထားစေဖို့...

"ပေါ်ဦး ယုတ္တိရှိတဲ့ ယုံတမ်းပုံပြင်တစ်ခုကို လျှောက်တင်စမ်းပါဦး"

**ဦးပေါ်ဦး**က မဆိုင်းမတွဘဲ--



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ--ကျွန်တော်မျိုး နန်းတော်ကိုအလာ ရေထဲမှာ ဆင်ခြေရာကြီးတစ်ခု တွေ့ခဲ့ရတယ် ဘုရား၊ ဆင်ခြေရာ အမှန်တကယ် တွေ့ခဲ့ရကြောင်းပါ ဘုရား"

"ယုတ္တိမရှိတဲ့ စကားကို မလျှောက်တင်နဲ့ မောင်မင်း"

"မှန်လှပါ။ အလွန့်အလွန် ယုတ္တိ ရှိရှိဆင်ခြေရာကို ရေထဲမှာ ကိုယ်တိုင် မြင်တွေ့ခဲ့ရကြောင်းပါ ဘုရား"

"ကဲ--မင်းယုတ္တိကို လျှောက်တင်စမ်းပါဦး"

"မှန်လှပါဘုရား။ ကျွန်တော်မျိုး ရွှေနန်းတော်အလာမှာ မြင်ရတဲ့ ဆင်ခြေရာဟာ မျက်မြင်ကိုယ်တွေ့ပါ ဘုရား၊ ယုတ္တိရှိရှိ လျှောက်တင်ရမယ်ဆိုရင် ဆင်ခြေရာကြီး ရေထဲမျောပါလာတာကို တအံ့တဩ တွေ့ရလို့ ကြည့်လိုက်တဲ့အခါ ဆင်ခြေရာဟာ ဘိုးတော်ဘုရားရဲ့ နိဗ္ဗာနပစ္စယ ဆင်ဖြူတော်ရဲ့ ဆင်ခြေရာ ဖြစ်နေကြောင်းပါ ဘုရား"

"ဟဲ့--ပေါ်ဦး နင့်စကားက လွန်လာပြီ၊ ကြည့်လဲ လျှောက်ပါဦး၊ ငါ့ဆင်ဖြူတော်ဟာ ရေပေါ်မှာ လမ်းလျှောက်နိုင်လို့လား"

"မှန်လှပါ၊ နိဗ္ဗာနပစ္စယ ဆင်ဖြူတော်ရဲ့ ခြေရာ အစစ်အမှန်ပါ ဘုရား"

"ဟဲ့--ပေါ်ဦး၊ နိဗ္ဗာနပစ္စယဆင်ဖြူတော်ဟာ ရေပေါ် လျှောက်နိုင်တယ်လို့ မင်းဆိုလိုသလား"

"ဘုန်းတော်ကြောင့်နိဗ္ဗာနပစ္စယ ဆင်ဖြူတော်ရေပေါ်မှာ လျှောက်နိုင်,မလျှောက်နိုင် ကိုယ်တော်တိုင် မမြင်ရ၍ မသိရသော်လည်း ဆင်ဖြူတော်၏ ခြေရာအစစ်ဖြစ်ကြောင်းကိုမူ ဘုရားကျွန် ဝန်ပေါ်ဦး တိတိကျကျ သိရပါတယ် ဘုရား"

"ဆိုစမ်းပါဦး"

"မှန်လှပါ ဘုရား၊ ကျွန်တော်မျိုး ရေပေါ်မှာ မျောပါလာတဲ့ ဆင်ခြေရာကို မြင်ရတဲ့အခါ အိမ်ဖြူတော်နဲ့ တစ်သီးတစ်သန့် ထားရှိတဲ့ ဆင်ဖြူတော် အိမ်တောင်စောင့်များ ဆင်ချေးကို တက်နင်းခဲ့ပါသယ်။ ဆင်ထိန်းတွေက ချက်ချင်း စွန့်မပစ်သဖြင့် ထိုဆင်ချေးမှာ ခြောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြားချပ်ပြီး ဆင်ဖြူတော်၏ ခြေရာများက အထင်းသား ပေါ်လွင်လို့ နေပါတယ်။ ဆင်ထိန်းတွေက ဆင်ခြေရာများကို ရေသို့ စွန့်ပစ်ရာမှာ ဒီဆင်ချေးခြောက် အပြားဟာ ရေပေါ်မှာ ဆင်ခြေရာ ပေါ်နေတာကို လျှောက်ထားရခြင်း ဖြစ်ကြောင်းပါ ဘုရား"

"အင်း... ပေါ်ဦးတို့ လုပ်လိုက်မှ အထူးအဆန်းချည်းမို့ မင်းကြီးများ ရေပေါ်မှာ ဆင်ခြေရာပေါ်သတဲ့ကွ၊ မှတ်သားကြပေတော့"လို့

ရယ်မောပြောဆိုရင်း အတွင်းတော်ကို ဝင်သွားတော်မူသတဲ့။

## ကောင်းအသင့်ရသေးလို့ပါဘုရား

တစ်နေ့မှာ ဘိုးတော်ဦးဝိုင်းဟာ မိဖုရားကြီးရဲ့ အဆောင်မှာ ရှိနေတော်မူစဉ် မိဖုရားကြီးက အပျင်းတော်ပြေစေဖို့ ဦးပေါ်ဦးကို အခေါ်လွှတ်ပြီး ခစားစေပါတယ်။

ဦးပေါ်ဦး ရောက်လာတဲ့အခါမှာ မိဖုရားကြီးက--

"ဟဲ့--ပေါ်ဦး တို့ အိမ်နီမ့်စံတုန်းကလို ပုံပြင်ကလေးတွေနဲ့ ပျော်တော်ဆက်ပါဦးကွယ်"လို့

မိန့်တော်မူတဲ့အခါမှာ ဦးပေါ်ဦးက မဆိုင်းမတွပင်--

"မှန်လှပါဘုရား၊ ကျွန်တော်မျိုး မယ်တော်ဘုရား ခေါ်တော်မူလို့ လာခဲ့စဉ် လမ်းမှာ ဝက်လင်မယားနှစ်ကောင်နဲ့ ဝက်ကလေးနှစ်ကောင်,ဟာ ဒရောသောပါး ပြေးလာကြပါတယ် ဘုရား"

"ခြံစိုက်စားသူ တစ်ဦးက နောက်ကနေ ပြေးလိုက်လာပြီး ဓားနဲ့ အတင်းလိုက်ခုတ်တော့၊ နောက်ဆုံး ဝက်ကလေး ခါးပေါ်ကို ဓါးနဲ့ တအားပိုင်းချလိုက်တဲ့ အခိုက်မှာ ဘုရား ကျွန်ပေါ်ဦးက ဟန့်တားလိုက် ရပါတယ်။ မောင်မင်းက ဘာကြောင့် ဒီဝက်သားအမိကို မသတ်ရမတာ



www.burmeseclassic.com

www.burmeseclassic.com



ဓါးနဲ့ လိုက်ခုတ်ရသလဲလို့ မေးတဲ့အခါ ခြံပိုင်ရှင်ယာသမားက ဒီဝက်သားအမိဟာ စိုက်ပျိုးထားတာကို မကြာခဏဆိုသလို လာရောက်ပြီး ဖျက်ဆီးလို့လို့ ပြောပါတယ်။ ယာသမား ပြန်သွားတဲ့အခါမှာ ဝက်ကလေးတစ်ကောင်က ပြောပါတယ်၊ ဘာဘကြီးကယ်ပေလို့သာ တို့သားအမိ သားအဖ ငါးယောက်ကံကောင်းလို့ မသေတယ်လို့ ပြောပါတယ်။

မိဖုရားကြီး ကြားဖြတ်ပြီး–

"ဟဲ့––ပေါ်ဦး နင်ပြောတုန်းက ဝက်လင်မယားနှစ်ယောက်နဲ့ ဝက်ကလေးနှစ်ကောင်ဆိုရင် လေးကောင်ထဲပါလား"

"မှန်လှပါ–ဝက်ကလေးက ဒီအတိုင်းပဲ ပြောပါတယ်"

"ဒါဖြင့် ဓားနဲ့ ပိုင်းလိုက်တုန်းက ဝက်ကလေး တစ်ကောင် နှစ်ပိုင်းပြတ်လို့များ ငါးကောင်လို့ ပြောတာလားဟယ်"

"ဝက်ကလေးတစ်ကောင်ကို ခြံသမားက ဓားနဲ့ ပိုင်းလိုက်ချိန်မှာ ဘုရားကျွန်တော်မျိုး ဟန့်တားလိုက်တဲ့အတွက် ဝက်ကလေးကို ထိမသွားပါဘုရား"



"ဟဲ့––နင့်စကားတွေက ရှုပ်လှတယ်။ ရှင်းရှင်းတင်စမ်း"

"မှန်လှပါ ဝက်ကလေးက တို့သားအမိ ငါးယောက်လို့ ပြောတာလဲ အမှန်ဖြစ်လို့ စဉ်းစားတော်မူပါ"

"နို့––နင့်မျက်စိနဲ့ မြင်တာကော"

"လေးကောင်ပါ ဘုရား"

"ဟဲ့––နင့်စကားက ရှုပ်လှတယ်။ ဘယ်လိုကြောင့် ငါးကောင်ဖြစ်သွားတာလဲ၊ ဘယ်လိုကြောင့် ဖြစ်သွားတယ်ဆိုတာကို မယ်မယ်ရရ စဉ်းစားပြီး ဖြေကြားပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးသည် အတန်ငယ် စဉ်းစားပြီးမှ--

"နင့်ပဟေဠိ နင်ပဲဖြေစမ်း"

"မှန်လှပါ ဝက်ကလေးငါးကောင်လို့ ပြောတာဟာ အမှန်ပါ ဘုရား။ တကယ်တော့ ဝက်ကလေးငယ်သေးတော့ ကျောင်းမနေရသေးလို့ ဂဏန်းမသင်ဘူးသေးတားကြောင့် အရေအတွက် မှားပြောတာ ဖြစ်ပါတယ် ဘုရား"

ဘိုးတော် ဦးဝိုင်းက အားရပါးရ ရယ်ရင်း--

"ယေါဒြီး တို့လုပ်လိုက်မှငါတောင် မျက်စိလည်သွားတယ် ခွေးမသား" လို့

မိန့်တော်မူပါတယ်။

"မှန်လှပါ မယ်မယ်ဘုရားကို ပျော်တော်ဆက်ခြင်း ဖြစ်ပါတယ် ဘုရား"တဲ့။

## အရှုပ်မခံလူပေါင်းသိဟော့

တောင်ရေးတောင်ရေးကိစ္စရပ်တစ်ခုအတွက် တောဆိတ်တစ်ကောင်နဲ့ ဆင်တစ်ကောင်တို့ဟာ ထောက်လှမ်းရေး ထွက်လာတဲ့အခါမှာ ရုတ်တရက် ဆိတ်က ဆင်ကို လှမ်းအော်ပြီး--



"ဟေ့--ဆင် မြန်မြန် ဝပ်လိုက်"

"ဘာဖြစ်လို့လဲ--"

"ငါ့ကို ရန်သူက မြင်သွားပြီ"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## ဒိုကို ဒီလိုကိုး

ဆပ်ကပ်ညပွဲတစ်ခုမှာ အသက်အရွယ် ငါးနှစ်အရွယ်သာ ရှိသေးတဲ့ လူငယ်လေး တစ်ယောက် အဖော်မရှိဘဲ ထိုင်ကြည့်နေလို့ သူ့ရဲ့ ဘေးခုံက အမျိုးသမီးကြီးက စပ်စုလိုက်ပါတယ်။



"ဟော့--ချာတိတ်လေး မင်းက ငယ်ငယ်ကလေးနဲ့ ဆပ်ကပ်ပွဲကို တစ်ယောက်တည်း ဘယ်လိုလုပ်ပြီး လာကြည့်တာလဲကွဲ့။ လက်မှတ်ကို မင်းကိုယ်တိုင် ဝယ်လာတာလား"

"မဟုတ်ပါဘူး၊ လက်မှတ်ကို ဖေဖေ ဝယ်ပေးတာပါ"

"ဒါဖြင့် မင်းအဖေက ဘယ်မှာလဲ-"

"အဖေလား--ခုလောက်ဆိုရင် ဖေဖေဟာ အိမ်မှာ--သူဝယ်လာတဲ့ လက်မှတ်ပျောက်လို့ လိုက်ရှာနေတယ်"တဲ့။

## ဖွင့်ကြည့်မယ်



လူတစ်ယောက်ဟာ ဘတ်စ်ကား စောင့်နေတုန်း မမျှော်လင့်ဘဲ မိုးက ရွာချလိုက်ပါတယ်။

သူက အသစ်ကျပ် ချွတ်ထီးကို ဖွင့်လိုက်တော့၊ ထီးရွက်ဟာ ကျွတ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ထိရောက်သွားပါတယ်။ ပြန်ကောက်ယူပြီး တပ်ကြည့်ပေမယ့် ထီးကို ဖွင့်ရခက်နေပါတယ်။

သူဟာ ထီးဝယ်လာတဲ့ စတိုးဆိုင်ကို ပြန်သွားပြီး ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ ထီးကို ပြသပါတယ်။

စာရေးမက--

"ငွေပြန်အမ်းရမလား၊ ထီးအသစ်တစ်ချောင်းကို ယူမလား"လို့ လှမ်းမေးလိုက်ပါတယ်။

"ထီးအသစ်တစ်ချောင်းပဲ ယူမယ်ဗျာ၊ ဒါပေမယ့် ဖွင့်တော့ကြည့်ဦးမှ ဖြစ်မယ်"

"ဟုတ်ကဲ့--ဖွင့်ကြည့်နိုင်ပါတယ်ရှင်။ ဒါပေမယ့် ကျွန်မတို့ကို မထိခိုက်နိုင်တဲ့ လွတ်ရာကျွတ်ရာမှာ သွားဖွင့်ပါ"လို့ ပြန်ပြောလိုက်တယ်တဲ့။

## မရှိသေးဘူး

အင်တာဗျူးတစ်ခုမှာ--

မေးသူ။ ။ "မင်းအမေဟာ အိမ်ထောင် မပြု ခင်က ဘာလုပ်ခဲ့သလဲ"

ဖြေသူ။ ။ "သူအိမ်ထောင်မပြုခင်က ကျွန်တော့်မှာ အမေမှ မရှိဘဲ"





www.burmeseclassic.com

www.burmeseclassic.com



## ဆေးသောက်လုံး

လူတစ်ယောက်ဟာ မျက်ရည်တွေကျနေပြီး ထိုင်နေပါတယ်။

သူ့မိတ်ဆွေက--

"ဘာဖြစ်လို့ စိတ်မချမ်းမသာ ဖြစ်နေသလဲ"လို့ မေးပါတယ်။

ဒီအခါသူက--

"ဆရာဝန်ကပြောပါတယ်။ ကျုပ်ဒီဆေးပြားတွေကို သေတဲ့အထိ သောက်သွားရမှာတဲ့"



သူ့မိတ်ဆွေက--

"လူတော်တော်များများဟာ နေ့စဉ် နေ့တိုင်းပဲ တစ်သက်လုံး ဆေးသောက်ရတဲ့ အဖြစ်မျိုးတွေ ရှိတတ်ပါတယ်"လို့ အားပေးစကားပြောကြားပါတယ်။

ဒီအခါသူက--

"ဟုတ်တော့ ဟုတ်တာပေါ့။ ဒါပေမယ့် ဆရာဝန်က ကျုပ်ကို ဒီဆေးပြား ဆယ်ပြားပဲ ပေးသွားလို့ဗျ"လို့ ပြန်ပြောလိုက်တယ်တဲ့။

## ကိုယ်စကားနဲ့ကိုယ်

သာယာကုန်းရွာက "ဗေဒကဝိန် ဦးတောက်ထိန်"ကို ဘုရားတရားကြည်ညိုသူ၊ သိက္ခာသမာဓိရှိသူ၊ ငါးပါးသီလ စောင့်ထိန်းသူအဖြစ် တစ်ရွာလုံးက သိကြပါတယ်။

ဗေဒကဝိန် ဦးတောက်ထိန်ရဲ့ အိမ်မှာ ဗေဒင်ပညာကို သင်ယူနေတဲ့ ချက်ဖေါင်းဆိုတဲ့ ကလေးငယ်တစ်ဦး ရှိပါတယ်။ ချက်ဖေါင်းဟာ အတောင်းပါး

www.burmeseclassic.com



တဲ့ လူငယ်လေး ဖြစ်တယ်။

တစ်နေ့မှာ ဆရာတပည့်နှစ်ဦးဟာ အရိပ်ကောင်းတဲ့ သစ်ပင်ကြီး တစ်ပင်ရဲ့ အောက်မှာ ဗေဒင်ပညာ ပို့ချသင်ယူနေကြတုန်း သစ်ပင်ပေါ်က အရာဝတ္ထုတစ်ခုဟာ "ဖုတ်ခနဲ"ပြုတ်ကျလာပါတယ်။

ပြုတ်ကျလာတဲ့ အရာဝတ္ထုကို ဆရာတပည့်နှစ်ယောက်ဟာ ကြည့်လိုက်ကြပါတယ်။ ဖွတ်တစ်ကောင်(အချို့ဒေသမှာ "ဖွတ်"ကို "မောင်းခါး" လို့ ခေါ်ပြီး၊ အချို့ဒေသတွေမှာတော့ "ဖွတ်"ကို "ဇောတိက" လို့ခေါ်ကြပါတယ်။) ဖြစ်နေတာကို မြင်တွေ့ရပါတယ်။ ဖွတ်ဟာ အမြင့်က ကျလို့ အတော်နာသွားပြီး မသွားနိုင်ဘဲ ဖြစ်နေပါတယ်။

ဖွတ်သားဟာ အလွန့်ကို အရသာရှိကြောင်းကို ဆရာတပည့် နှစ်ဦးစလုံးက တွေးမိကြပါတယ်။ ဗေဒကဝိန် ဦးတောက်ထိန်က ဟန်ကိုယ့်ဖို့ ဆိုတဲ့အတိုင်း ချက်ဖေါင်းကို–

"ဟေ့ကောင်ချက်ဖေါင်း ရိုက်လာပြုလား မလုပ်ကြနဲ့နော်"လို့ ပြောလိုက်တယ်။



ချက်ဖေါင်းဟာ အကင်းပါးတဲ့ ကလေးဖြစ်လို့ သစ်ကိုင်းတစ်ကိုင်းကို ကောက်ယူပြီး ဖွတ်ကြီးကို ရိုက်ပါတော့တယ်။ ပြီးတော့–

"ကျွန်တော် ရိုက်လားပြုလားတော့ လုပ်မိပြီ ဆရာကြီး"လို့ ပြောလိုက်တော့ ဗေဒကဝိန် ဦးတောက်ထိန်က––

"ကောင်းပြီလေ–ဒါဆို ချက်လားပြုတ်လားတော့ မလုပ်နဲ့ဟေ့"လို့ ပြောပြန်ပါတယ်။

အကင်းပါးတဲ့ ချက်ဖေါင်းက သူ့ထုံးစံအတိုင်း အမြန်ဆုံး မီးဖိုပြီး ချက်ပြုတ်ပါတော့တယ်။ ပြီးတော့––

"ကျွန်တော် ချက်လားပြုတ်လားတော့ လုပ်လိုက်မိပြီ ခင်ဗျာ"လို့ ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ နံနက်စာ စားချိန်က နီးပြီဖြစ်လို့ ဗေဒကာဝိန် ဦးတောက်ထိန်ဟာ အိမ်ပေါ်ကို တက်လာပြီး–

"အေးကွာ–ချက်လားပြုတ်လား လုပ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ ဒါပေမယ့် ငါ့ကို ကျွေးလားမွေးလားတော့ မလုပ်ပါနဲ့ကွာ––"လို့

ပြောပြီး ထမင်းစားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ပါတယ်။

ဖွတ်သားဟင်းရဲ့ ရနံ့ဟာ သင်းပျံ့လို့ ထွက်ပေါ်လာပါတယ်။ ဗေဒကာဝိန် ဦးတောက်ထိန်ဟာ တံတွေးကို မကြာခဏ မျိုချလို့ နေရရှာပါတယ်။

အတော်လေးကြာတဲ့အခါမှာ ဗေဒကာဝိန် ဦးတောက်ထိန် ထိုင်နေတဲ့ ထမင်းစားပွဲကို ချက်ဖေါင်းက ထမင်းနဲ့ ဟင်းတွေ လာချပြီး ပေးပါတယ်။ ဒါပေမယ့် ဦးတောက်ထိန်ဟာ မစားသောက်သေးဘဲ ဖွတ်သားဟင်းခွက်ကို စောင့်မျှော်လို့ နေပါတယ်။

အချိန်တွေသာ ကြာလာတယ်၊ ဖွတ်သားဟင်းက ရောက်မလာလို့ စိတ်မရှည်နိုင်တော့ဘဲ ဗေဒကာဝိန် ဦးတောက်ထိန်က––

"ဟေ့ကောင် ချက်ဖေါင်း၊ ဖွတ်သားဟင်း––ရောက်မလာသေးပါလား"လို့

မေးလိုက်တော့ ချက်ဖေါင်းက မီးဖိုခန်းထဲက ထွက်မလာဘဲ–

"ဆရာကြီးက ငါ့ကို ကျွေးလားမွေးလား မလုပ်နဲ့ဆိုလို့ ကျွန်တော် စားကောင်းကောင်းနဲ့ စားလိုက်တာ တစ်အိုးလုံး ကုန်သွားပါပြီ ဆရာကြီး"လို့

လှမ်းပြောလိုက်ပါတယ်။

ဗေဒကာဝိန် ဦးတောက်ထိန်ဟာ ကိုယ်စကားနဲ့ကိုယ် ဖြစ်နေတော့ ဘာမှ ပြန်မပြောနိုင်တော့ဘဲ ချက်ဖေါင်းရှိရာ မီးဖိုချောင်ဘက်ကို မကျေမနပ်နဲ့ ကြည့်လိုက်ပြီး ထမင်းကို ငံ့ကာ စားနေရရှာတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# ကိုဖိုးထောင်ရဲ့ အသုဘစကား

ရွာတစ်ရွာမှာ ကိုမောင်အေးနဲ့ မခင်ဖွေးဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက် ရှိကြပါတယ်။ မခင်ဖွေးဟာ ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်။ ကိုမောင်အေးကတော့ ယောကျ်ား ပီသပြီး ရှေ့သွားနောက်လိုက် ညီကြပါတယ်။

ဒါပေမယ့် တစ်နေ့မှာ ကိုမောင်အေးဟာ ရောဂါတစ်ခုနဲ့ ဆုံးပါး သွားခဲ့ရပါတယ်။ မခင်ဖွေးဟာ အလွန်ပဲ ပူဆွေးသောက ဖြစ်ရရှာပါတယ်။ ဒါကြောင့် ကိုမောင်အေးရဲ့ ရုပ်ကလာပ်ကို တိုင်တည်ပြီး ငိုရှာပါတယ်။ မခင်ဖွေး ငိုကြွေးနေတာကို အသုဘအိမ်ကို လာရောက် ကူညီတဲ့ ဆွေမျိုး မိတ်သင်္ဂဟများကလည်း အလွန်သနားစွာနဲ့ ကြည့်နေကြပါတယ်။


ပရိသတ်တွေထဲမှာ ကိုဖိုးထောင်ဆိုတဲ့ လူပျိုကြီးတစ်ယောက်လည်း ပါဝင်တယ်။ တစ်ဖက်သတ် စွဲလမ်းခဲ့ရသူ တစ်ယောက်ဖြစ်ပြီး ကိုမောင်အေး နဲ့ ရသွားလို့သာ အသာကြိတ်မှိတ်နေခဲ့ရသူ ဖြစ်ပါတယ်။

ဒါကြောင့် မခင်ဖွေးကို အားပေးဖို့ အနားကို လူအုပ်ထဲက မသိ မသာ တိုးသွားပါတယ်။

မခင်ဖွေးက--

"အောင်မယ်လေး--သွားလေ သူကြီးရဲ့၊ ရှင့်မရှိတော့ ကျွန်မဟာ ဘယ်သူနဲ့ နေရမှာလဲတော့"

ကိုဖိုးထောင်က ရှေ့ကို အသာတိုးပြီး နှစ်ကိုယ်ကြားလေသံနဲ့--



"ကျုပ်နဲ့နေပါ--ကျုပ်နဲ့ နေပါ"

ဒီအခါမှာ မခင်ဖွေးက--



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး--သွားလေ သူကြီးရဲ့၊ ရှင့်မရှိတော့ ကျွန်မ ဘယ်သူ့ကို အားကိုးရမှာလဲတော့--"

ကိုဖိုးထောင်က--

"ကျုပ်ကို အားကိုးစမ်းပါဗျာ၊ ကျုပ်ကို အားကိုးစမ်းပါ"

မခင်ဖွေးက--

"အောင်မယ်လေး--သွားလေသူကြီးရဲ့ ရှင့်မရှိတော့--ရှင်ရှိတုန်းက တင်ထားခဲ့တဲ့ အကြွေး နှစ်သောင်းကို ဘယ်သူက လာပြီး ဆပ်မှာလဲတော့"

ကိုဖိုးထောင်က မျက်လုံးပြူးသွားပြီး--

"ဒါတော့ ကျုပ်လဲ မဆပ်နိုင်ဘူးဗျို့"လို့ ပြောပြီး နောက်ကို အသာဆုတ်ခွာကာ လူအုပ်ကြားထဲက လစ်ပြေးသွားပါတော့တယ်တဲ့။

## စပ်လိုက်ပုံများ

တစ်ခါက ပခန်းသားလူငယ်နဲ့ ဗန်ကျိုသူ ပျိုရွယ်တို့ဟာ ခရီးကြုံလို့ အိမ်တစ်အိမ်မှာ တွေ့ဆုံကြပါတယ်။ အိမ်ရှင်ဖြစ်တဲ့သူက ဝမ်းပန်းတသာ ပျူပျူငှာငှာ ကြိုဆိုညှေ့ခံပါတယ်။

ဒီနောက် အိမ်ရှင်ဖြစ်တဲ့သူက ပခန်းသားနဲ့ ဗန်ကျိုသူ မပြန်ခင် ကိုယ့်ဒေသအကြောင်းကို လက်တမ်းကဗျာတစ်ပုဒ်စီ စပ်ဆိုကြဖို့ ပြောဆို တိုက်တွန်းပါတယ်။

ဒီအခါ ဗန်ကျိုသူက--

"အုတ်မရှိလို့ မြို့မတည်၊ ရွှေဗန်ကျိုသူရှင့်"လို့

ဦးစွာစပ်ဆိုလိုက်ပါတယ်။

ဗန်ကျိုသူရဲ့ စပ်ဆိုချက်ဟာ အဓိပ္ပါယ် လေးနက်လှပါတယ်။ ကာရန်နဘောကလည်း ကိုက်ညီလှပါတယ်။ အစပ်အကောင်းပါတယ်လို့ အိမ်ရှင်က ချီးကျူးစကား ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပခန်းသားကလည်း အားကျမခံ—



"ငရုတ်ကျည်ပွေ့ထောင်ထမ်း၊ မြို့ပခန်းဗျ" လို့ စပ်ဆိုလိုက်ပြန်ပါတယ်။

ပခန်းသားရဲ့ စပ်ဆိုချက်ဟာ အဓိပ္ပါယ်မဲ့တယ်၊ ကာရန်နဘောထောင့်တယ်၊ အစပ်မကောင်းလို့ အိမ်ရှင်က အပြစ်ဆိုပြီး ဝေဖန်ပါတယ်။

ဒီအခါမှာ ပခန်းသားက ဒေါပွပွနဲ့ ပြန်ပြောလိုက်တာကြောင့် အိမ်ရှင်က မျက်လုံးပြူးကာ ပခန်းသားကို လက်မြှောက်ရတော့တယ်။

ပခန်းသားပြောလိုက်ပုံက--

"ဗျာ--မစပ်ဘူး ဟုတ်လား၊ ဒါ့ထက် စပ်ရရင်တော့ဗျာ၊ မယုံရင် လျှက်ကြည့်လေ--" တဲ့။

## အတိုကြိုက်သူ

ရွာတစ်ရွာမှာ ဦးရွှေတုတ်ဆိုတဲ့ ရပ်မိရပ်ဖ ဘုရားဒကာတစ်ဦး ရှိတယ်။ သူဟာ တစ်ယောက်နဲ့ တစ်ယောက် ရှည်ရှည်ဝေးဝေး မပြောရ၊ လိုရင်းတိုရှင်း ပြောဆိုမှသာ ကြိုက်နှစ်သက်တယ်။

တစ်နေ့က ရွာအလှူပွဲမှာ ဖိတ်ကြားထားတဲ့ ရပ်ဝေးရပ်နီး မိတ်သင်္ဂဟတွေ စုံလင်စွာ ရောက်ရှိလို့နေပါတယ်။ တရားဟော စင်ပေါ်မှာ ညှော်ခံ စကားပြောကြားမယ့် ဦးရွှေတုတ်က ပေါ်မလာသေးပါ။ ဒါကြောင့် ရွာသားတစ်ဦးက အသံချဲ့စက်နဲ့--

www.burmeseclassic.com



"--ရွာနေ ကျေးဇူးရှင် ရပ်မိရပ်ဖ၊ ဘုရားဒကာ ဦးရွှေတုတ်ခင်ဗျား၊ ရှိသေစွာ ပန်ကြားလိုက်ပါတယ်။ အခုအချိန်မှာ ရပ်ဝေးရပ်နီး မိတ်သင်္ဂဟတွေ စုံလင်စွာ ရောက်ရှိနေပြီ ဖြစ်လို့ အလှူမင်္ဂလာမဏ္ဍပ်ရဲ့ တရားဟောစင်ပေါ်ကို ငုတ်တုတ်ထိုင်ရန် လာရောက်သင့်ပြီ ဖြစ်ကြောင်း လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျာ" လို့

အော်သံကို ကြားလိုက်တာနဲ့ ဦးရွှေတုတ်ဟာ အိမ်မှာ အဝတ်အစား လဲရင်း ဒေါသထွက်ကာ ပါးစပ်ကလည်း--

"အင်း--နေနှင့်ဦး၊ နေနှင့်ဦး--တော်တော် လျှာရှည်တဲ့ ကောင်တွေ၊ မဏ္ဍပ်ထဲကျမှ ငါ့အကြောင်း၊ ကောင်းကောင်းသိစေမယ်" လို့

တစ်ယောက်တည်း ကျိန်းထား လိုက်ပါတယ်။



မဏ္ဍပ်ထဲကို ရောက်တော့ ဘုရားဒကာ ဦးရွှေတုတ် ပြောကြား လိုက်ပုံက--

"စောစောကပြောတာ ဘယ်သူလဲကွာ၊ လျှာရှည်လိုက်တာကွာ၊ နားကို ငြီးနေတာပဲ၊ ဒါလေးများ ဘုရား-တုတ်-ငုတ်ဆိုရင် ပြီးတာပဲ" လို့

ပြောလိုက်လို့ မာန်မဲခြင်းကို နာကြည်းရမယ့်အစား ပြုံးကြိတ်ကြိတ်ကြ ရတော့တယ်တဲ့။

## ကြိုရှံ့ညွှန်း ပရိုဟက်နာဗျူး

ကျေးရွာလေးတစ်ရွာမှာ တစ်ရွာလုံးရှိ အိမ်ခြေကို ရေတွင်းမှ ငါးဆယ်ခန့်သာ ရှိပါတယ်။ အလှူမင်္ဂလာဆောင် စတဲ့ သာရေးနာရေး ရှိရင် တစ်ရွာလုံးကျွတ် "ဗျိုး" ဟာစ်ပြီး ဖိတ်ကြားရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သကြိန်အခါ အပြီး နှစ်ဆန်းတစ်ရက်နေ့မှာ ကိုစံညွှန့်နဲ့ မမြဆိုတဲ့ လင်မယားနှစ်ယောက်ဟာ အန္တရာယ်ကင်း ပရိတ်တရားတော် နာဖို့ စီစဉ်ကြပါတယ်။ မုံရွာမြို့က ထန်းလျက်၊ လက်ဖက်စတဲ့ လိုအပ်တာတွေကို ဝယ်ယူလာကြပါတယ်။ လာရောက်ကြတဲ့ ပရိသတ်တွေကို ဂျုံကို ကျိုပြီး တိုက်ဖို့ စီစဉ်ထားပါတယ်။ နှစ်ဆန်းတစ်ရက် မတိုင်မီညမှာ တစ်ရွာလုံး ကြားသိစေဖို့ ဗျိုးဟစ်ပါတယ်။

"--ကြားကြားသမျှ ကလျာဏအနွယ်ဝင် သူတော်စင် အပေါင်းတို့ဗျိုး၊ မနက်ဖြန် နှစ်ဆန်းတစ်ရက်နေ့ ညနေ ၂-နာရီ အချိန်မှာ ကိုစံညွှန့်-မမြတို့ရဲ့ အိမ်မှာ အန္တရာယ်ကင်း ပရိတ်နာပြုလုပ်မှာဖြစ်လို့ ကြွရောက်ကြပါဗျိုး၊ ဧည့်ခံအကျွေးအမွေးက လာသမျှ ပရိသတ်ကို ဂျုံကျိုဖြင့် ဧည့်ခံပါလိမ့်မယ်ဗျိုး"

ကိုစံညွှန့်ဟာ ဘုန်းတော်ကြီးများအတွက် ကန်တော့ပွဲများနဲ့ ပရိသတ်များကို ဧည့်ခံကျွေးမွေးဖို့ ဂျုံစေ့နဲ့ ထန်းကျက် နှစ်ဒယ်အိုး ကျိုထားပါတယ်။ ဒါပေမယ့် မမျှော်လင့်ဘဲ ဂျုံကျိုဒယ်အိုးတွေ မတော်တဆ မှောက်ကျသွားတာကြောင့် ကိုစံညွှန့်ဟာ အခက်အခဲ တွေ့ရပါတော့တယ်။



မြို့နဲ့ အလှမ်းဝေးလို့ ကျွေးမွေးဧည့်ခံဖို့ ဘာမျှ ဝယ်လို့ မရပါ။ မကြာပါ ဒုတိယအကြိမ် "ဗျိုး" ဟစ်သံကြားရတောကြောင့် တစ်ရွာလုံး ပြုံးကြ ရယ်မောကြရပါတယ်။

"--ကြားကြားသမျှ ကလျာဏအနွယ်ဝင်သူတော်စင် အပေါင်းတို့ ဗျိုး၊ ပရိသတ်တွေကို တိုက်ကျွေးမယ့် ဂျုံကျိုဒယ်အိုးတွေ မှောက်ကျသွားလို့ ကိုစံညွှန့်-မမြတို့ အန္တရာယ်ကင်း ပရိတ်နာကို မလာကြပါ နဲ့တော့ဗျိုး၊ အိမ်သူအိမ်သားများနဲ့သာ အကျဉ်းချုပ် ပရိတ်နာပါတော့မယ်ဗျိုး"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# နို့ချင်းမတူ

တစ်ခါက ရွာတစ်ရွာမှာ အလွန့်ကို အသန့်ကြိုက်တဲ့ လူတစ်ယောက် ရှိတယ်။ အသန့်အပြန့်ကြိုက်လွန်းလို့ တော်ရုံတန်ရုံ လူများက သူ့ကို စိတ်မရှည်၊ သူကလည်း လူတိုင်းကို မဆက်ဆံ ရှုံ့ရှာတတ်ပါတယ်။

တစ်နေ့မှာတော့ သူ့အိမ်ကို နှမဖြစ်တဲ့ သူက အလည်လာပါတယ်။ နှမဖြစ်တဲ့သူက ကလေးငယ်ငယ်လေးနဲ့ ဖြစ်ပြီး သူ့အစ်ကို အကြောင်း လည်း သိရှိထားလို့ အစစအရာရာ သတိထားပြီး နေရရှာပါတယ်။

တစ်ခါ––နှမဖြစ်တဲ့သူခမျာ ကလေးနို့တိုက်နေတုန်း နို့ရည်တွေ ဆားကို စဉ်ထွက်ပြီး အနားမှာ ထိုင်နေတဲ့ သူ့အစ်ကို ခြေထောက်ကို သွားစဉ်တော့––

"ဘယ်လိုလုပ်တာလဲဟ––နင်တို့ဟာ အနေအစား ပက်စက်တယ်၊ ရှုံ့ဖို့ကောင်းလိုက်တာ၊ တကတဲ မထိန်းနိုင်၊ မသိမ်းနိုင်နဲ့ ယာထဲက ရေလျှံတွင်း ကျနေတာပဲ"လို့

ဆူပူကြိမ်းမောင်းပါတယ်။

နောက်တစ်နေ့မှာ မိန်းမ ဖြစ်တဲ့သူက ကလေးကို နို့တိုက်နေပြန် ပါတယ်။ ဒီတစ်ခါတော့ နို့ရည်တွေက ခြေထောက်ကို မစဉ်၊ သူ့ယောက်ျားရဲ့ မျက်နှာကို ကျောက်ကျောက်ကျူးကျူး သွားစဉ်ပါတယ်။



နှမဖြစ်တဲ့သူခမျာ ရင်ထဲမှာ တဒိတ်ဒိတ်နဲ့ သူ့အစ်ကိုကို ကြည့်ရင်း ယောင်းမကို ထရိုက်နေဦးမလား၊ ဆော့များ အန်လေမလား စိုးရိမ်တကြီး ဖြစ်နေတုန်း ပြုံးပြုံး ပြောချလိုက်တဲ့ အစ်ကို လူသန့်ကြီးရဲ့ စကားကြောင့် မျက်စောင်းထိုးရင်း ရယ်ရမောရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ အစ်ကို ပြောလိုက်တာကတော့--

"ဟ--ငါ့မိန်းမကလဲ၊ စောစောစီးစီး နို့သကြားနဲ့ကျနေရပြန်ပါပြီ" တဲ့။

## သတို့သားစကား

တစ်ခါက ရွာတစ်ရွာမှာ မင်္ဂလာဆောင်မယ့် သတို့သားက မြို့ကို တက်ပြီး ပစ္စည်းတွေ ဝယ်ပါတယ်။

ဈေးကိုရောက်တဲ့အခါ အိမ်မှာ သုံးဖို့ ဇွန်းကြီးတစ်ချောင်း အရင် ဝယ်လိုက်တယ်။ အဲဒီနောက်မှာတော့ မင်္ဂလာဆောင်အတွက် ခြင်ထောင် ဝယ်ဖို့၊ အထည်တန်းဘက်ကို ထွက်ခဲ့ပါတယ်။

ဈေးထဲက အထည်ဆိုင် တစ်ဆိုင်ကလဲ ဇွန်းကြီးကိုင်ပြီး ဝင်လာတဲ့ သတို့သားကို လှမ်းပြီး မေးလိုက်တယ်။

"ဘာလိုချင်ပါသလဲရှင်"

အဲဒီမှာ သတို့သားလုပ်သူက မင်္ဂလာဆောင်ကို စိတ်စွဲပြီး ပြောလိုက်တဲ့ စကားကြောင့် တစ်ဆိုင်လုံး ပွဲကျသွားပါတော့တယ်။



သတို့သား ပြောလိုက်တာကတော့--

"နှစ်ယောက်အိပ် ဇွန်းကြီး တစ်ချောင်း" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## တောင်ပေါ်သားနဲ့ မြန်မာစကား

ရှမ်းပြည်နယ်၊ တောင်ပေါ်မြို့လေးတစ်မြို့ရဲ့ စာသင်ကျောင်းတစ်ကျောင်းမှာ သုံးတန်းကျောင်းသားလေး တစ်ယောက်က ဆရာတွေနားနေခန်းကို ရောက်လာပြီး သူ့အဖေ ကျောင်းဆရာကို လာရှာပါတယ်။ သူ့အဖေကို မတွေ့တော့ နားနေခန်းက ဆရာတစ်ယောက်ကို မေးတယ်”



“ဆရာကြီး ကျွန်ုပ်၏ ဖခင် အဘယ်မှာ ရှိသနည်း”လို့ ဆိုတော့-

ဆရာက--

“သင်၏ ဖခင် ရုံးခန်းထဲမှာ ရှိသည် မောင်မင်း”လို့ ပြန်ပြောလိုက်ပါတယ်။

သူတို့နှစ်ဦးကိုကြည့်ပြီး နားနေ ခန်းထဲမှာရှိတဲ့ ဆရာ၊ ဆရာမတွေအားလုံးက ရယ်ရွှင်ပြုံးလို့ အမော အပန်းတွေ ပြေကုန်သတဲ့။

## သူမိုက်ပုံကတစ်မျိုး

ရွာတစ်ရွာမှာ မောင်အိုဆိုတဲ့သူဟာ အမြဲတမ်း မူးနေရူးနေသူတစ်ယောက် ဖြစ်ပါတယ်။ ရွာထဲမှာ သူမိုက်ကြေး မခွဲဘူးတဲ့ အရက်ဆိုင်ဆိုတာလဲ မရှိ၊ မိုက်ကြေးမခွဲဘူးတဲ့ သူကလဲ ခပ်ရှားရှားပဲ။




www.burmeseclassic.com

www.burmeseclassic.com



မောင်အိုဟာ ဗလကလည်း တောင့်တောင့်၊ ရုပ်ကလည်း လူမိုက်ရုပ်၊ တစ်ကိုယ်လုံးမှာလဲ ဆေးမင်ကြောင်တွေ အပြည့်နဲ့ဆိုတော့ မိုက်ကြေးခွဲခံရတဲ့ လူတွေဟာ ပြန်ချဖို့ မပြောနဲ့ ရဲရဲတောင် ပြန်မကြည့်ရဲကြပါဘူး။

တစ်နေ့မှာ မောင်အို အရက်ဆိုင်ထဲမှာ မိုက်ကြေးခွဲပါလေရော၊ မိုက်ကြေးခွဲခံရတဲ့ သူကလဲ မောင်အိုတို့ ရွာက မဟုတ်ဘူး။ ဒီတော့ မောင်အိုကို ပြန်ချဖို့ စိန်ခေါ်တော့တာပဲ။



ရွာသားတွေကလဲ ပွဲကြီးပွဲကောင်းဆိုပြီး ရင်တမမနဲ့ မောင်အို ဘာလုပ်မလဲဆိုတာကို စောင့်ကြည့်နေကြပါတယ်။ ဒါပေမယ့် မောင်အိုက–

"အေး––မင်းနဲ့ငါ တုတ်တုတ်ချင်း၊ ဓားဓားချင်း ချမယ်၊ လူကိုတော့ မထိပေစေနဲ့နော်" တဲ့။

## ပျင်းလို့ထဲ့

မောင်ကြီးတို့ရဲ့ အရှေ့ရွာရဲ့ ဘုရားပွဲမှာ ဒီနှစ်ထူးထူးခြားခြား ဖြစ်အောင် "စိန်ခေါ်လက်ဝှေ့ပွဲ"ပါ ထည့်ပေးမယ်လို့ သူကြီးက ပြောပါတယ်။

ဗလကောင်းပြီး ဝဖြိုးနေတဲ့ မောင်ကြီးကလဲ သူ့ရဲ့ ကိုယ်ကာယကို အားကျပြီး သူပါ လက်ဝှေ့ဝင်ထိုးမယ်လို့ စာရင်းပေးလိုက်ပါတယ်။

ရွှေရုပ်၊ ဝမ်ချိုင်း၊ အလွှမ်းတို့ကို အဖြူအမည်း၊ တီဗီလေးထဲမှာ ကြည့်ရင်း မောင်ကြီးက အားကျနေတာ ကြာပြီလေ။

ဘုရားပွဲနေ့ကို ရောက်တော့ မောင်ကြီးက ရွာရိုးလမ်းကို ခေါင်တဲ့ ခေါက်ပြန် လျှောက်ရင်း သူလက်ဝှေ့ထိုးမယ့်အကြောင်းကို ကြုံတဲ့ လူတွေကို ကြွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ယှဉ်ပြိုင်ထိုးရမယ့်သူက ကျားလေးလို့ အမည်တွင်တဲ့ အနောက်ရွာက ပုသေးသေး ကောင်လေး ဖြစ်ပါတယ်။

"ကိုမောင်ကြီး အနောက်ရွာသားကို အသေအလဲသာ ထိုးပစ်ခဲ့နော်၊ နို့မဟုတ်ရင် ကျုပ်တို့ ရွာသားတွေ သိက္ခာကျမှာဗျ"

"စောင့်ကြည့်လေ--အဲဒီ ကျားလေးဆိုတဲ့ ပုကွကွ ကောင်လေး လောက်တော့ မောင်ကြီးက ပျင်း တောင် ပျင်းသေးတယ်"



ဆိုင်းဝိုင်းဆီက ပတ်မကြီး သံပေးတာနဲ့ အရှေ့ရွာက မောင်ကြီး ဟာ ကျားလေးရဲ့ကန်ချက်၊ ရိုက်ချက်၊ ဒူးနဲ့ တိုက်ချက်တွေကို အလူးအလဲ ခံလိုက်ရပြီး ပထမပွဲစဉ်မှာပင် သတိ လစ်ပြီး မေ့မြောသွားပါတယ်။

တိုက်နယ်ဆေးရုံကို မောင်ကြီးအား အပြေးအလွှား ပို့ဆောင်ပြီး ကုသပေမယ့် မောင်ကြီးဟာ သတိလစ် မေ့မြောသွားခဲ့တာ နှစ်ရက်တိတိ ကြာသွားပါတယ်။

အရှေ့ရွာသားတွေက စိတ်မကောင်းစွာနဲ့ မောင်ကြီးကို အားပေး ဖျောင်းဖျနှစ်သိမ့်ကြပေမယ့် မောင်ကြီးက ပြုံးတုံ့တုံ့လုပ်ကာ ပြန်ပြောလိုက် ပုံက--

"ကျားလေးဆိုတဲ့ ကောင်က ပုသေးသေးပါကွာ၊ ငါ့ခန္ဓာကိုယ်က သူ့လောက်တော့ မဖြုံပါဘူး။ ဒါကြောင့် ငါသူနဲ့ ပြိုင်ထိုးရမှာ ပျင်းတာနဲ့ နှစ်ရက်ဆက်တိုက် အိပ်ပစ်လိုက်တာ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# တောင်းပါတောင်းပါ ပြောရက်နဲ့


တစ်ခါက ရွာတစ်ရွာမှာ အလွန်အကြွားသန်တဲ့ လူပျိုကြီးတစ်ယောက် ရှိတယ်။ တစ်နေ့မှာ သူဟာ တစ်ရပ်တစ်ကျေးမှာ ရှိတဲ့ အသိမိတ်ဆွေတွေဆီ အလည်သွားဖို့ အစီအစဉ် ရှိတယ်။

သူစိတ်ကူးထားတာက တစ်ရွာကို ရောက်ရင် သူမှာ စုံကြောင်း ကြွားလိုက်မယ်လို့ ဖြစ်ပါတယ်။ တစ်ရွာမှ လူတွေက သူအကြွားသန်တာကို မသိလို့ အလွန်ကြွားကောင်းလိမ့်မယ်လို့ သူထင်မှတ်ခဲ့ပါတယ်။

တစ်ရွာကိုရောက်တော့ သူ့မိတ်ဆွေကို စပြီး ကြွားပါတော့တယ်။

"ဟ--ကောင်တွေ မင်းတို့ ငါ့အကြောင်း ကြားပြီးပြီလား"

"ဘာ အကြောင်းတုန်းကွ"



"ဟ--ဘာရမတုံး၊ ငါနဲ့ ရွာက ကောင်မလေးအကြောင်းပေါ့၊ ငါ ဒီကို မလာခင်လေးတင်ပဲ ဘာပြောမှတ်သလဲ၊ တောင်းပါ တောင်းပါတဲ့"

လူပျိုကြီးက စကားကို အနည်းငယ် ပြတ်ပြီး ဝင့်ကြွားလိုဟန်နဲ့ သူ့မိတ်ဆွေတွေကို လှမ်းပြီး အကဲခတ်လိုက်ပါတယ်၊ ဒီအခါမှာ သူ့ရဲ့ ရွာက သူ့အကြောင်းကို အတွင်းသိနေတဲ့ လူတစ်ယောက် ဖျတ်ခနဲ တွေ့လိုက်ရလို့ ဖြတ်ထိုးဉာဏ်နဲ့ ဆက်ပြောလိုက်တာက--

"အဲ--အဲ--တောင်းပါ--တောင်းပါ ပြောရက်နဲ့ ငါက မကြားဘဲ တက်နင်းမိလို့ တောင်းကျိုးသွားတာနဲ့ ငွေသုံးကျပ် လျော်လိုက်ရတယ် ကွာ"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# အလျှက်ကောင်းတော့

ရွာတစ်ရွာက ဘုန်းတော်ကြီးဟာ အလွန်အသက်အရွယ် ကြီးပါပြီ၊ သက်တော် ရှစ်ဆယ်ကျော်၊ ငယ်ဖြူ ဖြစ်ပါတယ်။ လောကီကိစ္စနဲ့ ကင်းကွာလေ့ရှိပြီး ကမ္မဋ္ဌာန်းတရားနဲ့သာ မွေ့လျော်ပြီး နေတတ်ပါတယ်။

အသက်ရှည်ရှည်၊ ရောဂါကင်းကင်း စိတ်ရဲ့ ကြည်လင်ခြင်း ဖြစ်ရတယ်။ တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကလဲ ကြည်ညိုသဒ္ဓါပွားများကြပါတယ်။

ဘုန်းတော်ကြီးရဲ့ အနီးမှာ ဝတ်ကြီးဝတ်ငယ် ပြုဖို့ "အောင်သန်း" ဆိုတဲ့ လူငယ်တစ်ဦး ရှိပါတယ်။ ဘုန်းတော်ကြီးရဲ့ ဝေယျာဝစ္စ ပြုဖွယ် မှန်သမျှ လုပ်ကိုင်ဆောင်ရွက်ပေးရရာ အလွန့်ကို အားထားရပါတယ်။



တစ်နေ့မှာ အောင်သန်းဟာ ရွာထဲကို သွားနေပါတယ်။ ကိစ္စရှိလို့ ဘုန်းတော်ကြီးက ခေါ်တယ်။ အနီးမှာရှိတဲ့ ကျောင်းသားငယ်ကို

"အောင်သန်းကို သွားပြီး ခေါ်၊ ဒီကောင် ဘာလုပ်နေလဲ"လို့ မိန့်ပါတယ်။

ကျောင်းသားငယ်က--

"အောင်သန်း ရွာထဲမှာ ဖဲရိုက်နေတယ်"လို့

ပြန်လျှောက်ထားတော့ ဘုန်း တော်ကြီးက အလွန့်ကို စိတ်ဆိုးပါတယ်။ ဒါကြောင့် အောင်သန်း ရောက် လာတဲ့အခါမှာ စိတ်တိုစွာနဲ့ မေး လိုက်ပါတယ်။

"အောင်သန်း မင်း ရွာထဲမှာ ဖဲရိုက်တယ်ဆို"

"မဟုတ်ပါဘူး ဘုရား၊ တပည့် ပိုကာခေါင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး––ဒီလိုဆိုလဲ ပြီးတာပဲ၊ ကောင်းတယ်၊ ဒေါင်း––ဒေါင်း"လို့ ပြောလိုက်ပါတယ်။

အနီးအနားမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေက ဘုန်းတော်ကြီးရဲ့ စကားကို ကြားတော့ ပြုံးစိစိ ဖြစ်ကြတယ်တဲ့။

## ရှေ့ကျော်တော် ရူးလိုက်ပုံက

တစ်ခါက တောင်းရမ်းစားသောက်တဲ့ မျက်မမြင်တစ်ဦးနဲ့ ခြေတစ်ဖက်ကျိုးနေတဲ့ တောင်းရမ်းစားသောက်သူတစ်ဦးတို့ ရှိကြပါတယ်။ သူတို့ဟာကိုယ်စီ လှူငှားပြီး တောင်းရမ်းစားသောက်ကြပါတယ်။ တောင်းရမ်းလို့ရတဲ့ ပိုက်ဆံတွေကို တစ်ဝက်ခွဲပြီး လှူငှားကို ပေးကြရပါတယ်။

တစ်နေ့မှာ တောင်းစားသူ ခြေကျိုးနဲ့ မျက်မမြင် တောင်းစားသူတို့ ဆုံမိကြတော့ ခြေကျိုးသူက မျက်မမြင် တောင်းစားသူကို ကြည့်ပြီး အကြံကောင်းတစ်ခုကို ရလိုက်ပါတယ်။ သူ့အကြံကို မျက်မမြင်တောင်းစားသူကို ပြောပြလိုက်ပါတယ်။

"ဒီမှာ မိတ်ဆွေ၊ မိတ်ဆွေက မျက်စိ မမြင်လို့ လှူငှားပြီး တောင်းရမ်းရတယ် မဟုတ်လား၊ တောင်းရမ်းလို့ရတဲ့ ပိုက်ဆံတွေထဲက လှူငှားကို တစ်ဝက်ခွဲ ပေးရတာ နာသဗျာ။ ကျုပ်လဲမိတ်ဆွေလိုပဲ၊ လှူငှားကို တစ်ဝက်ခွဲဝေပေးနေရတယ်။ နာသဗျာ။ ဒါကြောင့် ကျုပ်နဲ့ မိတ်ဆွေ နှစ်ယောက်ပေါင်းပြီး၊ မိတ်ဆွေက ကျုပ်ကို လှည်းပေါ်တင်တွန်း၊ ကျုပ်က





www.burmeseclassic.com

www.burmeseclassic.com



မျက်စိမြင်တော့ မိတ်ဆွေကို လမ်းညွှန်မယ်၊ တောင်းလို့ရတဲ့ ပိုက်ဆံတွေကို ကျုပ်နဲ့ မိတ်ဆွေ နှစ်ယောက် တစ်ဝက်စီ ခွဲဝေယူတာပေါ့ ဟုတ်လား"

မျက်မမြင်က ခေတ္တစဉ်းလိုက်ပြီး--

လုပ်လိုက်လေ--ကြာသလားလို့"တဲ့။

## သူခိုးပြေးတဲ့ ဆေးစာ

တစ်ခါက မြစ်ကမ်းနားမှာ နေထိုင်တဲ့ မြန်မာသမားတော်ကြီး ဦးတုတ်မှာ မောင်ပုဆိုတဲ့ တပည့်လေးတစ်ယောက် ရှိတယ်။ မောင်ပုဟာ စာဖတ်ရာမှာ အလွန် နမော်နမဲ့နိုင်သူတစ်ဦး ဖြစ်ပါတယ်။

တိတ်ဆိတ်တဲ့ညတစ်ည ဖြစ်ပါတယ်။

ဆေးဆရာကြီး ဦးတုတ်ရဲ့ နေအိမ်ကို ဝင်ရောက်ခိုးယူဖို့အတွက် သူခိုးတစ်ယောက်ဟာ တုတ်တစ်ချောင်းကို ထမ်းပြီး ကမ်းနားမှာ ခိုကပ်နေပါတယ်။ ဒီသူခိုးက တစ်ခြားသူ မဟုတ်ပါ။ ရွာထဲက "မိသာ"ဆိုသူရဲ့ လင်ယောကျ်ား ဖြစ်ပါတယ်။



ဒီအချိန်မှာ ဆေးဆရာ ဦးတုတ်ဟာ ဆေးဖေါ်စပ်ဖို့အတွက် ရေးမှတ်ထားတဲ့ ဆေးစာကို တပည့်ဖြစ်တဲ့သူ မောင်ပုအား အဖတ်ခိုင်းပါတယ်။ မောင်ပုကို ဖတ်ခိုင်းတဲ့ ဆေးစာမှာ-

"ပိဿာလင်တုတ်ထမ်း၊ ကမ်းနားခို၊ ခိုချည်းစာချည်၊ ခြောင်းဖမ်း"လို့ နမော်နမဲ့ ဖတ်လိုက်တော့ သူခိုးဖြစ်တဲ့ မိသာရဲ့ လင်က--



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်--ငါ့ခိုးဖို့ စောင့်နေတာကို သိသွားလို့ သူ့လူတွေကို ခေါ်ခြင်း ပြီး အဖမ်းခိုင်းနေပြီ မဖြစ်ဘူး၊ လစ်မှ"လို့

တွေးတောကာ ခြေကုန်သုတ်ပြီး ပြေးပါတော့တယ်တဲ့။

## အရေးပေါ်ဟင်း

အညာကမျောလာတဲ့ ဖေါင်ပေါ်မှာ ကိုထွန်းဆိုတဲ့ သူဟာ ထမင်းချက်တာဝန်ယူရပါတယ်။ တစ်နေ့မှာ ဟင်းချက်စရာ မန်ကျည်းသီးစိမ်းသာရှိတော့လို့၊ ကိုထွန်းဟာ အကြံအိုက်နေပါတယ်။ မန်ကျည်းသီးစိမ်းတောင်းစရာ ငရုတ်ဆုံကလဲ မပါ,ပါ။

ဒါနဲ့ စဥ်းစားရင်းနဲ့ အကြံတစ်ခု ရရှိသွားပါတယ်။ ထမင်းဟင်းကျက်လျှင်ပင် ဖေါင်သမားတွေလဲ ဆာဆာနဲ့ မြိန်ရေရှက်ရေ စားသောက်ကြပါတယ်။ ထမင်းဝိုင်းပြီးတဲ့အခါ ကိုထွန်းက--

"မန်းကျည်းသီးစိမ်း တောင်းချက်က ကောင်းကြရဲ့လား"လို့

မေးပါတယ်။

ဒီအခါမှာ ဖေါင်သမားတစ်ယောက်က--

"ဟာ--ကောင်းလိုက်တာကွာ၊ ဒီနေ့ ထမင်းစားရတာ ခေါင်းတောင် မဖေါ်နိုင်ဘူး။ ဒီဟင်းမျိုး၊ ကြက်သားဟင်းနဲ့တောင် မလဲနိုင်ဘူး ဟေ့"လို့



ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ကိုထွန်း ပြန်ပြောလိုက်တာကြောင့် အားလုံးက "ဟာခနဲ ဟင်ခနဲ"ဖြစ်ပြီး မျက်နှာမဲသွားကြပါတယ်။

ဒီစကားက--

"မင်းတို့တော့ စားလို့ကောင်းမှာပေါ့ကွာ၊ ငါ့မှာဖြင့် မန်ကျည်းသီးစိမ်း ထောင်းရတာ အံသွားတွေကို ကျိန်းလို့"တဲ့။

## မယုံမရှိနဲ့ ကိုယ်တွေ့ဗျို့

အလွန်ပူအိုက်တဲ့ နေ့တစ်နေ့မှာ ဆေးလိပ် အလွန်ကြိုက်တဲ့ နှုတ်ခမ်းမွေးရှည်ရှည်နဲ့ လူကြီးတစ်ယောက်ဟာ ကုက္ကိုပင်ကြီး တစ်ပင် အောက်မှာရှိတဲ့ ဇရပ်ကြီးတစ်ခုပေါ်မှာ တက်ရောက်ပြီး အနားယူနေပါတယ်။



ခရီးသွားလူကြီးဟာ ပေါင်းထားတဲ့ တဘက်ကြီးကို ဖြုတ်ချပြီး ချွေးတွေကို သုတ်လိုက်ပြီး ပါလာတဲ့ လွယ်အိတ်ထဲက ဆေးလိပ်နဲ့ မီးခြစ်ကို ထုတ်ကာ ဆေးလိပ်သောက်မယ်လို့ လုပ်တဲ့အခါမှာ--

"နှုတ်ခမ်းမွေးရှည်သူ ဆေးလိပ်တို မသောက်ရ"လို့

ရေးသားထားတဲ့ စာတန်းတစ်ခုကို ဒီဇရပ်ကြီးပေါ်မှာ ချိတ်ဆွဲထားတာကို အမှတ်မထင် တွေ့လိုက်ရပါတယ်။ ဒီအခါမှာ--

"ကြီးကျယ်လိုက်တာကွာ၊ နှုတ်ခမ်းမွေးရှည်သူ ဆေးလိပ်တို မသောက်ရတဲ့ သောက်တော့ ဘာဖြစ်တုန်းကွာ"လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ရေရွတ်ပြီး ပါလာတဲ့ ဆေးပြင်းလိပ်ကို မီးခြစ်နဲ့ မီးညှိကာ သောက်တော့ အမှတ်မထင်ဘဲ သူ့ရဲ့ နှုတ်ခမ်းမွေးကို မီးလောင်ပြီးသွားပါတော့တယ်။

ဒီအခါမှာ ခရီးသွား ဦးကြီးက--

"နှုတ်ခမ်းမွေးရှည်သူ ဆေးလိပ်တို မသောက်ရ"လို့

ရေးသားထားတဲ့ စာတန်းရဲ့ အောက်မှာ အောက်ပါစာကို ဆက်ပြီး ရေးသားကာ ကပျာကယာ ထွက်သွားပါတော့တယ်။

ဒီဦးကြီး ရေးသားခဲ့တဲ့ စာက--

"မယုံမရှိနဲ့ ကိုယ်တွေ့ဗျို့"တဲ့။

## ပစ်ပါ ပစ်ပါ

တောရွာတစ်ရွာမှာ အလွန်ရိုးအပြီး စကားပြော ထစ်တတ်ပြီး စကား မပီမသတဲ့ ဦးထွန်းမြဆိုတဲ့သူတစ်ယောက် ရှိပါတယ်။

သူဟာ တစ်နေ့ ရွာဝင်တံခါးပေါက်မှာ ညကင်းစောင့်တာဝန်ကျပါတယ်။ ကံဆိုးချင်တော့ သူကင်းစောင့်တဲ့ ညကျမှ နွားပျောက်မှု ဖြစ်သွားပါတယ်။

နွားပျောက်တဲ့ အမှုကို နွားရှင်က ရဲစခန်းကို တိုင်တော့ ရဲသားတွေ လာရောက်ပြီး စစ်ဆေးပါတယ်။ နွားပျောက်တဲ့ညက ကင်းစောင့်တာဝန်ကျတဲ့ ဦးထွန်းမြဆိုသူ စစ်ဆေးတော့--

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"ထွန်းည"

"ဘယ်မှာ ချက်မြှုပ်လဲ"

"လှေကားအောက်မှာ"

"တယ်လေ--ဘယ်မှာမွေးလဲလို့ မေးတာဗျ"



www.burmeseclassic.com

www.burmeseclassic.com




"အိမ်ခန်းထဲမှာ"

"ဟာ--လုပ်ပြန်ပြီ

ဘယ်ဇာတိလဲလို့ မေးတာ"

ကြောက်လန့်စွာနဲ့--

"ပစ်ပါ--ပစ်ပါ"လို့



ပြောတော့ ရဲသားဟာ စိတ်မရှည်တော့ဘဲ သေနတ်မောင်း ချောက်ချက်တင်လိုက်တော့ ဒီအခါမှာ အနားရှိ ရွာလူကြီးက--

"ဟုတ်ပါတယ်၊ သူက ပျဉ်းမရွာဇာတိပါ။ သူစကားမပီလို့ "ပျဉ်းမ"ကို ပစ်ပါ ဖြစ်သွားတာပါ"လို့

ရှင်းပြတော့မှ ရဲသားက သဘောပေါက်သွားပါတော့တယ်တဲ့။

## အရူးလား အသစ်

တစ်ခါတုန်းက ပုံတောင်ပုံညာတောင် ခြေယောနယ်မြေမှာ ရှိတဲ့ ရွာတစ်ရွာမှာ မစွံနိုင်တဲ့ လူပျိုသိုးကြီး တစ်ယောက် ရှိတယ်။ အမည်က မောင်လွှမ်းပုံလို့ ခေါ်ပါတယ်။

မိဘနှစ်ပါးက လယ်ယာလုပ်ငန်း လုပ်ကိုင်ပြီး ကျွေးမွေးကာနေတယ်။ ဆွေမျိုးသားချင်း မိဘတွေက သင့်တော်တဲ့ ရွာက မိန်းမပျိုကလေးတွေနဲ့ နေရာချဖို့ စီစဉ်ကြပါတယ်။

ဒီအခါမှာ လူပျိုကြီးက--

"အမေရယ်--သားအသက် ငယ်ပါသေးတယ်"လို့

ဆင်ခြေပေးနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကာလတွေ ကြာရှည်လာတော့ လူပျိုကြီးဟာ တပြည်းပြည်း အသက်ကြီးလာပါတယ်။ ဒါကြောင့် မိဘတွေက မိမိတို့ မကွယ်လွန်မီ တင့်တောင့်တင့်တယ် မြင်လိုတယ်လို့ ပြောကာ ရွာက မိန်းမပျိုလေးနဲ့ အတင်း နေရာချပေးဖို့ စီစဉ်ကြပါတယ်။ ဒါပေမယ့် လူပျိုကြီးရဲ့ ငြင်းဆန်မှုကြောင့် မင်္ဂလာပွဲကို ဖျက်သိမ်းလိုက်ရပါတယ်။

တစ်ခါတော့ လူပျိုကြီး အရှုံး အမှုးချစ်ခဲ့တဲ့ ငယ်ချစ်ဦးက လူ့ဘဝ ဒေါသ၊ မောဟ၊ မာန်မာနတရားကို ရွံရှာပြီး တရားဘောင်မှာ သီလရှင် ဝတ်သွားပြီး ရွာကို ပြန်ရောက်လာ ပါတယ်။



ဒီအခါမှာ မိဘတွေက သီလ ရှင်မလေးကို ကြည်ညိုလွန်းလို့ ဆွမ်း ဖိတ်ကျွေးမွေးဖို့ တိုင်ပင်ကြပါတယ်။

လူပျိုကြီး အိမ်လည်သွားရာက ပြန်လာတော့ ငယ်ချစ်ဦးအကြောင်း ကို တစ်ပိုင်းတစ်စသာ ကြားလိုက်ရတယ်။ ဒါကြောင့် ချစ်ဦးသူလေးနဲ့ သူ့ကို နေရာချဖို့ စီစဉ်နေတယ်လို့ ထင်မှတ်ပြီး ဒီအခါ ငါအမူလွန်ရင်တော့ မဖြစ်တော့ဘူး။ ငါကိုယ်တိုင် ဦးဆောင်သွားပြောမှ ဆိုကာ "အခုလား အမေ"လို့ ပြောလိုက်ပါတယ်။

ဒီအခါ ဆွမ်းဖိတ်ကျွေးဖို့ ပြင်ဆင်နေကြတဲ့ မိဘနှစ်ပါးက ကြောင် တောင်တောင် ဖြစ်နေတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com




# ဦးသူတော်လဲ ဝင်မယ်ပါရဲ့တော့ပါ

ရွာတစ်ရွာရဲ့ သင်္ကြန်ကာလမှာ ဒုလ္လဘရဟန်းခံပွဲတွေကို ကျင်းပလေ့ရှိပါတယ်။ သင်္ကြန်ကာလတစ်ခုမှာ ဦးကျားကြီးဆိုတဲ့ ပုဂ္ဂိုလ်ကို သူ့ဆွေမျိုးတွေက အတင်းတိုက်တွန်းလို့ ဒုလ္လဘ အဝတ်ခိုင်းလိုက်ပါတယ်။

ဦးကျားကြီးဟာ ဒုလ္လဘ ရဟန်းဝတ်နဲ့ နေရတုန်း တစ်နေ့မှာ ပျော်ပိုက်ခြင်း မရှိဘဲ လူထွက်မယ့် နေ့ကို ရောက်ရှိလာပါတယ်။ အဲဒီနေ့မှာ ဒုလ္လဘရဟန်းဝတ်နေတဲ့ သူတွေရဲ့ အိမ်သူအိမ်သားတွေက လူဝတ်လဲဖို့ ပုဆိုး၊ အင်္ကျီတွေနဲ့ ဘုန်းကြီးကျောင်းကို ရောက်လာကြပေမယ့် ဦးကျားကြီးရဲ့ ဇနီးဖြစ်တဲ့ ဒေါ်ကုလားမက အချိန်မီ ရောက်မလာခဲ့ပါ။

ဦးကျားကြီးဟာ အခြား ဒုလ္လဘရဟန်းတွေ လူဝတ်လဲချိန်မှာ သူဟာ ဇနီးဖြစ်တဲ့ ဒေါ်ကုလားမကို စောင့်မနေတော့ဘဲ သိက္ခာချလိုက် ပါတယ်။ ဒါပေမယ့် သူ့မှာ ပုဆိုး၊ အင်္ကျီတွေ ရောက်မလာသေးလို့ သူနဲ့အတူ ပါလာတဲ့ မျက်နှာသုတ်ပဝါကြီးကိုသာ ခါးမှာ ပတ်ထားရပါတယ်။



အခြား ဒုလ္လဘရဟန်းလူထွက်တွေ ပျော်ရွှင်စွာနဲ့ အိမ်ကို ပြန်သွားကြချိန်မှာ ဘုန်းကြီးကျောင်းမှာ တစ်ဦးတည်း ကျန်ရစ်တဲ့ ဦးကျားကြီးဟာ နေမထိ ထိုင်မသာ ဖြစ်လာပါတော့တယ်။ နောက်ဆုံးမှာ ရွာနဲ့ တစ်ခေါ်သာသာလောက်သာဝေးတဲ့ ရွာဦးတောရကျောင်းက ကျေးရွာဆီကို ဦးကျားကြီး မျက်နှာသုတ်ပုဝါ ပတ်လျက်နဲ့ ပြန်သွားပါတော့တယ်။

ရွာထိပ်ကို ရောက်တဲ့အခါမှာ ဦးကျားကြီးဟာ၊ အင်္ကျီအဝတ်အစားတွေကိုယူပြီး ကမန်းကတန်းလိုက်လာတဲ့ ဒေါ်ကုလားမနဲ့ လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com


ဆုံမိကြပါတယ်။ ဒီအခါမှာ တစ်ယောက်နဲ့ တစ်ယောက် ဒေါသတကြီး အပြစ်တင်ပြောဆိုကြရင်း ထုံးစံအတိုင်း ထွေးလုံးသတ်ပုတ်ကြတဲ့ အဆင့်ကို ရောက်ရှိလို့ သွားပါတော့တယ်။

ဒီအချိန်မှာ ရွာဦးကျောင်းက ရွာထဲကို ကိစ္စနဲ့ လာတဲ့ ဒေါ်ကုလားမ ရဲ့ ဦးလေးတော်သူ ဦးသူတော်(ဖိုးသူတော်)ကို ဒေါ်ကုလားမက လှမ်းပြီး တိုင်တန်းလိုက်ပါတယ်။

"ဦးလေး၊ ဦးသူတော်ရေ ဦးသူတော်ရဲ့ တူကိုလဲ ကြည့်ရှုပြီး ဆုံးမပေးပါဦး"

ဒီအခါမှာ ဒေါ်ကုလားမရဲ့ လက်ထဲကို ရောက်နေတဲ့ ဦးကျားကြီးရဲ့ မျက်နှာသုတ်ပုဝါကို လှမ်းကြည့်ရင်း ဦးသူတော် ပြောလိုက်ပုံက--

"ကုလားမရေ--ငါ့တူကို ဆုံးမဖို့ နေနေသာသာ၊ ငါကြည့်တောင် မကြည့်ရဲတော့ပါဘူးကွ"တဲ့။

## ကျောင်းဆရာ ပုံချွဲပြီပါ

တစ်ခါက ရွာတစ်ရွာမှာရှိတဲ့ အစိုးရမူလတန်းကျောင်း တစ်ကျောင်း မှာ ဦးဘကြည်ဆိုတဲ့ ကျောင်းအုပ်ဆရာကြီး တစ်ဦး အမှုထမ်းနေပါတယ်။ ဦးဘကြည်ဟာ ဝတ်စားဆင်ယင်ရာမှာ ကပိုကရို ဖြစ်သလို နေထိုင်တတ် ပေမယ့် စာသင်ကြားခြင်းမှာ အလွန့်ကို တော်တဲ့ ဆရာတစ်ယောက် ဖြစ်ပါတယ်။

တစ်နေ့မှာတော့ ကျောင်းကို ပညာအုပ်မင်းကြီး ရောက်ရှိလာပြီး ခရီးရောက်မဆိုက်မှာ ဆရာ ဦးဘကြည်ကို စိမ်းစိမ်းကြည့်ပြီး--

"မောင်ဘကြည်. ကျောင်းဆရာဆိုတာ ကျောင်းဆရာနဲ့တူအောင် နေထိုင်ရတယ်ဆိုတာ သတိထားနော်"လို့

အမိန့်ပေးတဲ့ လေသံနဲ့ ပြောဆိုလိုက်ပါတယ်။ ဒီလို ပညာအုပ် မင်းကြီးက ပြောတာကို ဆရာ ဦးဘကြည်က ယဉ်ကျေးတဲ့ အမူအရာနဲ့-


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့--ပညာအုပ်မင်းကြီး ခင်ဗျာ၊ ကျောင်းဆရာဆိုတာ ဘယ်လို ပုံစံမျိုးပါလဲ။ ဟောဟို--သင်ပုန်းကြီးပေါ်မှာ ပုံဆွဲပြပါ ခင်ဗျား ကျွန်တော် အဲဒီပုံစံအတိုင်း တူအောင်ကို နေထိုင်ပါ့မယ်" လို့ ပြောတယ်တဲ့။

## ဘကျန်းရေ "ဘ"၊ လကျန်းရေ "လ"၊ "ဘလ"
## သရေးချ "သ"၊ ဒုတ်ရေးချ "ဒုတ်"၊ "သဒုတ်"

တစ်ခါက ရွာတစ်ရွာမှာ ဦးဘလ" နဲ့ "ဒေါ်သာဒုတ်" ဆိုတဲ့ လင်မယားနှစ်ယောက် ရှိကြပါတယ်။

ဦးဘလနဲ့ ဒေါ်သာဒုတ်တို့ ဇနီးမောင်နှံဟာ မိဘတွေ ထားရစ်ခဲ့တဲ့ အမွေအနှစ်တွေကြောင့် အတော်အသင့် ချမ်းသာကြွယ်ဝကြပေမယ့် စာရေး စာဖတ်ကိုတော့ မတတ်ကြပါ။



တစ်နေ့မှာ အသုံးလုံး လုပ်အားပေး လူငယ်တွေက စာမတတ်သူ စာရင်းကို ရွာထဲမှာ လှည့်လည်ကောက်ကြရာက ဦးဘလနဲ့ ဒေါ်သာဒုတ်တို့ရဲ့ အိမ်ကို ရောက်ရှိလာကြပါတယ်။

လုပ်အားပေးလူငယ်တစ်ယောက်က ဦးဘလကို

"စာရေးတတ်၊ ဖတ်တတ်ရဲ့လား" လို့ မေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါ ဦးဘလက-

"ရေးတတ်ဖတ်တတ်တာပေါ့ မောင်ရင့်ရယ်"လို့

ဖြေကြားလိုက်ပါတယ်။

ဒီအခါမှာ လူငယ်လေးက--

"ဒါဖြင့် ဦးလေးရဲ့ နာမည်ကို ပေါင်းပြစမ်းပါဦး"လို့ ဆိုတော့

ဦးဘလက-

"ဘကုန်းရေ 'ဘ'၊ လကုန်းရေ'လ'၊ 'ဘလ'ပေါ့ကွ"လို့

ဆိုပြလိုက်ပါတယ်။

ဒီနောက် လုပ်အားပေးလူငယ်လေးက--

"အရီးကလဲ၊ အရီးရဲ့ နာမည်ကို ပေါင်းပြစမ်းပါဦးဗျာ"လို့ ဆိုတော့

ဒေါ်သာဒုတ်ကလဲ--

"သရေချာ 'သာ'၊ ဒုတ်ရေချာ 'ဒုတ်'၊ 'သာဒုတ်'တော် ကိုင်းဘယ့်နှယ့်ရှိစ"လို့ ပြန်ပြောလိုက်တယ်တဲ့။

## ဘုရားကျွန်တော်မျိုး အံ့ဩသည်မှာ

ဘိုးတော်ဘုရားလက်ထက်တော်အခါက ဖြစ်ပါတယ်။

ရွာတစ်ရွာမှာ သူကြီးတစ်ယောက်က မတရားလုပ်နေတာကို ရွာသားကြီး တစ်ဦးက လူသိရှင်ကြား ဘုရင့်နားပေါက်ကြားအောင် ကြေးပြားမှာ စာရေးသားပြီး ရွှေပေလွှာ (ပစ်စာ) ပစ်ပါတယ်။

အဲဒီအချိန်က စပြီး ရွှေပေလွှာတွေ ကျလာလိုက်တာ နေပြည်တော် တစ်ခုလုံး ပျံ့နှံ့နေပြီး နောက်ဆုံးမှာ ဘိုးတော်ဘုရား နန်းတော်ထဲမှာပင် ရောက်လာပါတယ်။ ဘယ်မိဖုရားက ဘယ်လို မတရားလုပ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝန်ကြီးက ဘယ်လို လာဘ်ယူပြီး ဘယ်တရားကို ဘယ်လို စောရား စီရင်ပေးလိုက်တယ်၊ ဘယ်ဝန်ကြီးသားနဲ့ ဘယ်ဝန်ကြီး သမီး ဘယ်လို ဖေါက်ပြန်နေကြတယ်လို့ ရွှေပေးလွှာတွေ နန်းတော်ထဲမှာ ပလူပျံလာ ပါတယ်။

ဒါပေမယ့် အစက ရွာသားတစ်ယောက် ကြေးပြားပေါ်မှာ ကညစ်နဲ့ ရေးပြီး ချထားခဲ့တဲ့ ပစ်စာဟာ နောက်ပိုင်းမှာ ကြေးပြား မရတော့လို့ သူက ငါက စပြီး ဖြစ်ကတတ်ဆန်း၊ ဝါးပိုးဝါးပေါက် အကြေးခွံမှာ ကညစ်နဲ့ ရေးကာ ရွှေပေလွှာတွေ ပလူပျံအောင် ချလာကြပါတယ်။

ဒါကို ဘိုးတော်ဘုရား နားကို ပေါက်ကြားတဲ့အခါမှာ ပညာရှိ အမတ်ကြီး ဦးပေါ်ဦးကို ခေါ်မေးပါတယ်။

"ပေါ်ဦး--ကိုယ်တော့်နေပြည်တော်မှာ ရွှေပေလွှာတွေ တယ်ကျ နေတယ်ဆိုပါလား၊ နင်မကြားမိဘူးလား"

"မှန်လှပါ ဘယ်က ရွှေပေလွှာ၊ ဘယ်လူတွေ လာချပါ လိမ့်ဘုရား"



"ဟဲ့--ရွှေပေလွှာပါဆိုမှ သိကြားမင်း ချတာပေါ့ဟ"

"မှန်လှပါ၊ အဲဒါဆို ပေါ်ဦးလဲ အဲဒီ ရွှေပေလွှာတွေ လိုချင်ကြောင်းပါ ဘုရား"

"ဟင်--နင်က ရွှေပေလွှာ ကို ဘာလုပ်မလို့တုန်း"

"ရွှေလက်စွပ်၊ ရွှေဆွဲကြိုးတွေလုပ်"

"ဟဲ့--နေပါဦး၊ ခု သိကြား ပြည်ကကျတဲ့ ရွှေပေလွှာတွေဟာ ရွှေပြားမှာ စာရေးပြီး ချတာ မဟုတ်ဘူး၊ ကြသောင်းဝါး ဝါးပိုးဝါး

www.burmeseclassic.com

www.burmeseclassic.com



ဝါးပေါက်တွေမှာ ကညစ်နဲ့ ရေးပြီး ချထားတဲ့၊ နင်တို့လို ရွှေမက်တဲ့ လူတွေ မကောက်အောင်လို့နေမှာပေါ့၊ ဒါဟာ အံ့ဩစရာ မကောင်း ပေဘူးလား"

"မှန်လှပါ၊ အံ့ဩစရာ ကောင်းကြောင်းပါ ဘုရား"

"ဟင်--နင် ဘာကို အံ့ဩတာတုန်း ပေါ်ဦးရဲ့"

"ဘုရားကျွန်တော်မျိုး အံ့ဩတာက ရွှေပေလွှာတွေ ကျတာကို မဟုတ်ပါဘူးဘုရား"

"ဟဲ့--ဒါဆို နင်ဘာကို အံ့ဩတာတုန်း"

"ဘုရား ကျွန်တော်မျိုး၊ အံ့ဩတာက သိကြားပြည်ထိ တက်ပြီး ကြသောင်းဝါး၊ ဝါးပိုးဝါး သွားရောင်းကြတဲ့ ရှမ်းတွေကိုပါ ဘုရား--"

"ဟား--ဟား"

## မျက်လေးကောင်းလေး

ပုလဲမြို့နယ်က ရွာထင်ရွာ ကြီးမှာ အနင်းသည် ဦးဘပုဆိုသူ ရှိပါတယ်။ ဦးဘပုဟာ မျက်စိ မမြင်ပါ။

တစ်နေ့မှာ ရွာမြောက် ပိုင်းက ဦးဘညွှန့်ဆိုတဲ့ သူကို နင်းပေးရပါ တယ်။ ဦးညပုဟာ ဆေးလိပ်အလွန်ကြိုက်သူ ဖြစ်ပါ တယ်။ နင်းနိုပ်နေတုန်းမှာ ဆေးပေါ့လိပ်ခဲပြီး နင်းတတ် နိုပ်တတ်တာကို တစ်ရွာလုံးက သိပါတယ်။

ဦးဘညွှန့်က ဝမ်းလျား မှောက်ပြီး အနင်းခံရင်းက သားဖြစ်တဲ့ စိန်မောင်လေးကို ဆေးလိပ်ခံခွက်နဲ့ ဆေးလိပ်ကို ယူပြီး ဦးဘပုကို ပေးဖို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိန်မောင်လေးက ဆေးလိပ်ခံသောက်ဖို့ အုန်းမှုတ်ခွက်ကို အပေါက်မှန်း သတိမထားမိဘဲ ပေးလိုက်ပါ တယ်။ ဦးဘပုဟာ ဆေးလိပ်ဖွာရင်း နင်းနေပါတယ်။

"ဘာ့ယ်နဲ့လဲ ဖိုးဘညွန့် အကြောထိရဲ့လား"လို့ ဦးဘပုက မေးလိုက်ပါတယ်။



ဒီအချိန် အပေါက်ပါတဲ့ ဆေးလိပ်ခွက်က ဆေးလိပ် မီးပွားတွေ ဦးဘညွန့် ခြေထောက်ပေါ်ကို တဖွားဖွား ကျလာလို့...

"အား လား...လား အံမလေးဗျ... ပူတယ်ဗျ"

ဦးဘညွန့်က အော်ပြီး ပြောလိုက်ပါတယ်။ ဒီအချိန်မှာ ဦးဘပုက ဆေးလိပ်ကို အားရပါးရ ဖွာရှိုက်ပြီး ပြောလိုက်တာကြောင့် အနီးရှိ လူတွေက ပွဲကျသွားပါတော့တယ်။

"ဒါ အပြင်ကြောပဲ ရှိသေးတယ်၊ ကိုရင်ရဲ့ အတွင်းကြောကိုသာ မိမိရရကိုင်ရင် ပိုပြီးထိမှာ ပူလေ ကောင်းလေ အညောင်းပြေပေါ့ ဦးဘညွန့်ရာ"တဲ့။

## တိုးတိုးလေးရောင်းမယ့်တိုက်

တစ်ခါက ရပ်ကွက်တစ်ခုမှာ ရှုးနေတဲ့ ပွဲစားတစ်ယောက် ရှိပါတယ်။ သူဟာ ပွဲခတွေ မရလို့ ရှုးသွားခြင်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




တစ်နေ့မှာ သူလမ်းထိပ်မှာ ထိုင်နေတုန်း သူဌေးတစ်ဦးက အဖိုးတန်ကားပေါ်က ဆင်းလာကာ–

"နောင်ကြီးမှာ တိုက်တွေ ရောင်းဖို့ ရှိတယ်ဆို"

"ဟာ––သိပ်ရှိပေါ့၊ ခင်ဗျာက ဘယ်လောက် တတ်နိုင်လို့လဲ"

"ဘယ်လောက် ပေးရ ပေးရ ကျုပ်ဝယ်ပါ့မယ်"

"ကြိုက်သွားပြီဗျာ၊ ခင်ဗျားကို အကြီးဆုံး တိုက်ပြပါ့မယ်၊ ပွဲခ တစ်ထောင်တော့ ကြိုပေးထား ရမယ်"



"ပေးရတာပေါ့ဗျာ၊ ကဲ… ရော့၊ အကောင်းဆုံးတိုက် ဖြစ်ရမှာ နော်"

"စိတ်ချစမ်းပါ၊ ဒီနားကို လာကျုပ်တိုးတိုးလေး ပြောပြမယ်"

သူဌေးဟာ ပွဲစားနားကို သွားကာ နားစွင့်လိုက်ပါတယ်။

အဲဒါ အာရှတိုက်ဗျ"

"ဟိုက်"

## အချိန်

တစ်ခါက မြေလတ်မြို့ကလေးတစ်မြို့ရဲ့ ရွာကလေးတစ်ရွာမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာရဲ့ တောင်ပိုင်းက ကိုဖိုးထောင်ဟာ အလွန်ရိုးအတဲ့ ကာလသား ခေါင်းဆောင်တစ်ဦး ဖြစ်ပါတယ်။ ရွာရဲ့ သားရေးလုပ်ငန်းတွေကိုသာ အဓိကထားပြီး လုပ်ဆောင်နေသူ ဖြစ်ပါတယ်။

သူ့မှာ မိဘနှစ်ပါးရှိပြီး မိဘတွေဟာ သူတို့ မကွယ်လွန်မီ ရိုးအတဲ့ သားဖြစ်တဲ့ သူကို အိမ်ထောင်ချပေးဖို့ စီစဉ်ကြပါတယ်။



ရွာမှာရှိတဲ့ အချောအလှ ကွမ်းတောင်ကိုင် မယ်မြဟာ ရွာရဲ့ မြောက်ပိုင်းမှာ နေပါတယ်။ ကိုဖိုးထောင်ရဲ့ မိဘများဟာ ကွမ်းတောင် ကိုင် မယ်မြကို သဘောကျပါတယ်။ မယ်မြရဲ့ မိဘတွေနဲ့ စကားပြော ဆိုကြပြီး သဘောတူညီမှုရတဲ့အခါ သားဖြစ်တဲ့ ကိုဖိုးထောင်ကို ခေါ်ပြီး လူငယ်ချင်း ရင်းနှီးအောင် မယ်မြ အိမ်ကို လူပျိုလှည့်ခိုင်းပါတယ်။

တစ်နေ့ လပြည့်ည တစ်ညမှာ ကိုဖိုးထောင်ဟာ မယ်မြတို့ အိမ်ကို ရောက်ရှိလာပါတယ်၊ လပြည့်ညဖြစ်လို့ လမင်းကြီးဟာ ဝိုင်းစက်လို့ နေပါတယ်။

မယ်မြဟာ အိမ်ရှေ့ ကွပ်ပျစ်မှာ ဧည့်ခံပြီး စကားပြောနေရပါတယ်။ ညမှာ ညဉ့်နက်သထက်-ညဉ့်နက်လာပါတယ်။ လရောင်နဲ့ ဆီမီးရောင် အောက်မှာ မယ်မြ ဗိုင်းငင်နေပါတယ်။

"ရှင်အချိန်ကို သိသလား"

"သိတာပေါ့၊ ရွာတောင် ပိုင်းက အပေါင်ဆိုင် တရုတ်ကို ပြောတာလား"

ကိုဖိုးထောင်ရဲ့ အဖြေ စကားကြောင့် မယ်မြဟာ စိတ်ညစ်လို့ သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်ကို ပြောတာ မဟုတ်ဘူးရှင့်"

ဒီအခါမှာ ကိုဖိုးထောင်က ထပ်ပြီး ပြောလိုက်ပုံက--

"ဒါဆို–ဟိုဘက်ရွာက လယ်ပိုင်ရှင် အချိန်ကို ပြောတယ် ထင်တယ်" လို့ ပြောလိုက်တော့ မယ်မြက ပြုံးလိုက်မိတယ်တဲ့။

## ဟုတ်တော့ဟုတ်သား

တစ်ခါက ကျေးရွာတစ်ရွာမှာ စကားအလွန်တတ်ပြီး၊ ကပ်ပြော တတ်တဲ့ ဦးဝဆိုတဲ့ အဘိုးကြီးတစ်ဦး ရှိပါတယ်။

တစ်နေ့မှာ ဦးဝဟာ မြေးဖြစ်သူရဲ့ စာအုပ်ကို ယူပြီး ဖတ်နေတော့ ဦးဝရဲ့ ဇနီး ဖြစ်တဲ့သူ ဒေါ်ဘွားခင်က ဦးဝရဲ့ ဘေးမှာ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို အားရပါးရ ရှိုက်ဖွာလို့ နေပါတယ်။

ခဏအကြာမှာ ဖတ်ပြီးသွားတဲ့ ဦးဝက စာအုပ်ကို "ဘုတ်ခနဲ" မြည်အောင် ပစ်ချလိုက်ပြီး--

"စာအုပ်ထဲမှာပါတဲ့ ပုံပြင် တွေထဲက မျက်မမြင်ပုဏ္ဏားခြောက် ယောက်ဟာ အမှန်ကတော့ လူလိမ် လူညာတွေပဲကွ" လို့

ပြောလိုက်ပါတယ်။

ဘေးနားမှာ ဇနီးဖြစ်တဲ့သူ ဒေါ်ဘွားခင်က နားမလည်ဘဲ ပြန်ပြီး မေးလိုက်ပါတယ်။



"ဘာဖြစ်လို့လဲတော့--"

"ဘာဖြစ်ရမှာလဲကွ မျက် မမြင်ပုဏ္ဏား ခြောက်ယောက် ဟာ ဆင်ကိုက စမ်းကြည့်ပြီး ပထမ



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားက နှာမောင်းကို စမ်းမိတော့ ဆင်ဟာ မြွေနဲ့တူတယ်လို့ ပြောပါဘယ်၊ ဒုတိယပုဏ္ဏား အစွယ်ကို စမ်းမိတော့ လှံတံနဲ့ တူတယ်တဲ့၊ တတိယပုဏ္ဏားက ခြေထောက်ကို စမ်းမိပြန်တော့ ကျွန်းတိုင်ကြီးနဲ့ တူတယ်ဆိုပဲ။ စတုတ္ထပုဏ္ဏားက နားရွက်ကို စမ်းမိတော့ ဆင်ဟာ ယပ်တောင်နဲ့ တူပြန်သတဲ့၊ ပဉ္စမ ပုဏ္ဏားက နံဘေးကို သွားစမ်းလိုက်တော့ အုတ်နံရံနဲ့ တူတယ်လို့ ပြောပြန်ရော၊ အဲ--နောက်ဆုံး ဆဋ္ဌမပုဏ္ဏားကတော့ အမြီးကို စမ်းမိပြန်တော့ တကယ်တော့ ဆင်ဆိုတဲ့ အကောင်ဟာ အုန်းဆံကြိုးနဲ့ ပိုတူတာတဲ့"

"ဒါနဲ့ပဲ ဒီမျက်မမြင်ပုဏ္ဏား ခြောက်ယောက်ကို လူလိမ်လူညာလို့ ရှင်က ဘာကြောင့် ပြောရတာလဲ"

"ဟာ--ရှင်းရှင်းလေးပဲကွ၊ မြွေတို့၊ လှံတို့၊ ကျွန်းတိုင်တို့၊ ယပ်တောင်တို့၊ အုတ်နံရံတို့၊ အုန်းဆံကြိုးတို့ မြင်ဖူးနေမှာတော့ ဆင်ကို မမြင်ဘူးဆိုတာ ညာတာပဲပေါ့၊ ကဲ--ငါပြောတာ မဟုတ်ဘူးလား"တဲ့။

# အချင်းဖြူပ်တဲ့အိုး

တစ်ခါက တောခေါင်ပြီး ချောင်ကျလှတဲ့ ရွာလေးတစ်ရွာကို ရှေးဟောင်း သုတေသနအဖွဲ့ တစ်ဖွဲ့ ရောက်ရှိလာပါတယ်။

ဒီရွာမှာ နေထိုင်ပြီး ရွာပတ်ဝန်းကျင်မှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို လိုက်လံရှာဖွေ ဖော်ထုတ်ပြီး မှတ်တမ်းပြုစုကြပါတယ်။

ဒီလိုမှတ်တမ်းပြုစုရင်း ရွာသူရွာသားတွေကို အထူးအဆန်းပစ္စည်းတွေ၊ ရှေးဟောင်းပစ္စည်းလို့ ယူဆရတဲ့ ပစ္စည်းတွေကို တွေ့ရှိခဲ့ရင် လာရောက် အပ်နှံက ဆုငွေ ပေးမယ်လို့ ကြေညာထားပါတယ်။

နှစ်ရက်လောက်ကြာတော့ အဲဒီရွာက ရွာသားတစ်ဦးဖြစ်တဲ့ ေ[illegible]မဲ ဟာမြေကြီးတွေပေကျံနေတဲ့အိုး(မြေအိုး) တစ်လုံးကို ရှေးဟောင်းသုတေသန



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကို အပ်နှံတယ်လို့ ကြားသိကြတဲ့ ရွာသူရွာသားအချို့ဟာ ဝိုင်းဝန်းပြီး မေးမြန်းကြည့်ရှုကြပါတယ်။

မောင်မဲကတော့ ဆုငွေ ရရှိတော့မယ်လို့ မျှော်လင့်ပြီး ဝမ်းသာရွှင်ပြုံးတဲ့ မျက်နှာနဲ့ ရှိနေပါတယ်။ ရှေးဟောင်းသုတေသန အဖွဲ့က အိုးကို သေချာစွာ ကြည့်ရှုလျက်နေပါတယ်။



ဒီအချိန်မှာ လူအုပ်ထဲက မောင်မဲရဲ့ အမေ ဒေါ်ပုက ထွက်လာပြီး မောင်မဲကို--

"ဒီအိုးကို ဘယ်နေရာက ရတာလဲ"လို့

မေးတော့ မောင်မဲက--

"အိမ်ရှေ့မန်ကျည်းပင်အောက်ကရတာ--"လို့ ပြောလိုက်ပါတယ်။

ဒေါ်ပုက ထပ်ပြောလိုက်တာကတော့

"မောင်မဲရယ်၊ အဲဒါ ရှေးဟောင်းပစ္စည်း မဟုတ်ဘူးဟဲ့၊ နင့်ကို မွေးတုန်းက နင့်အချင်းကို ထည့်ပြီး မြှုပ်ခဲ့တဲ့အိုး"လို့

ပြောလိုက်ပါတယ်။

ဒေါ်ပုရဲ့ စကားကို ကြားရသူတွေက ပြုံးရယ်ပြီး၊ မောင်မဲရဲ့ မျက်နှာမှာလည်း ရှက်ပြုံးပြုံးလျက် ရှိနေတော့တယ်တဲ့။

## ကျွန်ုပ်အောင်ဖားသိ

တစ်ခါက ရွာတစ်ရွာမှာ ကာယနဲ့ ဉာဏ ညီအစ်ကို နှစ်ယောက် နေထိုင်ကြပါတယ်။ သူတို့ဟာ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်လျက် ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ကာယနဲ့ ဉာဏတို့ ညီအစ်ကို နှစ်ယောက်ဟာ လယ်ထွန်ပြီးလို့ အိမ်ကို ပြန်လာခဲ့ကြပါတယ်။ အိမ်ရောက်လို့ ထမင်းစားကြတဲ့အခါ ဟင်းက မကောင်းပါ။

ဒါကြောင့် အစ်ကိုဖြစ်တဲ့ ကာယက--

"ဒီနေ့ ဟင်းက မကောင်း ဘူး။ ညီလေးအရင်စား၊ အစ်ကို နောက်ပြီးမှ စားမယ်၊ ညီလေးစားရင် အစ်ကို ဘေးနားကထိုင်ပြီး အကောင်းဆုံး ဟင်းတွေကို ပြောပြ မယ်၊ ညီလေးက စိတ်ကူးနဲ့ ထမင်းဝအောင်စား"လို့

ပြောတော့ ညီဖြစ်တဲ့ ဉာဏ က အရင်စားပါတယ်။


အစ်ကိုဖြစ်တဲ့ ကာယက ဘေးနားကထိုင်ပြီး--

"ကြက်သားဆီပြန်ကွ"

ညီဖြစ်တဲ့သူက--

"စားလို့ကောင်းတယ်၊ ဆက်ပြော"လို့ ပြောပြန်ပါတယ်။

အစ် ကို ဖြစ် တဲ့ သူ က အကောင်းဆုံး ဟင်းမျိုးစုံကို ပြောပြီး ညီဖြစ်တဲ့သူ ဉာဏက အားရပါးရ စားရာ ထမင်းဝသွားတော့တယ်"



အစ်ကိုဖြစ်တဲ့ ကာယ အလှည့်ကို ရောက်တဲ့အခါ ညီဖြစ်တဲ့ ဉာဏက--

"ဆင်ကောင်လုံးကြော်"

လို့ ပြောလိုက်ပါတယ်။

အစ်ကိုဖြစ်တဲ့သူက--

"စားလို့ကောင်းတယ်၊ ဆက်ပြော"လို့ ပြောလိုက်တဲ့အခါ

"အစ်ကိုရာ သိပ်ပြီး လောဘမကြီးပါနဲ့ကွာ၊ ဆင်တစ်ကောင်လုံး ကြော်ပြီးထားတာ ကုန်အောင်စားပါ"လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တော့ အစ်ကိုဖြစ်တဲ့သူ ကာယက ဘာပြောရမှန်းမသိဘဲ၊ ပြုံးစိစိ ဖြစ်သွားပါတယ်တဲ့။

## ရန်ကုန်ကလောင် ဏာရှင

ပခုက္ကူမြို့နယ်၊ စသြောင်းရွာကလေးမှာ ခေတ်အတော်ကို နောက်ကျခဲ့ပါတယ်။ ယခုအခါမှာ တီဗီနဲ့ ကက်ဆက်နဲ့ ဆူဆူညံညံ ရှိနေပါတော့တယ်။

တောနဲ့မြို့ဟာ ယခင်က လောက် ကွာခြားမှု မရှိတော့ပါ။ စသြောင်းရွာကလေးကို တီဗီ ရောက်စအချိန်အခါတုန်းက အဖြစ်အပျက် ကလေးက ဒီလို ဖြစ်ခဲ့ပါတယ်။



စသြောင်းရွာသား မောင်မိုး လူဆိုသူ ရှိပါတယ်။ သူက ရန်ကုန်မှာ ဦးလေး၊ ဦးကြီးတွေ ရှိပြီး၊ ညီအစ်ကို မောင်နှမတွေ ကလည်းရှိလို့ မကြာ ခဏဆိုသလို ရန်ကုန်ကို ရောက်ပါတယ်။

ရန်ကုန်ကို ကြက်သွန်တွေ လာရောင်းပါတယ်။ အညာဖျင်ထည်တွေ လာရောင်းပြီး စီးပွားရှာပါတယ်။ ဒီလိုနဲ့ ပိုက်ဆံတွေ စုမိဆောင်းမိလာခဲ့ပါတယ်။ ဒါကြောင့် တီဗီဝယ်ယူပြီး ရွာကို ပြန်ခဲ့ပါတယ်။

ရွာကို ပြန်ရောက်လျှင် ရောက်ချင်း ရွာကလူတွေရှေ့မှာ အဖွင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ--တီဗီက ဟိုမှာတော့ အကောင်းသား--အခုမှ အရုပ်မထင်ဘဲ ဘာလို့ တရှိုးရှိုး၊ တရှဲရှဲ ဖြစ်နေပါလိမ့်"လို့

ကိုဖိုးလူက ရွှေးပြန်နေပါတယ်။

ရွာက လူတွေက ဝိုင်းအုံပြီး ကြည့်နေကြပါတယ်။ အသစ်အဆန်း ဆိုတော့ တောရွာသဘာဝပဲပေါ့၊ နောက်မိနစ် အနည်းငယ်ကြာတော့မှ ပုံတွေ ပေါ်လာပါတော့တယ်။ အသံ လည်း မြည်လာပါတယ်၊ တီဗီလာ ချိန်ကျမှ လာခြင်း ဖြစ်ပါတယ်။

"ဟေ--ဟေ့--လူပုံတွေ ပေါ်လာပြီး သီချင်းသံတွေ စကားပြော သံတွေနဲ့"

ကလေးတွေ ဝမ်းသာနေကြပါတယ်။ စပ်စု မေးမြန်းကြပါတယ်။

"ကိုဖိုးလူ စောစောက ဘာဖြစ်လို့ မပေါ်လာသလဲဟင်"

"ဟင်--မင်းတို့ကလဲ၊ ရန်ကုန်ကတောင် လာရတာ သူ့ခမျာ မောနေပြီ၊ ဒီလောက်တော့ စောင့်ရမှာပေါ့"လို့

ပြောလိုက်တယ်တဲ့။

## ဆိပ်အဆောင်ကြောင့် မန်ကျည်းပင်ပေါ် ရောက်ရသူ

ရွာတစ်ရွာမှာ လယ်သမားတစ်ယောက် ရှိပါတယ်။ ဒီလယ်သမား လယ်ကွင်းမှာ ရွာနဲ့ နီးတဲ့အတွက် နံနက်အစောကြီးမှ သွားရောက်လယ် ထွန်ပြီး၊ နေ့လယ်မှာ အိမ်ကို ပြန်ပြီး ထမင်းစားလေ့ ရှိပါတယ်။

တစ်နေ့ ထမင်းစားဖို့ အိမ်လာတဲ့အခါမှာ သူ့ဇနီးက အိမ်မှာ မရှိ၊ ရွာထဲကို သွားနေပါတယ်။ မီးဖိုထဲကို ဝင်ရောက်ကြည့်တော့ ဟင်းပန်းကန် များ အဆင်သင့် ခူးခပ်ပြီး စားပွဲပေါ်မှာ တင်ထားသလို သူ့ဇနီး ပြန်လာ အောင် မစောင့်တော့ဘဲ ကိုယ်တိုင်ပဲ ထမင်းခူးပြီး စားလိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



စားရင်း,စားရင်းနဲ့ ပိန်းဟင်းက ယားလာတော့ သူ့ခမျာ ရှုံ့ရှဲ့ရှုံ့ရှဲ့ ဖြစ်နေပါတယ်။ နောက်ဆုံး မတက်သာတဲ့အတွက် အိမ်ရှေ့ကို ပြန်ထွက်လာပြီး အိမ်ရှေ့မှာရှိတဲ့ မန်ကျည်းပင်ပေါ်ကို တက်ပြီး မန်ကျည်းသီးတွေကို ခူးပြီး စားနေပါတော့တယ်။



သူ့ဇနီး ရွာထဲက ပြန်လာတော့ မီးဖိုခန်းထဲမှာ ထမင်းပွဲ တန်းလန်းနဲ့ ပြန့်ကျဲလို့နေတာကို မြင်တွေ့ရတော့--

"ဟင်--ဘယ့်နှယ် ဒီလူကြီး ထမင်းစားရင်းတန်းလန်း ဘယ်ကို များ ထသွားပါလိမ့်"လို့

နှုတ်က ရေရွတ်ပြီး အိမ်သာကို ကြည့်လိုက်တော့ အိမ်သာမှာ လည်း မရှိပါ။

သူ့ခမျာ စိတ်ကထွေလာပြီး အိမ်ရှေ့ဘက်ကို တစ်ဖန် ထွက်လာပြန်တော့၊ သူ့ယောကျ်ားက မန်ကျည်းပင်ပေါ်မှ မြင်တွေ့ရတော့–

"ငါဒီမှာဟေ့"

"ဟာ--ဘယ်နှယ်၊ ဘာဖြစ်နေတာလဲ၊ ထူးထူးဆန်းဆန်း"

"အို--နင်ချက်ထားတဲ့ ပိန်ဟင်းက ယားလို့ဟ၊ မတတ်နိုင်တာနဲ့ ငါမန်ကျည်းသီး ခူးစားနေရတယ်"

"အလိုတော် ဖြစ်မှ ဖြစ်ရလေ။ ဒါက ပိန်ဟင်း မဟုတ်ဘူး။ ကြာဟင်းလေ၊ ကြာရိုးကို ဟင်းချိုချက်ထားတာ"

ဒီတော့ သူက ပြန်ပြီး ပြောလိုက်တာက--

"အို--ဟုတ်လား၊ ငါက ပိန်းဟင်းထင်လို့"လို့ ပြန်ပြောလိုက်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



# လူပိုလူလျှံ

တစ်ခါက ရွာတစ်ရွာမှာ အလွန်ရိုးအတဲ့ ဒေါ်နုဆိုတဲ့ မိန်းမကြီးတစ်ယောက် ရှိပါတယ်။

အသက်ကြီးမှ ကံပေါ်ကာ ယောက်ျားလေး အမြွှာပူး မွေးပါတယ်။ တစ်နေ့ သူတို့ နေအိမ်ကို ကျေးရွာလူကြီးတွေ ညှိစာရင်း လာစစ်ပါတယ်။

"ဗျို့ ဒေါ်နု လူပိုလူလျှံ ရှိလားဗျို့"

ဒီအခါ ဒေါ်နုက--

"ရှိပါတော် ရှိပါ၊ ခုန ကပဲ အိပ်ပျော်သွားကြတယ်"

"ဟင်--ဒါဆို ဒေါ်နု တို့ကို ညှိစာရင်းမတိုင်မှုနဲ့ ဒဏ်ငွေ ရိုက်ရမယ်"လို့

ကျေးရွာလူကြီး တစ်ဦးက ပြောတော့--



ဒေါ်နုက--

"ပေါက်ပေါက်ရှာရှာ၊ ကျုပ်တို့ အိမ်ကို ဘယ်ညှိသည်မှ မလာပါဘူးတော်"

"ဒေါ်နုပဲ ခုနက လူပို လူလျှံ ရှိတယ်ဆို"

ကျေးရွာလူကြီးတစ်ဦး ရဲ့ စကားကြောင့် ဒေါ်နုမှာ သဘောပေါက်ရယ်မောရင်း--

"လူပိုလူလျှံဆိုလို့ ကျုပ် သားတွေကို မေးတာလားလို့ ကျုပ်က ပြောမိတာ ကျုပ်သားနှစ်ယောက်ရဲ့ အမည်က လူပိုနဲ့ လူလျှံတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ဧည့်စာရင်း လာစစ်တဲ့ ကျေးရွာလူကြီးမင်းတွေက ခွက်ထိုးခွက်လန် ရယ်မောကြတယ်တဲ့။

## ထပ်အဆိုက်

မြို့ကို အရောက်အပေါက်နည်းတဲ့ ကိုလှဦးဆိုသူဟာ မြို့ကိုလာရင်း လက်ဖက်ရည်ဆိုင်ကို ဝင်လာပါတယ်။ လက်ဖက်ရည်နဲ့ မုန့်ကို စားချင်လို့ ဆိုင်ထဲဝင်ထိုင်နေပေမယ့် ဘာမုန့်ကို ဘယ်လိုမှာရမှန်း မသိပါ။ ဒါပေမယ့် ပါးနပ်တဲ့သူဖြစ်လို့ အရှက်မကွဲစေဖို့ အခြေအနေကို လေ့လာ အကဲခတ်နေပါတယ်။

ဒီအခါမှာ လူလေးယောက်ဟာ သူနဲ့ မလှမ်းမကမ်း စားပွဲမှာ လာထိုင်ကြပြီး စားပွဲထိုးကို မှာလိုက်တဲ့ မုန့်အမည်ကို သူက ကြားလိုက်ရပါတယ်။

"ကျွန်တော်တို့ကို ထပ် တစ်ရာ ပေးပါ"



ဒီလူတွေ မှာကြားနေတဲ့ အသံကို ကြားရတဲ့ ကိုလှဦးက ဝမ်းသာသွားပြီး သူ့အတွက် မှာရမယ့် မုန့်ကို အတွေးရ သွားပါတယ်။ သူ့အတွေးနဲ့ အတူ မှာလိုက်တဲ့ စကားကြောင့် အနီးအနားက လူတွေ ပြုံးစိစိ ဖြစ်သွားကြပါတယ်။

သူ့အတွေးနဲ့အတူ မှာလိုက် ပုံက–



www.burmeseclassic.com

www.burmeseclassic.com



သူတို့က လေးယောက်ဖို့လို့ ထပ်တစ်ရာမှာတော့ ငါက တစ်ယောက် တည်းဆိုတော့ တွက်ပြီး–

"ဒီမှာ––ဒီမှာ မောင်ရင် ကျုပ်ကို ထပ်အစိတ်ပေးပါ"လို့ မှာလိုက်တယ်တဲ့။

## ပြောဦးလေ

ထန်းတပင်ရွာသား မောင်အေးက မြို့ကျောင်းမှာ ၇–တန်းအထိ ပညာသင်ကြားဖူးလို့ စာတတ်ပေတတ်သူ တစ်ဦး ဖြစ်ပါတယ်။

သူနဲ့ စကားပြောမိရင် မှတ်ထားသမျှ စကားပုံ၊ ဆိုရိုးစကားတွေနဲ့ ခိုင်းနှိုင်းပြောဆိုတတ်တာကို တွေ့ရပါတယ်။

တစ်နေ့မှာ မောင်အေးရဲ့ ဦးလေးဖြစ်တဲ့သူ ဦးမြဟာ ထန်းတပင်ရွာကို အလည်ရောက်ရှိလာရာ မောင်အေးက ရွာတစ်ဖက်ကို သွားကြိုပြီး ခေါ်လာခဲ့ပါတယ်။ လမ်းမှာ ဦးလေးက ကမ်းကနေ လှေပေါ်ကို တက်တဲ့အခါ မောင်အေးက––

"ဦးလေး––လှေအဆင်း၊ မြင်းအတက်တဲ့၊ သတိထားနော်"လို့ ပြောလိုက်ပါတယ်။

ဒီအခါမှာ ဦးလေးက––

"အေးပါကွာ"လို့

ပြောပြီး လှေပေါ်ကို တက်ကာ တစ်ဖက်ကမ်းကို ကူးကြပါတယ်။

တစ်ဖက်ကမ်းကို ရောက်တော့ မောင်အေးက––

"ဦးလေး သတိထားဦး၊ လှေအဆင်း မြင်းအတက်တဲ့"လို့ ပြောပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြစ်တဲ့သူက--

"ငါသိပါတယ်ကွာ"လို့

ပြောပြီး ရွာကို သွားကြပါ တယ်။

ဦးမြဟာ မောင်အေးတို့ ရွာမှာ သုံးလေးရက်လောက်နေပြီး ရွာရဲ့ ပတ်ဝန်းကျင်ကို ကြည့်ရှုဖို့နဲ့ မြင်းစီးထွက်ဖို့ပြောတော့ မောင်အေး က ဦးလေးစီးဖို့ မြင်းပေါ်ကို ကုန်းနှီးတင်ကာ မြင်းပေါ်ကို တက်စေပါတယ်။

ဦးလေး မြင်းပေါ်ကို တက်ခါနီးမှာ မောင်အေးက သူ့ထုံးစံ အတိုင်း စကားပုံလေးနဲ့ ဦးလေး ဖြစ်တဲ့ သူကို ပြောလိုက်ပြန် ပါတယ်။

"ဦးလေး--လှေအဆင်း မြင်းအတက်တဲ့ သတိထားပြီး တက်ဦးနော်"

ဒီအခါမှာ ဦးလေးဖြစ်တဲ့ သူက နားကြားပြင်း ကပ်လာပြီး-

"အေးပါကွာ၊ ငါသိပါ တယ်"လို့

ပြောပြီး မြင်းကိုစီးကာ ထွက်သွားပါတော့တယ်။

မောင်အေးဟာ ဦးလေး စိတ်တိုသွားပုံ ကို ကြည့်ပြီး သဘောကျ နေပါတယ်။

ညနေစောင်းမှာ ဦးလေး ဖြစ်တဲ့သူဟာ မောင်အေးတို့အိမ်ကို ပြန်လည် ရောက်လာပါတယ်။ ဦးလေးဖြစ်တဲ့သူက မြင်းပေါ်က မဆင်းသေးဘဲ မောင်အေးကို လိုက်လံ ရှာနေပါတယ်။



မောင်အေးကို မြင်တွေ့တဲ့ အခါမှာ ဦးလေးဖြစ်တဲ့ သူပြော လိုက်တဲ့ စကားကြောင့် မောင်အေး က ဘယ်လိုမှ ပြန်မပြောတတ်အောင်ကို ဖြစ်သွားတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြ ပြောလိုက်တဲ့ စကားက–

"ဟေ့–မောင်အေး ငါမြင်းပေါ်က ဆင်းမလို့၊ လှေအဆင်း မြင်းအတက်၊ ပြီးတော့ ဘာပြောဦးမလဲ၊ ပြောဦးလေး–"လို့ ပြောလိုက်တယ်တဲ့။

## သဘောကောင်းတဲ့ ဆရာကြီး

**မိဘ။** "သမီး–ဒီနေ့ ကျောင်းမှာ ဘာစာတွေ သင်သလဲ"

**သမီး။** "အတန်းထဲကို စာသင်ဆရာ မလာဘူး"

**မိဘ။** "ဒါဖြင့် အတန်းထဲကို ဘယ်သူ လာသလဲ"

**သမီး။** "ကျောင်းအုပ်ဆရာကြီး လာတယ်"

**မိဘ။** "ကျောင်းအုပ် ဆရာကြီးက သမီးတို့ကို ဘာစာတွေ သင်ပေးသလဲ"

**သမီး။** "ကျောင်းအုပ် ဆရာကြီးက သမီးတို့ကို ဆူလဲ မဆူဘူး၊ ရိုက်လဲ မရိုက်ဘူး၊ စာလဲ မရေးခိုင်းဘူး၊ စာလဲ မသင်ပြဘူး၊ ဆရာကြီးက သိပ်ကို သဘောကောင်းတာပဲ"။

BURMESE CLASSIC

စာဖတ်သူအပေါင်း ဘဝအမောပြေကြပါစေ

မောင်ဝေဦး



www.burmeseclassic.com